# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပို့တွဲလဆန်း (၁)ရက် ၊ စနေနေ့ ၊ (10-2-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၈၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အငြိမ်းစားဝန်ထမ်းဟောင်းများ ဖူးမြော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မကွေးတိုင်းဒေသကြီး မကွေးမြို့မှ ဌာနအသီးသီးရှိ အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် ကြီးကြပ်သူများ စုစုပေါင်း ၄၇ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီများ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများစည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို

စာမျက်နှာ ၁၉ ကော်လံ ၁ ☞




ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်
အယ်ဒီတာ့အာဘော်

# ချမ်းအေးရာသီ ထမနဲပွဲ လမြတ်တပို့တွဲ

တပို့တွဲလသည် မြန်မာလများတွင် ဆယ့်တစ်လမြောက်လဖြစ်သည်။ ဆောင်းဥတု၏ နောက်ဆုံးအချိန်ပိုင်းဖြစ်၍ အလွန်ချမ်းအေးသော လတစ်လဖြစ်သည်။ နှာရည်များယိုထွက်လာအောင်၊ နှင်းရည်များ စိုစွတ်နေအောင် အေးမြလှသောကြောင့် နှာရည်ယိုရွဲ တပို့တွဲဟု ရှေးမြန်မာတို့ မှတ်သားထားကြသည်။ တပို့တွဲလသည် ဗေဒင်အခေါ်အားဖြင့် ကုံရာသီဟုခေါ်သည်။ ရာသီရုပ်မှာ နံ့သာရေပြည့်အိုးထမ်းထားသော လုလင်ပျိုရုပ်ဖြစ်၍ ရာသီပန်းမှာ ပေါက်ပွင့်၊ လဲပွင့်၊ လက်ပံပွင့်၊ ဆူးပန်းပွင့်တို့ဖြစ်ကြသည်။

တပို့တွဲဟူသောအမည်သည် ထန်းလုပ်ငန်းအကြောင်းခံ၍ ခေါ်သောအမည်ဖြစ်သည်။ ထန်းပင်တွင် ထန်းပို့များတွဲကျသောလဖြစ်၍ ထန်းပို့တွဲဟုခေါ်ရာမှ တပို့တွဲဟု ရွေ့လျောလာကြောင်း မှတ်သားရသည်။ ဤလတွင် မီးဖုန်းပွဲ၊ ထမနဲပွဲတို့ကို ရာသီပွဲအဖြစ် ကျင်းပကြလေ့ရှိသည်။ ဘာသာရေးအရ ထင်ရှားလှသည့်အခါတော်နေ့မှာ သြဝါဒပါတိမောက် အခါတော်နေ့ဖြစ်ပြီး ထူးမြတ်သည့်နေ့၊ ကြည်ညိုဖွယ်ရာလက္ခဏာများလွှမ်းခြုံသည့် မင်္ဂလာကျက်သရေနှင့်ပြည့်စုံသည့်နေ့တစ်နေ့အဖြစ် ထင်ရှားလှသည်။

တပို့တွဲလ၏ ရာသီပွဲတစ်ခုမှာ မီးဖုန်းပွဲဖြစ်သည်။ အလွန်ချမ်းအေးသောလဖြစ်၍ ဘုရားရှင်နှင့် သံဃာတော်တို့ကို ထင်းနှင့် မီးအိုးကင်းများလှူသည့်မီးဖုန်းပွဲကို တပို့တွဲလရောက်တိုင်း ရှေးမြန်မာများကျင်းပလေ့ရှိသည်။ ချမ်းအေးလှသော အချိန်အခါဖြစ်သဖြင့် မီးမယ်ဖျူး(မီးလင်းဖို)တွင် ဘုရားရှင်ရွှေလက်တော်များ မီးရှိန်ခံတော်မူကာ အချမ်းဒဏ်ကိုကာကွယ်ခဲ့သည့်အထိမ်းအမှတ်အဓိပ္ပာယ်ဖြင့် နံ့သာထင်းများမီးရှို့ပူဇော်ကြသည့် မီးဖုန်းပွဲကို ဘုရားစေတီများ၌ ကျင်းပပူဇော်ခဲ့ကြခြင်းဖြစ်သည်။

ယခုခေတ်တွင် မီးဖုန်းပွဲများ ကျင်းပမှုမရှိတော့သလောက်ဖြစ်သွားသော်လည်း တပို့တွဲလ၏ ရာသီပွဲအဖြစ် ထမနဲပွဲများ တပျော်တပါးကျင်းပနေဆဲဖြစ်သည်။ ထမနဲအတွက် ပါဝင်ပစ္စည်းများကို ဒယ်ကြီးများတွင်ထည့်၍ အားကောင်းမောင်းသန်ယောကျ်ားကြီးများက ယောက်မကြီးများဖြင့် မွှေကာထမနဲထိုးနေပြီး ဘေးဘီမှ ဝိုင်းဖွဲ့အားပေးနေသော မြင်ကွင်းမျိုးသည် ရှေးယခင်ကာလမှ ယနေ့ခေတ်ထိရှိနေဆဲဖြစ်သော တပို့တွဲလရာသီပွဲတော်တစ်ခုပင်ဖြစ်သည်။ ယခုခေတ်တွင် ဝန်ကြီးဌာနအလိုက်ရုံးများ၊ အသင်းအဖွဲ့များ၊ တိုင်းစစ်ဌာနချုပ်အလိုက် ထမနဲထိုးပြိုင်ပွဲများ တပျော်တပါးကျင်းပပြီး ဘုရားကပ်လှူ၊ အများသူငါဝေငှ၊ ဆုရရှိသည့်အသင်းများ ဆုချီးမြှင့်ကြမှုမှာ တပို့တွဲလ၏ ကုသိုလ်ရေးနှင့် တွဲဖက်ဖော်ဆောင်နေသော ရိုးရာဓလေ့ပွဲတော်ဖြစ်ပါသည်။

တပို့တွဲလ၏ ဘာသာရေးအရ ထူးမြတ်သောနေ့တစ်နေ့မှာ တပို့တွဲလပြည့်နေ့ သြဝါဒပါတိမောက်အခါတော်နေ့ပင်ဖြစ်သည်။ ဘုရားရှင်သည် တပည့်ရဟန်းတော်များကို ဝိနည်းသိက္ခာပုဒ်များ မပြဋ္ဌာန်းမီ ဤသြဝါဒဒေသနာကို ဟောကြားဆုံးမခြင်းဖြင့် ရဟန်းတော်များ ယဉ်ကျေးလိမ္မာတော်မူစေခဲ့ပြီး လူပုဂ္ဂိုလ်တို့လည်း လိုက်နာကျင့်သုံးခြင်းဖြင့် ဘဝကိုငြိမ်းအေးချမ်းသာစေမည်ဖြစ်ပါသည်။ မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များအနက် တပို့တွဲလ ထမနဲပွဲတော်များသည် ချမ်းအေးလှသောရာသီဥတုနှင့် လိုက်ဖက်ညီသည့် ရိုးရာဓလေ့ပွဲတော်ဖြစ်ပါသည်။ ထမနဲများထိုး၍ မြတ်စွာဘုရားနှင့် သံဃာတော်များအားလှူဒါန်းခြင်း၊ အချင်းချင်းဝေငှလက်ဆောင်ပေးခြင်းသည် ကုသိုလ်လည်းရ ဝမ်းလည်းဝစေသော လောကီလောကုတ် နှစ်ဖြာအကျိုးတို့ ရရှိစေသည့် ရိုးရာဓလေ့ပွဲတော်ဖြစ်ပါသည်။ ဤသို့ အစဉ်အလာမင်္ဂလာနှင့်ပြည့်စုံသော မြန်မာ့ရိုးရာဓလေ့ပွဲတော်များကို အရှည်တည်တံ့ခိုင်မြဲအောင် မြန်မာလူမျိုးတို့ ထိန်းသိမ်းဖော်ဆောင်ရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# မန္တလေးဈေးကွက်အတွင်း မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေး ဈေးကွက်အတွင်း မြစ်သားဘက်မှ ထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီများ ဆက်တိုက်အဝယ်လိုက်လျက်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ကြက်သွန်နီများကို ဝယ်ယူမှုများပြားလျက်ရှိကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ အခုလက်ရှိ မြစ်သားဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ကုန်သည်တွေ တော်တော်များများ ဝယ်ယူနေကြတယ်။ ပြည်တွင်းဈေးကွက်ထဲမှာ မြစ်သားဘက်ကထွက်တဲ့ ကြက်သွန်နီတွေ အခုလတ်တလော အရောင်းအဝယ် ပြန်ကောင်းလာပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဖေဖော်ဝါရီ ၈ ရက် ပေါက်ဈေးအရ မြစ်သားဘက်မှ ထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲ အဝင်များတဲ့အထဲမှာ မြစ်သားအပြင် တောင်သာနဲ့မြင်းခြံဘက်ကထွက်တဲ့ ကြက်သွန်နီတွေလဲပါပါတယ်။ မြစ်သားကထွက်တဲ့ ကြက်သွန်နီကတော့ မန္တလေးဈေးကွက်ထဲ အရောင်းအဝယ် အကောင်းဆုံးအနေ အထားမှာရှိတယ်။ မြင်းခြံနဲ့ တောင်သာဘက်ကထွက်တဲ့ ကြက်သွန်နီတွေလဲ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်"ဟုဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးဈေးချိုတော်တွင် စားသောက်ကုန်၊ အဝတ်အထည်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများ အရောင်းအဝယ်ကောင်းလျက်ရှိ



**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေး ဈေးချိုတော်တွင် စားသောက်ကုန်၊ အဝတ်အထည်၊ လူသုံးကုန်နှင့်အလှကုန်ပစ္စည်းများ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း မန္တလေးဈေးချိုတော်ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြ၍ သိရသည်။

မန္တလေး ဈေးချိုတော်တွင် စားသောက်ကုန်၊ အဝတ်အထည်၊ လူသုံးကုန်၊ တိုင်းရင်းဆေးဝါးများ အပါအဝင် အခြားကုန်ပစ္စည်းအမျိုးမျိုးကို လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချပေးနေကြောင်း၊ ထိုသို့ ရောင်းချပေးရာ မန္တလေး ဈေးချိုတော်တွင် ဖေဖော်ဝါရီ ပထမပတ်မှစ၍ စားသောက်ကုန်၊ အဝတ်အထည်၊ လူသုံးကုန်နှင့်အလှကုန်ပစ္စည်းများ အရောင်းအဝယ် ကောင်းလာကြောင်း သိရသည်။

"အခု ဈေးချိုတော်မှာ ကုန်ခြောက်တွေဖြစ်တဲ့ ငါးခြောက်၊ ကုလားပဲ၊ ငရုတ်သီး စတာတွေအပြင် စားသောက်ကုန်ပစ္စည်းတွေနဲ့ လူသုံးကုန်ပစ္စည်းတွေ ပြန်ပြီးတော့ အရောင်းအဝယ် ဖြစ်လာတယ်။ လတ်တလော အဝတ်အထည်နဲ့စားသောက်ကုန်တွေကတော့ အရောင်းအဝယ် အကောင်းဆုံးအနေအထားမှာ ရှိနေပါတယ်။ လူသုံးကုန်နဲ့အလှကုန်ကတော့ ဒုတိယရောင်းအားအကောင်းဆုံး ကုန်စည်တွေပဲဖြစ်ပါတယ်"ဟု ဦးအောင်မြင့်သိန်းက ပြောပြသည်။

မန္တလေး ဈေးချိုတော်တွင် စားသောက်ကုန်၊ အဝတ်အထည်၊ လူသုံးကုန်၊ အလှကုန်၊ တိုင်းရင်းဆေးဝါး၊ ရွှေထည်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းလျက်ရှိသည့် ဈေးဆိုင်ခန်းပေါင်း ၃၀၀၀ ကျော်ရှိကြောင်း သိရသည်။ (၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် အရောင်းအဝယ်များ သိသိသာသာ မြင့်တက်လာခြင်းမရှိသေးသော်လည်း စလစ်မြေ၊ ဂရန်မြေများကို ပို၍ စိတ်ဝင်စားမှုများလာပြီး အမည်ပေါက်ဂရန်မြေများ ဝယ်ယူမှုများရှိနေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် အိမ်ခြံမြေများအရောင်းအဝယ်များကို အွန်လိုင်းမှတစ်ဆင့် ပြုလုပ်လာခြင်းကြောင့် အရောင်းအဝယ်ဖြစ်မှုနှင့်ငှားရမ်းမှုများ မြင့်တက်လာပြီး အရောင်းအဝယ်ပိုင်းထက် အငှားဈေးကွက် ပို၍သွက်နေကြောင်း၊ အငှားဈေးကွက်တွင်လည်း လူနေထိုင်မှုနှင့်ဆိုင်ခန်းဖွင့်လှစ်ရန် ကောင်းမွန်သည့် လမ်းမကြီးများပေါ်ရှိ အဆောက်အအုံပါနေရာများ၊ ဈေး၊ ကျောင်းနှင့်နီးသော ရပ်ကွက်များ၌ ပို၍ အငှားလိုက်နေကြောင်း သိရသည်။

"အခုအချိန်ထိ ဝယ်မဲ့သူတွေက ဈေးထပ်ကျအုံးမလား မျှော်လင့်ချက်နဲ့ စောင့်နေကြပြီး ဝယ်ယူမှုတွေ တုံ့ဆိုင်းနေပါတယ်။ ဆောက်လုပ်ရေး လုပ်ငန်းတွေ ကျဆင်းနေတာကြောင့် အိမ်ခြံမြေ အရောင်းအဝယ် ပျောက်နေတာတော်တော်ကြာနေပါပြီ"ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးအောင်အောင်က ပြောပြသည်။

ဂရန်မြေကွက် ဈေးနှုန်းများအနေဖြင့် ပေ (၄၀×၆၀) မြေကွက်များတွင် ငွေကျပ်သိန်း ၉၀၀ ခန့်မှ သိန်း ၄၅၀၀ ခန့်ပေါက်ဈေးရှိနေပြီး အချို့သော မြေကွက်များတွင် မြေနေရာ ကျယ်ဝန်းမှု၊ နေရာအချက်အချာကျမှု၊ လမ်းမတန်းများနှင့်မူလအမည်ပေါက် စသည့် အချက်အလက်များအပေါ် မူတည်၍ ဈေးနှုန်းကွာခြားချက်များရှိရာ ငွေကျပ်သိန်းသောင်းဂဏန်းပိုင်းထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ငှားရမ်းမှုဈေးနှုန်းများအနေဖြင့် တစ်လလျှင် ငွေကျပ် ၇၀၀၀၀ မှ ၅၀၀၀၀၀ ခန့်ရှိနေပြီး တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ ခန့် ဈေးတန်းရှိ အိမ်ခန်းများ၊ လုံးချင်းနေအိမ်များကို ငှားရမ်းမှု အများဆုံးဖြစ်ကြောင်း သိရသည်။

မြို့တွင်းပိုင်း၌ ၇၃ လမ်းမတန်း (လမ်း ၃၀ မှ မန္တလေးတက္ကသိုလ် အနီးဝန်းကျင်ရပ်ကွက်များ)၊ ဆေးတက္ကသိုလ်အနီးဝန်းကျင် ရပ်ကွက်များ၊ မင်္ဂလာမန္တလေးအနီးဝန်းကျင် ရပ်ကွက်များ၊ ၆၂ လမ်းမတန်း (မနော်ဟရီလမ်းမှ ၁၉ လမ်း)၊ ၃၅ လမ်းမတန်း (၆၂ လမ်းမှ ၈၄ လမ်း)၊ လမ်း ၃၀ (၈၄ လမ်းမှ ၆၂ လမ်း)၊ ဘူတာကြီးအနီး တိုက်ခန်းများတွင် ငှားရမ်းလိုမှု အများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း ဦးအောင်အောင်ထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တန့်ယန်းမြို့နယ် ဟိုမွမ်းကျေးရွာ၌ ဆင့်မအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တန့်ယန်း ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဟိုမွမ်းကျေးရွာနှင့် ဆွတ်မွမ်းကျေးရွာအတွက် ဆင့်မအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက ဟိုမွမ်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း၊ ရရှိလာသော မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ပြန်ဆပ်ရမည့် ကာလတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဟိုမွမ်းကျေးရွာနှင့် ဆွတ်မွမ်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၇ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**

## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

# ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၄၇၉၉ ဧက စိုက်ပျိုးပြီးစီး



**ရမည်းသင်း ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၄၇၉၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၄၇၉၉ ဧကကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ တတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ကုလားပဲ ၄၇၉၉ ဧက စိုက်ပျိုးခဲ့ပါတယ်။ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးပါတယ်။ ကုလားပဲစိုက်တောင်သူတွေရဲ့ စိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့နဲ့ ပေါင်းမြက်တွေ ကင်းရှင်းစေဖို့အတွက်လဲ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေက တောင်သူတွေ စိုက်ပျိုးထားရှိတဲ့ စိုက်ခင်းတွေထိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးတာတွေရှိပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ကုလားပဲစိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲစိုက်ဧကလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ကုလားပဲ စိုက်ပျိုးရာတွင် တောင်သူများက သီးသန့်စိုက်ပျိုးခြင်းများရှိသကဲ့သို့ နေကြာနှင့်လည်း သီးညှပ်အဖြစ် စိုက်ပျိုးခြင်းများလည်းရှိကြောင်း သိရသည်။

(၁၈၅)

# မလှိုင်မြို့နယ် သဘွတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေထွက်ကျေးရွာအုပ်စု သဘွတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၂ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ပြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သဘွတ်ကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၆ ဦးကို ငွေကျပ် ၄၃ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၃ ဒသမ ၈၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၄ ဒသမ ၆ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၉ ဦးကို ငွေကျပ် ၆၂ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။ **ဟိန်းထက်မိုး(မလှိုင်)**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပို့ခဲ့သည့် ဇန်နဝါရီလအတွင်း တီလားဗီးယားငါးပိသာချိန် ၅၈၀၀၀ တင်ပို့ရောင်းချခဲ့ရ

**ကျိုက်လတ် ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပို့ခဲ့သည့် ဇန်နဝါရီလအတွင်း တီလားဗီးယားငါးပိသာချိန် ၅၈၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဦးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်များသည် ဒေသထွက်ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်းက ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တီလားဗီးယားငါးပိသာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချခဲ့ရပြီး ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ တီလားဗီးယားငါးပိသာချိန် ၅၈၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်က ဈေးကောင်းလဲရသလို တင်ပို့ရောင်းချရတာလဲ အစစအရာရာ လမ်းကြောင်းဖြောင့်ပါတယ်။ လက်ရှိလဲ တီလားဗီးယားငါးတွေ ဝယ်ယူမှုအားကောင်းနေပါတယ်။ အရင်လတွေကထက် ဇန်နဝါရီလမှာ တီလားဗီးယားငါးပိသာချိန်တော်တော်များများ တင်ပို့ရောင်းချခဲ့ရတယ်။ ငါးပိသာချိန်များများ တင်ပို့ရောင်းချခဲ့ရတာကြောင့် ရေးလုပ်ငန်းရှင်တွေနဲ့ ကုန်သည်တွေပါ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပိုင်ရှင် ဒေါ်တင်တင်ဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် မွေးမြူသည့် တီလားဗီးယားငါးနှင့် သဘာဝအတိုင်း ဖမ်းဆီးရရှိသည့် တီလားဗီးယားငါးများ ထွက်ရှိကြောင်း၊ အဆိုပါ တီလားဗီးယားငါး သက်တမ်းသည် နှစ်လ ၁၅ ရက် သို့မဟုတ် သုံးလခန့်မွေးမြူရကြောင်း၊ အဆိုပါ ငါးပိ တစ်ပိသာလျှင် ငွေကျပ် ၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# လက်တွေ့အသုံးချဆေးနည်းတိုု(ဆေးမြီးတို)များ (၁၉၆)

ကြည်လွင်မြင့်(မုံရွာ)

**မေး ။ ။ ဆရာရှင့် ကျွန်မရဲ့သားလေးက အသက်ငါးနှစ်ပါ။ ပြီးခဲ့တဲ့တနင်္ဂနွေနေ့ကစပြီး အုံးလွဲတာလို့ ထင်ပါတယ်။ ဗိုက်ကဖောင်းပြီး လည်ချောင်းနာဖြစ်နေတာ၊ မနက်ကတော့ ပြန်တည့်သွားလို့ ဝမ်းသာနေတုန်းရှိသေးတယ် ညနေကျတော့ ဗိုက်ကြီးပြန်ဖောင်းနေလို့ပါ။ ဆေးလဲလိမ်းပေးပါတယ်။ နှိပ်မပေးရဲဖြစ်နေလို့ပါ ဆရာ။ ဖုန်းကြည့်တာတော့ များတယ် ဆရာ။ အာရုံကြောလဲ တစ်ခုခုဖြစ်နေမှာ စိုးရိမ်လို့ပါ။ ကျွန်မတို့က ရန်ကုန်က ဆိုတော့ လာလို့လဲမရလို့ပါ ဆရာ။**

ဖြေ ။ ။ ငါးနှစ်သားလေးက နုနယ်ပါတယ်။ လိမ်းဆေးအပူတွေ သိပ်မလိမ်းပါနဲ့။ ရှိုးရှိုးမုန်ညင်းဆီထဲမှာ ကွမ်းရွက်ခြေထည့်ပြီး မီးနဲ့ချက်ထားတာကို ခပ်နွေးနွေးလေး လိမ်းပေးပါ။ မနှိပ်ပါနဲ့။ စိမ့်ဝင်အောင် ခပ်ဖိဖိလေးလိမ်းပေးရင် ရပါတယ်။

**မေး ။ ။ ဆရာ ကျွန်မညာဘက်ခြေမ ခြေသည်းစွံက အနည်းငယ်နာပြီး နှစ်လ၊ သုံးလလောက်မှာ ခြေသည်းတစ်ခုလုံးကျွတ်သွားပါတယ်ရှင့်။ ခြေသည်းစွံအသစ်ပြန်ထွက်လာတော့ ဘေးဘက်က ဟနေပါတယ်။ အခုအသစ်ထွက်တဲ့ ခြေသည်းကလဲ ကျွတ်သွားပြီး ခြေသည်းစွံနေရာမှာ အသားမာလို မညီမညာဖြစ်ကျန်ခဲ့ပါတယ်။ အဲဒီလို ဘာကြောင့်ဖြစ်တာလဲနဲ့ ဘယ်လိုကုသလို့ရမလဲဆိုတာ သိပါရစေ ဆရာကြီးရှင့်။**

ဖြေ ။ ။ သံလွင်ဆီလိမ်းပေးပါ။ အသားမာကဖီးကြမ်းငှက်ပျောသီးအခွံကပ်ပြီး ပတ်တီးစည်းထားပေးရင် ပျောက်ပါတယ်။ ခုနစ်ရက်လောက်တော့ ကပ်ရပါတယ်။ ငှက်ပျောခွံက အသားအနှစ်ဘက်က ကပ်ရမှာပါ။

**မေး ။ ။ ညဘက်အိပ်တိုင်း အမြဲရေဆာပါတယ်။ တစ်ရေးနိုးလဲရေဆာပါတယ်။ အာခေါင်တွေ တအားခြောက်တဲ့ထိကို ရေဆာတာပါ။ အိပ်နေချိန် ဆီးလဲဏာဏာသွားချင်ပါတယ်။ ရေသောက်နည်းတာလဲပါပါတယ်။ ရေသောက်ချင်စိတ်လဲမရှိပါဘူး။ မသောက်ချင်လို့မသောက်ဘဲထားလိုက်ရင်လဲ အာခေါင်တွေ၊ လည်ပင်းတွေ ခြောက်လာပါတယ်။ ရေသောက်နည်းလို့ ဖြစ်တာလားရှင့်။ တစ်ခါတလေတော့ သတိထားပြီး သောက်ပါတယ်။ မနက်အိပ်ရာထရင်လဲ အာခေါင်တွေခြောက်ပြီး ဆီးတွေ တအားသွားချင်နေတာပါ။ ဘာရောဂါလက္ခဏာလဲရှင့်။**

ဖြေ ။ ။ လေပူရှိတဲ့လက္ခဏာပါ။ အအေးနဲ့အချိုရည်၊ ရေခဲရေအသောက်များတဲ့သူတွေမှာဖြစ်တတ်ပါတယ်။ အသက်ကြီးတဲ့သူတွေမှာတော့ ဆီးချိုဖြစ်ချင်တဲ့လက္ခဏာပါ။ ရေခဲသေတ္တာထဲထည့်ထားတဲ့ အစာတွေ ရှောင်ပေးပါ။ သဘာဝလတ်ဆတ်တဲ့အစာကို စားပါ။ လေပူထသက်သာအောင် ညနေဘက်မှာ မန်ကျည်းဖျော်ရည်သောက်ပေးပါ။ ထမင်းစားပြီးတိုင်း ဖီးကြမ်းငှက်ပျောသီးမှည့် တစ်လုံး၊ နှစ်လုံးစားပေးရင် လေပူထတာသက်သာပါတယ်။ ညအိပ်ရာဝင် ရှောက်ရည်နဲ့ ပျားရည်စပ်သောက်ပေးပါ။ လေပူထသက်သာပြီး အိပ်ပျော်စေပါတယ်။

**မေး ။ ။ ညအိပ်ရင်း ကြွက်တက်တာ ဘယ်လိုလုပ်ရမလဲဆရာ။**

ဖြေ ။ ။ ဆားနှင်းပါ။ ခြေနှစ်ဖက်ဝင်ဆံ့တဲ့ ပလတ်စတစ်ဇလုံကြီးတစ်လုံးထဲမှာ ဆား(အိမ်သုံးဆား)နှစ်ပိဿာထည့်ပါ။ အိပ်ရာမဝင်ခင်ခြေဆေးပါ။ ဒူးအထက်ကနေလောင်းဆေးပါ။ ပြီးရင် ဆားထည့်ထားတဲ့ဇလုံထဲ ခြေနှစ်ဖက်လုံးချပြီး ဘယ်၊ ညာနင်းပေးပါ။ မိနစ် ၂၀ လောက်နင်းရင် အပူတွေ အပေါ်ကအောက်ကိုဆင်းပြီး ခြေဖဝါးတွေပူလာပါလိမ့်မယ်။ နာရီဝက် အလွန်ဆုံးနင်းနိုင်ပါတယ်။ ပြီးရင် ခြေနှစ်ဖက်လုံး ရေပြန်ဆေးပါ။ ရေအေးနဲ့ပဲ ဆေးပါ။ ခြေထောက်ကို ရေပြောင်အောင်သုတ်တဲ့အခါ အခိုးတွေထွက်နေတာ တွေ့ရပါလိမ့်မယ်။ ခုနစ်ရက်လောက်နင်းပြီးတဲ့အခါ ကြွက်တက်တာ ပျောက်သွားတာ တွေ့ရပါလိမ့်မယ်။ နောက်ပိုင်းတော့ သုံးရက်ကို တစ်ကြိမ်လောက်နင်းရင် ရပါပြီ။ တစ်လကြာမှ ဆားကို အသစ်လဲပါ။ မုန်ညင်းဆီထဲမှာ ကွမ်းရွက်ခြေထည့်ပြီး မီးနဲ့ချက်ပါ။ အဲဒီဆီကို ခပ်နွေးနွေး တံကောက်ကွေးမှာ လိမ်းအိပ်ရင်လဲ ကြွက်တက်တာကို သက်သာစေပါတယ်။

**မေး ။ ။ ကျွန်တော်က အသက် ၆၅ နှစ်ပင်စင်စားတစ်ယောက်ပါ။ ဒူးနာရောဂါရှိပါတယ်။ ဂေါက်ရောဂါဖြစ်တယ်ထင်လို့ ဓာတ်ခွဲခန်းသွားပြီး သွေးစစ်ကြည့်တော့လဲ** Uric Acid **က ပုံမှန်ပဲလို့ ပြောပါတယ်။ အရိုးပွရောဂါဖြစ်နိုင်တယ်။ အထူးကုဆရာဝန်ပြပါလို့ ပြောပါတယ်။ ကျွန်တော်အရင်က ဝန်ထမ်းအိမ်ရာနေတော့ လေကားအဆင်း၊ အတက်မရှိပါဘူး။ ပင်စင်ယူပြီးတော့ သမီးအိမ်လိုက်နေတော့ သုံးထပ်တက်ရပါတယ်။ တဖြည်းဖြည်းဒူးနာလာလို့ အတက်၊ အဆင်း သိပ်မလုပ်နိုင်တော့ပါ။ ဒူးနာသက်သာစေမဲ့ ဆေးနည်းကောင်းတွေရှိရင် မျှဝေပေးစေလိုပါတယ်။**

ဖြေ ။ ။ ဒူးနာရောဂါအတွက် ဆေးနည်းတိုတွေ ဖော်ပြပေးလိုက်ပါတယ်။

- မုန်ညင်းဆီ ငါးကျပ်သားမှာ ချင်းတက်လက်နှစ်ဆစ်လောက် ထုထောင်းထည့်ပြီး မီးနဲ့ ဆူအောင်ချက်ပါ။ အဲဒီဆီကို ဒူးထဲစိမ့်ဝင်အောင် တစ်နေ့နှစ်ကြိမ် လိမ်းပေးပါ။
- ကိုယ်ရံကြီးဂမုန်းရွက်ကိုမီးကင်ဆီသုတ်ပြီး ဒူးမှာပတ်ပါ။ အပေါ်ကနေ အဝတ်ဒါမှမဟုတ် ပတ်တီးနဲ့စည်းထားပါ။ နှစ်နာရီစည်းပြီးရင်ဖြေပါ။ ဆေးစည်းပြီးယားရင် သနပ်ခါးနဲ့ဆားကို ရောသွေးပြီး လိမ်းပါ။
- သဘော်ရွက်ကို ပျော့အောင်ရေနွေးခဏစိမ်ပါ။ ဒူးမှာပတ်ပြီး ပတ်တီးစည်းထားပါ။ ညအိပ်ရာဝင်စည်းပြီး မနက်အိပ်ရာထမှ ဖြေပါ။ ၁၄ ရက် မှန်မှန်စည်းပါ။ ဒူးကျိုးပေါင်းတက်ရောဂါ ပျောက်ပါတယ်။
- ချဉ်ပေါင်ရွက်ရိုးနီကို ပျော့အောင်ပြုတ်ပြီး ဇရက်ဆုံမှာ ညက်အောင်ထောင်းပါ။ ဒူးမှာအုံပြီးစည်းပေးရင် ဒူးကြီးရောဂါပျောက်ပါတယ်။
- တာဒံရွက်အနုကို မီးကင်ပြီး ဒူးမှာကပ်ပါ။ ပြီးရင်ဒူးစွပ်စွပ်ထားပါက ဒူးနာသက်သာပြီး လမ်းသွားနိုင်ပါတယ်။
- ပဲနီသာကို ညက်အောင်ထောင်းပြီး ရေနဲ့ဖျော်ပါ။ ဒူးပေါ်မှာအုံပြီးစည်းထားရင် ဒူးကိုက်ရောဂါပျောက်ပါတယ်။
- ကြက်ဆူရိုးနီပင်အရွက်ကို ရေနွေးစိမ်ပြီးထောင်းပါ။ ဒူးနဲ့ တံကောက်အောက်မှာ အုံပြီးစည်းရင် ကွေးဆန့်မရတဲ့ ဒူးအဆစ်ကျပ်ရောဂါပျောက်ကင်းပါတယ်။
- သံပရာသီးငါးလုံးကို ရေခန်းပြုတ်ပါ။ အထဲက အစေ့တွေကိုထုတ်ပြီး ညက်အောင်ထောင်းပါ။ ပြီးရင်နနွင်းမှုန့်နဲ့ရောနယ်ပြီး ဒူးမှာအုံစည်းပေးပါက ဒူးနာ၊ ဒူးကျိုးပေါင်း ရောဂါသက်သာပါတယ်။

ဒူးနာအတွက်ဓာတ်စာ-

- ပဲရာဇာ(ပဲနီကလေး)ဟင်းချိုကို နေ့စဉ်စားသုံးပေးရင် အကြောအချဉ်ပေါ့ပါးပြီး ဒူးနာသက်သာစေပါတယ်။
- ရှောက်ရွက်ကို နေ့စဉ်စားပေးရင် ဒူးနာသက်သာစေပါတယ်။
- မုန်လာဥနီ(ခါကြက်ဥ)ကို ထောင်းပြီး အရည်ညှစ်ယူပါ။ အဲဒီအရည်ကို သကြားနဲ့ဖျော်သောက်ရင် ဒူးနာသက်သာစေပါတယ်။
- ကုန်းကန်စွန်းရိုးနီကို ကြော်စားရင် ဒူးနာသက်သာစေပါတယ်။
- ဖရဲသီးများများစားရင် ဒူးနာသက်သာစေပါတယ်။
- အုန်းသီးအနုအရည်(အုန်းစိမ်းရည်)ကို နေ့စဉ်သောက်ပေးရင် ဒူးနာသက်သာစေပါတယ်။
- ချင်းကို ရှောက်ရည်ဆမ်းပြီး ချင်းသုပ်ပြုလုပ်စားရင် ဒူးနာသက်သာစေပါတယ်။
- ဥသျှစ်သီးမှည့် နေ့စဉ်စားပေးရင် အသက်ကြီးလို့ဖြစ်တဲ့ ဒူးကြီးနာကို သက်သာစေပါတယ်။
- မြန်မာကုက္ကိုပင်ရဲ့အရွက်နုကို အသုပ်ပြုလုပ်စားရင် ဒူးနာသက်သာစေတယ်။
- ငါးကြင်းခေါင်းချက်စားရင် ဒူးနာသက်သာစေတယ်လို့ ယောအတွင်းဝန် ဦးဘိုးလှိုင်၏(ဥတုဘောဇနသင်္ဂဟကျမ်း) (အသားအမျိုးမျိုးတို့၏ ဂုဏ်ကိုပြဆိုခြင်းကဏ္ဍ) ငါးကြင်းအကြောင်းမှာ ဖတ်ရှုရပါတယ်။

**မေး ။ ။ မင်္ဂလာပါဆရာကြီးရှင့် လည်ပင်းကြီးတာ ဘာဆေးလိမ်းရမလဲ။**

ဖြေ ။ ။ ကျားမနိုင်မြစ် သွေးလိမ်းပါ။ ပရဆေးဆိုင်တွေမှာ မေးဝယ်ပါ။


**မေး ။ ။ လေတွေ၊ လေချဉ်တွေ တအားတက်ပါတယ်။ ရင်တွေလဲပူပါတယ်။ အစာအိမ်အက်ဆစ်များသလိုဖြစ်နေပါတယ်။ ချဉ်တဲ့အရာတွေစားမိရင် ပိုပြီးရင်ပူပါတယ်။ ဝမ်းဗိုက်ပူပါတယ်။ ဒိန်ချဉ်၊ မန်ကျည်းဖျော်ရည်သောက်ရင်လဲ ရင်ပူပါတယ်။ ဝမ်းဗိုက်ပူစပ်စပ်ကြီးဖြစ်ပါတယ်။ ဆရာဝန်ပြကြည့်တော့လဲ အစာအိမ်အေးချဉ်ပြန်ရောဂါ၊ အစာအိမ်အက်စစ်ဓာတ်များပြီး အပေါ်ကိုဆန်တက်တာလို့ပြောပါတယ်။ အင်္ဂလိပ်ဆေးတွေသောက်တာလဲ သောက်တုန်းပဲသက်သာပါတယ်။ ဆေးဖြတ်ရင် မသက်သာပါဘူးခင်ဗျာ။ လေတွေတအားတက်၊ လေချဉ်တွေတက်၊ ရင်ပူ၊ ဝမ်းဗိုက်ပူတာ၊ လည်ပင်းတစ်ဆို့ဆို့ဖြစ်တာ လေပူကျဆေးသောက်လို့ရလားခင်ဗျာ။ ဘယ်လိုဆေးမျိုးကို သောက်သုံးရမလဲဆိုတာ ဖြေကြားပေးပါခင်ဗျာ။**

ဖြေ ။ ။ အစာအိမ်အချဉ်ပေါက်၊ လေချဉ်တက်ဖြစ်ရင် အစာမစားဘဲ ဆန်ပြုတ်ပဲ သောက်ပါ။ သုံးရက်ဆက်သောက်ပါ။ ပဲနဲ့ ကြက်ဥ စားလို့ရပါတယ်။ ကြက်သားပြုတ်၊ ငါး စားလို့ရပါတယ်။ ပဲရာဇာ(ပဲနီကလေး)နဲ့ ဆန်ရောပြုတ်သောက်ပါ။ ခြေလေးချောင်းသားရှောင်စားပါ။ အပူ၊ အစပ်၊ အချဉ်၊ အကြွပ်ကြော်ထားတဲ့အစာတွေ မစားရပါ။ ချင်းတက်ကိုထောင်းပြီး အရည်စစ်ယူပါ။ အဲဒီအရည်ကိုတစ်ဇွန်း၊ ပျားရည်တစ်ဇွန်းရောစပ်ပြီး အစာစားပြီးတိုင်းသောက်ပါ။ တစ်နေ့ကို သုံးကြိမ်သောက်ပါ။ ရေအေး၊ ရေခဲရေမသောက်ရပါ။ ရေနွေးကျိုချက်သောက်ပါ။ မုန်ညင်းဆီကို မီးအပူပေးပြီး ဝမ်းဗိုက်ရှိချက်တိုင်ကို လက်ယာရစ်ပြီးလိမ်းပေးရင် လေအောက်ကျပါတယ်။ ဘီစကွတ်၊ ထောပတ်နဲ့လုပ်တဲ့မုန့်တွေ စားလို့ရပါတယ်။ ဖီးကြမ်းငှက်ပျောသီး မီးဖုတ်စားရင်လဲ လေပူနာသက်သာပါတယ်။



ဆေးဖက်ဝင် ကြက်ဆူရိုးနီပင်ကို တွေ့ရစဉ်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပတ်ရထားစီးနင်းသည့်ခရီးသည် တစ်ရက်လျှင် ဦးရေ ၇၀၀၀ ခန့်ထိရှိလာ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပတ်ရထားစီးနင်းသွားလာသည့် ခရီးသည် တစ်ရက်လျှင် ဦးရေ ၇၀၀၀ ခန့်ထိ ရှိလာကြောင်း ရန်ကုန်ဘူတာကြီးမှ ရုံပိုင်ချုပ်ကြီး ဦးသောင်းထိုက်က ပြောပြ၍ သိရသည်။



ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပတ်ရထားစီးနင်းသွားလာသည့် ခရီးသည်အရေအတွက်မှာ ဖေဖော်ဝါရီလပထမပတ်မှ စတင်ကာ များပြားလာပြီး လတ်တလောတွင် မြို့ပတ်ရထား စီးနင်းသွားလာသူ ခရီးသည်အရေအတွက်မှာ တစ်ရက်လျှင် ဦးရေ ၇၀၀၀ ခန့်ထိ ရှိကြောင်း သိရသည်။

"အခုကာလကတော့ ရထားစီးခရီးသည်များလာပါတယ်။ ဒီနှစ် ဖေဖော်ဝါရီလ မတိုင်ခင်က မြို့ပတ်ရထားစီးတဲ့ ခရီးသည် အရေအတွက်ကအယောက် ၅၀၀၀ လောက်ပဲရှိပါတယ်။ အခုကတော့ မြို့တစ်ပတ်ရထားစီးတဲ့ ခရီးသည်က အယောက် ၇၀၀၀ လောက်ရှိပါတယ်။ ရုံးဖွင့်ရက်ဆိုရင် အယောက် ၆၅၀၀ လောက်ရှိပြီး ရုံးပိတ်ရက်ဆိုရင် အယောက် ၇၀၀၀ ဝန်းကျင်လောက် ပုံမှန်ရှိပါတယ်။ ဒါကြောင့် ရုံးတက်၊ ရုံးဆင်းချိန်ဆိုရင်တော့ ရထားကို အခေါက်ရေခပ်စိပ်စိပ် ထွက်ပေးတယ်။ ကျန်တဲ့အချိန်ဆိုရင်တော့ အခေါက်ရေကျဲတယ်" ဟု ရန်ကုန်ဘူတာကြီးမှ ရုံပိုင်ချုပ်ကြီး ဦးသောင်းထိုက်က ပြောပြသည်။

ပြီးခဲ့သည့် ကိုဗစ်ကာလများ မတိုင်မီက ရထားစီးနင်းသူအရေအတွက်မှာ တစ်ရက်လျှင် ဦးရေ ၈၀၀၀၀ ခန့်ရှိခဲ့ပြီး ကိုဗစ်ကာလနောက်ပိုင်းတွင် မြို့ပတ်ရထားဖြင့် စီးနင်းသွားလာသူအရေအတွက်မှာ လျော့ကျခဲ့သော်လည်း ယခုအခါ ပြန်လည်များပြားလာပြီဖြစ်ကြောင်း သိရသည်။

ယခင်က မြို့ပတ်ရထားပြေးဆွဲမှုအနေဖြင့် နေ့စဉ်အခေါက်ရေ ၃၀ ထိ ပြေးဆွဲပေးခဲ့ရာမှ လက်ရှိတွင် အခေါက်ရေ ၂၆ ခေါက်နှုန်း နေ့စဉ်ပြေးဆွဲပေးလျက်ရှိကြောင်း၊ လက်ရှိတွင် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှု လုပ်ငန်းများ ဆောင်ရွက်နေပြီး အဆိုပါမြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှု ပြီးစီးသွားပါက မြန်နှုန်းမြင့်ရထားများအသုံးပြုကာ ရထားစီးခရီးသည် နေ့စဉ် ဦးရေ ၂၄၀၀၀၀ ခန့် သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# နတ်မောက်မြို့နယ် ဈေးသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဈေးသာကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၈ ရက် နေ့လယ်ပိုင်းက အဆိုပါ ကျေးရွာ ရွာဦးဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းထွဋ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၇ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဈေးသာကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၁၆ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၃ ဦးကို ငွေကျပ် ၃၅ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၅ ဒသမ ၇ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၇ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုလက်ရှိတွင် ကျေးရွာ ၄၁ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်ထံမှ သိရသည်။

သူသူ(နတ်မောက်)

## တို့ပြည်ထောင်စု မြန်မာပြည်

\- သွေးချင်းတွေ တည်ထောင်ပြု
ပြည်ထောင်စု နိုင်ငံတော်၊
တိုင်းနှင့်ပြည်နယ် (၁၄)ခု
သွေးစုညီဖော်၊
အရေးကြီး သွေးစည်းသော်
နိုင်ငံတော် ထိပါးမရ၊
ပုဂံရှေ့ဘို သွေးစည်းရုံး
အားလုံးသိကြ။

\- သွေးချင်းတွေ ညီအောင်ပြု
ပြည်ထောင်စု နိုင်ငံတော်၊
ငြိမ်းချမ်းစေ အရေးကြီး
သွေးစည်းဖို့နော်၊
စည်းရုံးလို့ စည်းလုံးသော်
ရွှင်ပြုံးပျော် အေးချမ်း၊
ချစ်ခင်လျှင် ဘေးမခ
အေးမြစိတ်ဝမ်း။

\- သွေးချင်းတွေ ညီနောင်ထု
ပြည်ထောင်စု နိုင်ငံတော်၊
အလံတော် တလွင့်လွင့်
ဝင့်ဝင့်မော်မော်၊
ဂုဏ်ယူတတ် ဂုဏ်လျှံကျော်
အလံတော် ဦးညွှတ်လို့၊
မပြိုကွဲ မယိုင်လဲရာ
ခိုင်မြဲစွာ အနှောင့်မရောက်ရအောင်
(သွေးချင်းတို့ရေ. . .)
စောင့်ရှောက်ကြစို့။

\- ၂၀ ရာစုမှသည်၊
၂၁ အခါသမယ
သာစွရှေ့ပြည်၊
ပေါင်းစုက အကြောင်းတွေညီ
ကောင်းစေမည် မင်္ဂလာတည့်၊
ဘယာဘေးတွေ အလှေးမသန်းလို့
ကဗျာတေးတွေ မွှေးလန်းသမို့
အေးချမ်းနေဘိ။ ။

**ခင်ဖုန်းကြည်(မိုင်းပွန်)**
**စာပေဗိမာန်စာမူဆုရ**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ဂါဇာ၌ အစ္စရေး၏ စစ်ရေးအရတုံ့ပြန်မှု အတိုင်းထက်လွန်ခဲ့ကြောင်း သမ္မတဂျိုးဘိုင်ဒင်ပြောကြား

**ဝါရှင်တန် ဖေဖော်ဝါရီ ၉**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေး၏စစ်ရေးအရတုံ့ပြန်မှုမှာအတိုင်းထက်လွန်ခဲ့ပြီဖြစ်ရာ မိမိအနေဖြင့် ရေရှည်တည်တံ့နိုင်မည့် အပစ်အခတ်ရပ်ဆိုင်းရေးသဘောတူချက် ရယူရန် ကြိုးစားနေကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဖေဖော်ဝါရီ ၈ ရက်တွင် ပြောကြားခဲ့သည်။

ဟားမတ်စ်အုပ်စု၏ အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ငြင်းပယ်ခဲ့ပြီးနောက် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ ဆက်လက်ကျင်းပနိုင်ရန် သံတမန်များက ကြိုးပမ်းနေစဉ်အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ထိုသို့သုံးသပ်ခဲ့ခြင်းဖြစ်သည်။

မိမိအနေဖြင့် လက်ရှိသိထားရသမျှပြောရမည်ဆိုပါက ဂါဇာကမ်းမြောင်၌ အစ္စရေး၏ စစ်ရေးအရတုံ့ပြန်မှုမှာ အတိုင်းထက်လွန်ခဲ့ပြီဖြစ်ကြောင်း သတင်းထောက်များနှင့် တွေ့ဆုံစဉ် သမ္မတဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

သမ္မတဂျိုးဘိုင်ဒင်၏ အဆိုပါဝေဖန်ချက်သည် ဂါဇာကမ်းမြောင်စစ်ပွဲကာလတစ်လျှောက် အစ္စရေးအစိုးရအား အပြင်းထန်ဆုံးဝေဖန်ချက်ဖြစ်သည်။

ဟားမတ်စ်အုပ်စုက အဆိုပြုထားသည့် အပစ်အခတ်ရပ်စဲရေးစည်းမျဉ်းများမှာ အာရုံလှည့်ဖျားမှုများသာဖြစ်ပြီး ဂါဇာစစ်ပွဲကို ဆက်တိုက်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်က ဖေဖော်ဝါရီ ၇ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အစ္စရေးတပ်များသည် ဂါဇာကမ်းမြောင်ဒေသမှ ရာဖာမြို့ကို အပြင်းအထန် ထိုးစစ်ဆင် တိုက်ခိုက်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# ကုလအဖွဲ့တွင် ဟားမတ်စ်အုပ်စုဝင်များရှိနေမှုသတင်းကို ကိုင်တွယ်ဖြေရှင်းမည်ဟု ဂူတာရက်စ် ပြောကြား

**နယူးယောက် ဖေဖော်ဝါရီ ၉**

ကုလသမဂ္ဂ အဖွဲ့အစည်းအတွင်း ဟားမတ်စ်အုပ်စုဝင်များ စိမ့်ဝင်နေမှုနှင့်ပတ်သက်၍ အစ္စရေးနိုင်ငံကပေးမည့် သတင်းအချက်အလက်မှန်သမျှကို အချိန်မဆိုင်းဘဲ ကိုင်တွယ်ဖြေရှင်းမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ယနေ့တွင် ကတိပြုခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၇ ရက်တွင် ဟားမတ်စ်အုပ်စုက အစ္စရေးတောင်ပိုင်းမြို့များကို ဝင်ရောက်တိုက်ခိုက်ရာတွင် ကုလသမဂ္ဂ၏ ပါလက်စတိုင်းအေဂျင်စီမှ ဝန်ထမ်း ၁၂ ဦးလည်း ပါဝင်တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးနိုင်ငံက ပြီးခဲ့သည့်လအတွင်းက စွပ်စွဲခဲ့သည်။

အဆိုပါစွပ်စွဲချက် ထွက်ပေါ်ခဲ့ပြီးနောက် ဟားမတ်စ်အုပ်စုဝင်များအဖြစ်ယူဆရသည့် ဝန်ထမ်းကိုးဦးကို ကုလသမဂ္ဂ၏ ပါလက်စတိုင်းဒုက္ခသည်များအေဂျင်စီမှ ထုတ်ပယ်ခဲ့ကာ ကျန်သုံးဦးအနက် တစ်ဦးမှာ သေဆုံးခဲ့ပြီး အခြားနှစ်ဦးကို ဖော်ထုတ်ရန် ကုလသမဂ္ဂက ကြိုးစားနေဆဲဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့တွင် ဟားမတ်စ်အုပ်စုဝင်များ စိမ့်ဝင်နေကြောင်း အစ္စရေးနိုင်ငံက စွပ်စွဲပြီးနောက် အမေရိကန်နိုင်ငံနှင့် အနောက်အုပ်စုနိုင်ငံ အများအပြားသည် ပါလက်စတိုင်း ဒုက္ခသည်များအေဂျင်စီအတွက် ငွေထောက်ပံ့မှုများ ရပ်ဆိုင်းထားသည်။

ကုလသမဂ္ဂအဖွဲ့အတွင်း ဟားမတ်စ်အုပ်စုဝင်များရှိနေမှုနှင့် ပတ်သက်၍ အစ္စရေးကတင်ပြလာသော မည်သည့်သတင်းမျိုးကိုမဆို မိမိတို့ချက်ချင်း ကိုင်တွယ်တုံ့ပြန်ဖြေရှင်းမည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ပါကစ္စတန်နိုင်ငံလွှတ်တော်ရွေးကောက်ပွဲများ၌ ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို ထောက်ခံသူများဦးဆောင်နေ



**အစ္စလာမ်မာဘတ် ဖေဖော်ဝါရီ ၉**

ဖေဖော်ဝါရီ ၈ ရက်တွင်ကျင်းပခဲ့သည့် ပါကစ္စတန်လွှတ်တော် ရွေးကောက်ပွဲများ၌ ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကိုထောက်ခံသည့်အမတ်လောင်းများက ဦးဆောင်မှုရယူထားကြောင်း သိရသည်။

ဖေဖော်ဝါရီ ၈ ရက်တွင် ပေါ်ထွက်လာသော အမတ်နေရာ ၁၂၂ နေရာ၏ရလဒ်များအရ အီမရန်ခန်းကိုထောက်ခံသူ တစ်သီးပုဂ္ဂလအမတ်လောင်းများက ၄၉ နေရာထိရရှိထားကြောင်း ပါကစ္စတန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဝန်ကြီးချုပ်ဟောင်း နဝပ်ဇ်ရှရစ်ဖ်၏ ပါကစ္စတန်မွတ်စလင်အဖွဲ့ချုပ်ပါတီက ၃၉ နေရာရရှိထားပြီး ပါကစ္စတန်ပြည်သူ့ပါတီက အမတ်နေရာ ၃၀ ထိရရှိထားသည်။

ဖေဖော်ဝါရီ ၈ ရက် လွှတ်တော်ရွေးကောက်ပွဲများတွင် အမတ်နေရာပေါင်း ၂၆၅ နေရာထိရှိနေသည်ဖြစ်ရာ ကျန်မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲရလဒ်များမှာ ယနေ့တွင် ဆက်လက်ထွက်ပေါ်လာဖွယ်ရှိသည်။

အဆိုပါ ရွေးကောက်ပွဲများတွင် မည်သည့်ပါတီကမျှ ပြတ်သားသည့်ရလဒ်မျိုးမရခဲ့ပါက ပါကစ္စတန်နိုင်ငံ၌ ညွန့်ပေါင်းအစိုးရအဖွဲ့ပေါ်ထွက်လာနိုင်သည်။

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်း၏ ပါကစ္စတန်တီရစ်ခ်အီးအင်ဆက်ဖ်ပါတီမှာ ရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ခံထားရသော်လည်း ပါတီကိုယ်စားပြုအမတ်လောင်းများက တစ်သီးပုဂ္ဂလအမတ်လောင်းများအဖြစ်ပြောင်းလဲယှဉ်ပြိုင်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# တရုတ်နိုင်ငံ၌ နှစ်ကူးကာလ ပြည်တွင်းခရီးစဉ်များအတွက် ရထားအစီးရေ စံချိန်တင်ပြေးဆွဲခဲ့ရ

**ပေကျင်း ဖေဖော်ဝါရီ ၉**

တရုတ်နိုင်ငံ၌ နှစ်ကူးအားလပ်ရက်ရာသီကာလ အကြိုနေ့ဖြစ်သည့် ယနေ့တွင် ပြည်တွင်းခရီးစဉ်များ ချောမွေ့ရေးအတွက် ရထားအစီးရေ စံချိန်တင်တိုးချဲ့ပြေးဆွဲပေးနေကြောင်း သိရသည်။

တရုတ်နိုင်ငံတစ်ဝန်း ရထားလမ်းကွန်ရက်အတွင်း ယနေ့တစ်ရက်တည်းအတွက် တရုတ်တာဝန်ရှိသူများက ခရီးသည်တင်ရထားအစီးရေ ၁၈၇၇ စီးထိပြည့်စွက်ပြေးဆွဲခဲ့ရသည်။

ယခုသီတင်းပတ် ဆီးနှင်းကျရောက်မှုနှင့်မိုးရွာသွန်းမှုတို့ကြောင့် ပြည်တွင်း ရထားခရီးစဉ်များ ကမောက်ကမ ဖြစ်ခဲ့ရပြီးနောက် ယနေ့တွင် တရုတ်နိုင်ငံက ၎င်း၏ရထားလမ်းကွန်ရက်အတွင်း ခရီးသည်တင်ရထားများ အစီးရေ စံချိန်တင်တိုးမြှင့်၍ ပြေးဆွဲခဲ့ခြင်းဖြစ်သည်။

တရုတ်နှစ်သစ်ကူးကာလတွင် တရုတ်ပြည်သူ သန်းပေါင်းများစွာတို့သည် ဇာတိရပ်ရွာများသို့ပြန်လေ့ရှိရာ ကမ္ဘာ့အကြီးမားဆုံးနှစ်စဉ် ရွှေ့ပြောင်းသွားလာမှုအဖြစ် နိုင်ငံတကာက သတ်မှတ်ထားကြောင်း သိရသည်။

ဖေဖော်ဝါရီ ၇ ရက် တစ်ရက်တည်းမှာပင် တရုတ်ရထားလမ်းကွန်ရက်ကိုအသုံးပြု၍ ပြည်တွင်းခရီးသွားလာသူ အရေအတွက်မှာ ၁၃ ဒသမ ၁ သန်းထိရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ယနေ့တွင် ရှန်ဟိုင်းမြို့ဘူတာရုံများ၌ ခရီးသည် ၄၇၅၀၀၀ ထိရှိခဲ့ရာ ၂၀၁၉ ခုနှစ် အလားတူကာလကထက် ၆၁ ဒသမ ၇ ရာခိုင်နှုန်းပိုများကြောင်း သိရသည်။

Ref : RT
Trs : KKO



# ပိုလန်နှင့်လက်ဗီးယားကိုတိုက်ရန် စိတ်မဝင်စားကြောင်း သမ္မတပူတင် ပြောကြား

**မော်စကို ဖေဖော်ဝါရီ ၉**

ပိုလန်နှင့်လက်ဗီးယားကိုစစ်ရေးအရတိုက်ခိုက်၍ ယူကရိန်းစစ်ပွဲကို စစ်ဘောင်ချဲ့ရန် စိတ်မဝင်စားကြောင်း ရုရှားသမ္မတပူတင်က ဖေဖော်ဝါရီ ၈ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်ရုပ်သံသတင်းသမား တပ်ကာကာလ်ဆန်နှင့် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းခန်းတွင် ရုရှားသမ္မတပူတင်က ထိုကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံအနေဖြင့် ပိုလန်သို့မဟုတ် လက်ဗီးယား မည်သည့်နိုင်ငံကိုမျှတိုက်ခိုက်ရန် စိတ်မဝင်စားကြောင်း၊ ပိုလန်နှင့်လက်ဗီးယားကိုတိုက်ခိုက်ခြင်းဖြင့် ရုရှားအတွက် အကျိုးအမြတ်မရှိကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

အမေရိကန်ရုပ်သံသတင်းသမား တပ်ကာကာလ်ဆန်နှင့် ရုရှားသမ္မတပူတင်တို့၏ နှစ်နာရီကျော်ကြာ တွေ့ဆုံမေးမြန်းခန်းကို ရုရှားမီဒီယာများက ဖေဖော်ဝါရီ ၈ ရက်တွင် ထုတ်လွှင့်ပြသခဲ့သည်။

ရုပ်သံသတင်းသမား တပ်ကာကာလ်ဆန်သည် ၂၀၂၂ ခုနှစ်နောက်ပိုင်း ရုရှားသမ္မတပူတင်နှင့်တွေ့ဆုံမေးမြန်းခွင့်ရရှိခဲ့သည့် ပထမဆုံး အမေရိကန်သတင်းသမားဖြစ်သည်။

ယူကရိန်းစစ်ပွဲနှင့်ပတ်သက်၍ တပ်ကာကာလ်ဆန်၏ သတင်းတင်ပြချက်များမှာ အခြားအနောက်အုပ်စု မီဒီယာများ၏တစ်ဖက်သတ် သတင်းတင်ပြပုံနှင့်ခြားနားသည်ဟု ရုရှားအစိုးရက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ မြေကမ္ဘာလေ့လာရေးဂြိုဟ်တုတစ်စင်းကို Space-X အာကာသနည်းပညာကုမ္ပဏီ အောင်မြင်စွာလွှတ်တင်ခဲ့



**ဝါရှင်တန် ဖေဖော်ဝါရီ ၉**

Space-X အာကာသနည်းပညာကုမ္ပဏီသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ မြေကမ္ဘာလေ့လာရေးဂြိုဟ်တုတစ်စင်းကို ဖေဖော်ဝါရီ ၈ ရက်တွင် အောင်မြင်စွာလွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

PACE အမည်ရှိ အဆိုပါဂြိုဟ်တုကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် PACE ဂြိုဟ်တုကို ကမ္ဘာမြေအထက် အမြင့်မိုင် ၄၂၀ ခန့်ရှိ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့သည်။

PACE ဂြိုဟ်တုသည် ပတ်လမ်းစမ်းသပ်မှုများ ပြုလုပ်ပြီးချိန်တွင် မြေကမ္ဘာလေ့လာရေး လုပ်ငန်းများ စတင်မည်ဖြစ်သည်။

ကိုယ်ထည်အလျား ၁၀ ဒသမ ၅ ပေရှိသည့် PACE ဂြိုဟ်တုသည် ကမ္ဘာ့သမုဒ္ဒရာရေပြင်များကို အဓိကထား လေ့လာမည်ဖြစ်ကြောင်း သိရသည်။

PACE ဂြိုဟ်တုတွင် ပင်လယ်သမုဒ္ဒရာများကို လေ့လာရေးအတွက် စူးစမ်းလေ့လာရေးစနစ် သုံးခုတပ်ဆင်ထားကြောင်း နာဆာအဖွဲ့က ပြောကြားထားသည်။

**Ref : Sputnik News**
**Trs : KKO**

## တရုတ်နိုင်ငံက လွှတ်တင်သော ချန်အာ-၅ လဆင်းယာဉ်ကရယူပေးခဲ့သည့် လကမ္ဘာကျောက်သားမြေစာများထဲတွင် တွင်းထွက်ဓာတ်သစ်တစ်မျိုး ရှာဖွေတွေ့ရှိ

**ပေကျင်း ဖေဖော်ဝါရီ ၉**

တရုတ်နိုင်ငံက လွှတ်တင်ခဲ့သော ချန်အာ-၅ လဆင်းယာဉ်က ရယူပေးခဲ့သည့် လကမ္ဘာကျောက်သား မြေစာများထဲတွင် တွင်းထွက်ဓာတ်သစ်တစ်မျိုး ရှာဖွေတွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ လကမ္ဘာတွင်းထွက်ဓာတ်သစ်ကို ပေကျင်းယူရေနီယမ်ဘူမိဗေဒသိပ္ပံ အင်စတီကျုမှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ တွင်းထွက်ဓာတ်သစ်ကို Changesite-Y ဟု၍ တရုတ်သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

Changesite-Yသည် ကမ္ဘာပေါ်ရှိ သိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိခဲ့သည့် ဆဋ္ဌမမြောက် လကမ္ဘာ တွင်းထွက်ဓာတ်သစ်ဖြစ်ကြောင်း သိရသည်။

ချန်အာ-၅ လဆင်းယာဉ်သည် ၂၀၂၀ ပြည့်နှစ်တွင် လမျက်နှာပြင်၏ အိုးရှင်းနပ်စ်ပရိုဆယ်လာရမ် နယ်မြေမှ ကျောက်သားမြေစာ ၃ ဒသမ ၈ ပေါင်ထိ ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။




လကမ္ဘာ ကျောက်သားမြေစာများထဲတွင် တွေ့ရှိရသည့် တွင်းထွက်ဓာတ်များသည် လကမ္ဘာ၏ သမိုင်းကြောင်းကို လေ့လာရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**

## ဂျူနိုအာကာသယာဉ်က အိုင်အိုဂြိုဟ်ရံလ၏ မီးတောင်လှုပ်ရှားမှုများကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျူနိုအာကာသယာဉ်သည် အိုင်အိုဂြိုဟ်ရံလ၏ မီးတောင်လှုပ်ရှားမှုများကို အသေးစိတ် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၈ ရက် သတင်းများအရ သိရသည်။



ဂျူနိုအာကာသယာဉ်သည် ဖေဖော်ဝါရီ ၃ ရက်တွင် အိုင်အိုဂြိုဟ်ရံလကို ဂြိုဟ်ရံလမျက်နှာပြင်နှင့် မိုင်ပေါင်း ၉၃၀ အကွာမှတစ်ဆင့် ဖြတ်ကျော် ပျံသန်းခဲ့ကြောင်း သိရသည်။

ထိုသို့ အနီးကပ်ဖြတ်ကျော် ပျံသန်းစဉ် ဂျူနိုအာကာသယာဉ်သည် အိုင်အိုဂြိုဟ်ရံလ မီးတောင်နယ်မြေများ၏ သွင်ပြင်လက္ခဏာများကို အသေးစိတ်ဓာတ်ပုံရိုက်ကူးနိုင်ခဲ့သည်။

ထို့ပြင် ဂျူနိုအာကာသယာဉ်သည် အိုင်အိုဂြိုဟ်ရံလကမှုတ်ထုတ်နေသည့် ရေငွေ့များကိုလည်း ဓာတ်ပုံရိုက်ကူးနိုင်ခဲ့သည်။

အိုင်အိုဂြိုဟ်ရံလသည် အရွယ်အစားအားဖြင့် ကမ္ဘာမြေ၏ဂြိုဟ်ရံလ အရွယ်အစားလောက်ပင်ရှိသည့် ဂြိုဟ်ရံလဖြစ်သည်။

သို့ရာတွင် အဆိုပါဂြိုဟ်ရံလသည် နေအဖွဲ့အစည်းအတွင်း မီးတောင်လှုပ်ရှားမှု အပြင်းထန်ဆုံး အာကာသ နယ်မြေဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## STIs ရောဂါရှိနေသူ အမျိုးသမီးများ တစ်ချိန်ချိန်တွင် လေဖြတ်နိုင်ခြေမြင့်မားနေတတ်

**ဆိုးလ် ဖေဖော်ဝါရီ ၉**

လိင်မှတစ်ဆင့် ကူးစက်တတ်သည့် ရောဂါများ (STIs) ရှိနေသူ အမျိုးသမီးများသည် တစ်ချိန်ချိန်တွင် လေဖြတ်နိုင်ခြေ ပုံမှန်ထက် မြင့်မားနေတတ်ကြောင်း ဖေဖော်ဝါရီ ၈ ရက် သတင်းများအရ သိရသည်။

တောင်ကိုရီးယား သုတေသနပညာရှင်များသည် နှလုံးသွေးကြောရောဂါများ ဖြစ်ပွားခဲ့ဖူးခြင်းမရှိသည့် သက်ငယ်ပိုင်းနှင့်သက်လတ်ပိုင်း အမျိုးသမီး ၁၆၃၀၀၀ ကျော်တို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Human Papilloma Virus (HPV) ဗိုင်းရပ်ကူးစက်ခံထားရသူ အမျိုးသမီးများသည် ၎င်းဗိုင်းရပ်မရှိသူ သက်တူရွယ်တူများထက် တစ်ချိန်ချိန်တွင် လေဖြတ်နိုင်ခြေ ငါးဆထိ မြင့်မားနေတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် HPV ဗိုင်းရပ်ကူးစက်ခံထားရသူ အမျိုးသမီးများတွင် နှလုံးသွေးကြောရောဂါများကြောင့် သေဆုံးနိုင်ခြေလည်း ပုံမှန်ထက် မြင့်မားလာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ HPV ဗိုင်းရပ်ရှိနေသော အမျိုးသမီးများအနေဖြင့် နှလုံးသွေးကြောရောဂါများ ရှာဖွေစစ်ဆေးမှု ပြုလုပ်သင့်သည်ဟု သုတေသနပညာရှင်များက အကြံပြုထားသည်။

HPV ဗိုင်းရပ်ကြောင့် အမျိုးသမီးများ၌ သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်နိုင်ခြေလည်း မြင့်တက်လာတတ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အမျိုးသားပန်းသေပန်းညှိုးပျောက်ဆေးများက အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ လျှော့ချနိုင်

**လန်ဒန် ဖေဖော်ဝါရီ ၉**

အမျိုးသား ပန်းသေပန်းညှိုးရောဂါပျောက် ဆေးများသည် အယ်ဇိုင်းမားရောဂါ ဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း ဖေဖော်ဝါရီ ၈ ရက် သတင်းများအရ သိရသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပန်းသေပန်းညှိုးရောဂါပျောက် ဆေးများနှင့် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကျဆင်းမှုတို့ကြား ဆက်စပ်မှုရှိကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် ပန်းသေပန်းညှိုးပြဿနာရှိနေသည့် ပျမ်းမျှအသက် ၅၉ နှစ်ရှိ အမျိုးသား ၂၆၉၇၂၅ ဦးတို့ကို ငါးနှစ်ကြာ စောင့်ကြည့်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ပန်းသေပန်းညှိုးပျောက်ဆေး သုံးစွဲနေသူလူနာများသည် မသုံးစွဲသူလူနာများနှင့်နှိုင်းယှဉ်ပါက အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ ၁၈ ရာခိုင်နှုန်း ပိုနည်းပါးသည်ကို တွေ့ရကြောင်း ဗြိတိန် သုတေသနပညာရှင်များက ပြောကြားသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ပန်းသေပန်းညှိုးဆေးများသည် အသက် ၇၀ နှင့်အထက် သက်ကြီးပိုင်းများ၌ အယ်ဇိုင်းမားဖြစ်နိုင်ခြေကို လျှော့ချရေးအတွက် အကျိုးပြုနိုင်ဖွယ်ရှိကြောင်း သိရသည်။

သို့ရာတွင် ပန်းသေပန်းညှိုးရောဂါဆေးများကို အယ်ဇိုင်းမားရောဂါ ကာကွယ်ရေးဆေးအဖြစ် အသုံးမပြုမီ သုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ရန် လိုအပ်ဆဲဖြစ်သည်ဟု သုတေသနပညာရှင်များက ဝန်ခံထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၄) ပွဲကြိုသုံးသပ်ချက်

ML

**အေဗီလာ Vs မန်ယူ**

**ကစားမည့်ရက်/အချိန် ၁၁-၂-၂၀၂၄ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မန်ယူ ၃ - ၂ အေဗီလာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အေဗီလာ | - | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(ရှုံး) |
| မန်ယူ | - | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |

အေဗီလာအသင်းဟာ အသင်းလိုက်ကစားပုံနဲ့ တိုက်စစ်ထက်မြက်တဲ့အသင်းဖြစ်ပေမဲ့ နောက်ဆုံးအိမ်ကွင်းနှစ်ပွဲမှာ ဂိုးပြတ်ရှုံးခဲ့ရပါတယ်။ မန်ယူအသင်းကတော့ ဟိုက်လန်းခြေစွမ်းပြနိုင်ပြီးနောက်ပိုင်း ပြိုင်ပွဲစုံမှာ ဂိုးရခဲ့တဲ့အပြင် နောက်ဆုံးငါးပွဲမှာလဲ ရှုံးပွဲမရှိခဲ့တာကြောင့် အခုပွဲစဉ်မှာ အေဗီလာကို ဖိအားပေးနိုင်ဖို့များပါတယ်။ ဒါကြောင့် အနိမ့်ဆုံးသရေကစားလာမဲ့ မန်ယူကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - အေဗီလာ ၂ - ၂ မန်ယူ**

## အီတလီစီးရီးအေ ပွဲစဉ် (၂၄) ပွဲကြိုသုံးသပ်ချက်များ

ML

**ဘိုလော့နာ Vs လက်ချီ**

**ကစားမည့်ရက်/အချိန် ၁၁-၂-၂၀၂၄ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လက်ချီ ၁ - ၁ ဘိုလော့နာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုလော့နာ | - | ဝေး(ရှုံး) | ဝေး(သရေ) | အိမ်(နိုင်) |
| လက်ချီ | - | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(နိုင်) |

ဘိုလော့နာအသင်းဟာ ယခုနှစ်အတွင်းပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းကျဆင်းသွားခဲ့တာကြောင့် နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာအနိုင်ရခဲ့ပါတယ်။ လက်ချီအသင်းအနေနဲ့ ခြေစွမ်းကအားရစရာကောင်းပေမဲ့ ခံစစ်ပိုင်းလိုအပ်ချက်တွေများနေတာကြောင့် ဘိုလော့နာတိုက်စစ်ဖွင့်ကစားလာမယ်ဆိုရင် လက်ချီပေးဂိုးများသွားမှာဖြစ်လို့ အိမ်ရှင်ကိုပဲ ရွေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘိုလော့နာ ၂ - ၁ လက်ချီ**

**ဂျီနိုအာ Vs အတ္တလန်တာ**

**ကစားမည့်ရက်/အချိန် ၁၁-၂-၂၀၂၄ (ည ၁၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အတ္တလန်တာ ၂ - ၀ ဂျီနိုအာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီနိုအာ | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |
| အတ္တလန်တာ | - | အိမ်(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |

နောက်ဆုံးအိမ်ကွင်းရှစ်ပွဲဆက် ရှုံးပွဲမရှိသေးတဲ့ ဂျီနိုအာအသင်းဟာ အသင်းလိုက်ကစားပုံမာကျောတာကြောင့် အသင်းကြီးတွေကိုတောင် ဖိအားပေးကစားနိုင်ခဲ့တာဖြစ်ပါတယ်။ အတ္တလန်တာကတော့ အဝေးကွင်းခြေစွမ်းတည်ငြိမ်မှုမရှိတာကြောင့် အခုပွဲစဉ်မှာရှုန်းကန်ရနိုင်ပါတယ်။ ဒါကြောင့် အိမ်ကွင်းအားသာချက်ရှိတဲ့ ဂျီနိုအာနဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း - ဂျီနိုအာ ၁ - ၁ အတ္တလန်တာ**

### အားကစားသတင်း အတိုအထွာများ

- ဘုန်းမောက်အသင်းက လိဒ်အသင်းမှ ခေါ်ယူထားသည့် ကွင်းလယ်ကစားသမားစီနီဆက်ထရာကို ပြောင်းရွှေ့ကြေးယူရိုသန်း ၂၀ ဖြင့် အပြီးသတ်ဝယ်ယူရန်ဆုံးဖြတ်ခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်းထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။
- ဇန်နဝါရီလအတွင်း ပရီးမီးယားလိဂ်တစ်လတာအကောင်းဆုံးဆုအတွက် ဆန်ကာတင်ကစားသမားစာရင်းတွင် စပါးအသင်းကစားသမား ရစ်ချာလီဆန်၊ အာဆင်နယ်အသင်းကစားသမားဂါဘရီရယ်၊ လီဗာပူးအသင်းကစားသမားဂျိုတာ၊ မန်စီးတီးအသင်းကစားသမားဒီဘရိုင်း၊ လီဗာပူးအသင်းကစားသမားဘရက်ဒလေနှင့် လူတန်အသင်းကစားသမားအဒီဘာရိုတို့ပါဝင်ခဲ့ကြောင်း သိရသည်။ ML

## ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအတွက် ယူအီးအက်ဖ်အေနေးရှင်းလိဂ် အုပ်စုပွဲစဉ်ရေးဆွဲထုတ်ပြန်




**ပဲရစ် ဖေဖော်ဝါရီ ၉**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲတွင် လိဂ်(A) အုပ်စု(၂)တွင် ၂၀၂၀ ယူရိုချန်ပီယံအီတလီ၊ ၂၀၂၂ ကမ္ဘာ့ဖလားဗိုလ်လုပွဲတက်ရောက်ခဲ့သည့် ပြင်သစ်၊ ဘယ်လ်ဂျီယံနှင့် အစ္စရေးတို့တွေ့ဆုံခဲ့သည်။

အဆိုပါမဲခွဲပွဲတွင် လိဂ်(A) အုပ်စု(၁)၌ ခရိုအေးရှား၊ ပေါ်တူဂီ၊ ပိုလန်နှင့်စကော့တလန်၊ အုပ်စု(၂)တွင် ပြင်သစ်၊ အီတလီ၊ ဘယ်လ်ဂျီယံနှင့် အစ္စရေး၊ အုပ်စု(၃)တွင် နယ်သာလန်၊ ဟန်ဂေရီ၊ ဂျာမနီနှင့် ဘော့စနီးယား၊အုပ်စု(၄) တွင် စပိန်၊ ဒိန်းမတ်၊ ဆွစ်ဇာလန်နှင့် ဆားဘီးတို့တွေ့ဆုံနေပြီး လိဂ်(B) အုပ်စု(၁)တွင် ချက်၊ယူကရိန်း၊ အယ်ဘေးနီးယားနှင့် ဂျော်ဂျီယာ၊ အုပ်စု(၂)တွင် အင်္ဂလန်၊ ဖင်လန်၊ အိုင်ယာလန်နှင့် ဂရိ၊ အုပ်စု(၃)တွင် ဩစတြီးယား၊ နော်ဝေ၊ ဆလိုဗေးနီးယားနှင့် ကာဇက်စတန်၊ အုပ်စု(၄) တွင် ဝေးလ်၊ အိုက်စလန်၊ မွန်တီနီဂရိုးနှင့် တူကီယဲတို့တွေ့ဆုံလျက်ရှိသည်။

လိဂ်(C) အုပ်စု(၁)တွင် ဆွီဒင်၊ အဇာဘိုင်ဂျန်၊ ဆလိုဗေးနီးယားနှင့် အက်စ်တိုးနီးယား၊ အုပ်စု(၂)တွင် ရိုမေးနီးယား၊ ကိုဆိုဗို၊ ဆိုက်ပရက်စ်နှင့် လစ်သူရေးနီးယား သို့မဟုတ် ဂျီဘရော်တာ၊ အုပ်စု(၃)တွင် လူဇင်ဘတ်၊ ဘူလ်ဂေးရီးယား၊ မြောက်အိုင်ယာလန်နှင့် ဘီလာရုစ်၊ အုပ်စု(၄)တွင် အာမေးနီးယား၊ ဖာရိုးကျွန်းစု၊ မြောက်မက်ဆီဒိုးနီးယားနှင့် လက်ဗီးယားတို့ပါဝင်နေပြီး လိဂ်(D) အုပ်စု(၁)တွင် လစ်သူရေးနီးယား သို့မဟုတ် ဂျီဘရော်တာ၊ ဆန်မာရီနိုနှင့် လက်ချင်စတိန်း၊ အုပ်စု(၂)တွင် မော်ဒိုလ်ဗာ၊ မော်လ်တာနှင့် အန်ဒိုရာတို့ထိပ်တိုက်တွေ့ဆုံခဲ့သည်။

လစ်သူရေးနီးယားနှင့်ဂျီဘရော်တာအသင်းတို့သည် လာမည့်မတ်လတွင် play-off ကစားမည်ဖြစ်ကာ အနိုင်ရသည့်အသင်းက လိဂ်(C)တွင် ပါဝင်ခွင့်ရမည်ဖြစ်ပြီး ကျန်တစ်သင်းက လိဂ်(D)သို့ တန်းဆင်းရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ အုပ်စုပွဲစဉ်များကို လာမည့် စက်တင်ဘာ ၅ ရက်တွင် စတင်မည်ဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်ကို ၂၀၂၅ ခုနှစ် ဇွန် ၄ ရက်နှင့် ၅ ရက်တို့တွင်လည်းကောင်း၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ဇွန် ၈ ရက်တွင်လည်းကောင်း အသီးသီး ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**

## အာရှအမျိုးသမီး ယူ-၂၀ ပြိုင်ပွဲအတွက် အမျိုးသမီးဒိုင်လူကြီး ဒေါ်ဝင့်ဝါထွန်း တာဝန်ပေးအပ်ခံရ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ဥဇဘက်ကစ္စတန် နိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှအမျိုးသမီး ယူ-၂၀ AFC U20 Women's Asian Cup Uzbekistan 2024 ပြိုင်ပွဲအတွက် မြန်မာအမျိုးသမီးအကူဒိုင်လူကြီးဖြစ်သူ ဒေါ်ဝင့်ဝါထွန်း တာဝန်ပေးအပ်ခံရကြောင်း သိရသည်။

အာရှအမျိုးသမီး ယူ-၂၀ AFC U20 Women's Asian Cup Uzbekistan 2024 ပြိုင်ပွဲကို ဥဇဘက်ကစ္စတန်နိုင်ငံတွင် လာမည့် ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၁၇ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

အသက် ၂၉ နှစ်အရွယ် ဒေါ်ဝင့်ဝါထွန်းသည် ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် အကူဒိုင်လူကြီးအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ဖီဖာအဆင့်အကူဒိုင်လူကြီးအဖြစ် တာဝန်ပေးအပ်ခံထားရသူဖြစ်သည်။

ဒေါ်ဝင့်ဝါထွန်းသည် မြန်မာနိုင်ငံကိုယ်စားပြု အမျိုးသမီးအကူဒိုင်လူကြီးအဖြစ် နိုင်ငံတကာပြိုင်ပွဲများတွင် အာဆီယံအဆင့် AFF ပြိုင်ပွဲ နှစ်ကြိမ်နှင့် အာရှအဆင့် AFC ပြိုင်ပွဲ သုံးကြိမ်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုပြိုင်ပွဲသည်



သူမအတွက် လေးကြိမ်မြောက် တာဝန်ပေးအပ်ခံရသည့်ပြိုင်ပွဲဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**STA**

## Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို အမေရိကန်ကစားသမား တီဂါလာဦးဆောင်



**ဝါရှင်တန် ဖေဖော်ဝါရီ ၉**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင် ကျင်းပနေသည့် Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား တီဂါလာက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် အမေရိကန် ဂေါက်သီးရိုက်ကစားသမားနီဗက်က သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ဒုတိယနေရာတွင်ရပ်တည်နေပြီး အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား လောရီနှင့် တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ကင်မ်ဆေးဟောင်တို့က သတ်မှတ်ရိုက်ချက်ထက်လေးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

တီဂါလာက "ပထမနေ့မှာ ကျွန်တော်အကောင်းဆုံးကစားနိုင်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့ကစားသမားဘဝမှာ အခုလောက်ထိကောင်းအောင် တစ်ခါမှကစားနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ပထမနေ့မှာ အကောင်းဆုံး ကစားနိုင်ခဲ့တာနဲ့ ပတ်သက်ပြီး အရမ်းဝမ်းသာပါတယ်။ ကမ္ဘာ့အဆင့်ကစားသမားတွေနဲ့ ယှဉ်ပြိုင်ကစားရတာ ကျွန်တော့်အတွက်တော့ အတွေ့အကြုံကောင်းတွေ ရလိုက်ပါတယ်။ နောက်နေ့တွေမှာလဲ အခုလို အကောင်းဆုံး ကစားပြနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# လေ့ကျင့်ရေးခြေစမ်းပွဲစဉ်၌ Bintang Timur အသင်းကို မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်



ရန်ကုန် ဖေဖော်ဝါရီ ၉

AFC Futsal Asian Cup 2024 ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် နိုင်ငံတကာခြေစမ်းပွဲစဉ်များ ကစားရန်အတွက် အင်ဒိုနီးရှားနိုင်ငံတွင် ရောက်ရှိနေပြီး ဒုတိယမြောက် လေ့ကျင့်ရေး ခြေစမ်းပွဲစဉ်အဖြစ် ယနေ့မွန်းလွဲပိုင်းက အင်ဒိုနီးရှားကလပ် Bintang Timur အသင်းနှင့်ကစားခဲ့ရာ နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အင်ဒိုနီးရှားလေ့ကျင့်ရေးခရီးစဉ်အတွင်း ပထမဆုံးခြေစမ်းပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၈ ရက်က Bintang Timur အသင်းနှင့်ပင် ကစားခဲ့ရာ ၁၁ ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီး ဒုတိယမြောက်ပွဲစဉ်တွင်လည်း နှစ်ဂိုး ဂိုးမရှိဖြင့် ထပ်မံရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် AFC Futsal Asian Cup 2024 ပြိုင်ပွဲနှင့် နိုင်ငံတကာ ခြေစမ်းပွဲစဉ်များအတွက် ဇန်နဝါရီ ၂၂ ရက်စတင်ပြီး ပဏ္ဍာမကစားသမားများဖြင့် စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်လျက်ရှိပြီး နိုင်ငံတကာခြေစမ်းပွဲစဉ် ကာလအတွင်း အင်ဒိုနီးရှားနိုင်ငံ၌ ဖေဖော်ဝါရီ ၁၀ ရက်တွင်လည်း Regional East Java အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အင်ဒိုနီးရှားခရီးစဉ်ပြီးပါက အာဖဂန်နစ္စတန်ဖူဆယ်အသင်းနှင့် မတ် ၃၀ နှင့် ၃၁ ရက်တို့တွင် ရန်ကုန်မြို့ရှိ MFF Futsal Stadium ၌ ခြေစမ်းပွဲများ ထပ်မံယှဉ်ပြိုင် ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် AFC Futsal Asian Cup 2024 ပြိုင်ပွဲတွင် အုပ်စု(က)၌ အိမ်ရှင် ထိုင်းအသင်း၊ ဗီယက်နမ်အသင်း၊ တရုတ်အသင်းတို့နှင့် ယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း သိရသည်။

STA

# ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့က နိုင်ငံခြားသားနည်းပြများကို အသီးသီးပြောင်းလဲခန့်အပ်

ရန်ကုန် ဖေဖော်ဝါရီ ၉

၂၀၂၄-၂၀၂၅ ဘောလုံးရာသီအတွက် ပြင်ဆင်မှုများပြုလုပ်နေသည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့သည် နည်းပြအပြောင်းအလဲများ လုပ်ဆောင်ခဲ့ကြပြီး နိုင်ငံခြားသားနည်းပြများကို အသီးသီးခန့်အပ်ခဲ့ကြကြောင်း သိရသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် နည်းပြဂက်ဇီနှင့်လမ်းခွဲခဲ့ပြီးနောက် နည်းပြသစ်အဖြစ် ဂျာမန်လူမျိုး နည်းပြဖရန့်ဘန်ဟတ်ကို ခန့်အပ်ခဲ့ပြီး ၎င်းသည် အက်စ်တိုးနီးယားဘောလုံးအဖွဲ့ချုပ်၊ အဇာဘိုင်ဂျန် ဘောလုံးအဖွဲ့ချုပ်နှင့် မလေးရှားဘောလုံးအဖွဲ့ချုပ်တို့တွင် နည်းပြချုပ်နှင့်နည်းစနစ်ဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်သည့်အပြင် ရီးရဲလ်မက်ဒရစ်အသင်းအတွက် လူငယ်ရှာဖွေရေးတွင် တာဝန်ယူဆောင်ရွက်ခဲ့ပြီး ယခုနောက်ဆုံး မလေးရှားစူပါလိဂ်ကလပ် ကဲလန်တန်အသင်းတွင် တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်သည်။

နည်းပြ ဖရန့်ဘန်ဟတ်သည် လာမည့်အပတ်အတွင်း အသင်းနှင့်ပူးပေါင်းသွားမည်ဖြစ်ပြီး လက်ရှိလေ့ကျင့်ရေး အစီအစဉ်များကို လက်ထောက် နည်းပြများနှင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

အလားတူ ရခိုင်ယူနိုက်တက်အသင်းသည်လည်း နည်းပြအပြောင်းအလဲ လုပ်ဆောင်ခဲ့ပြီး ပေါ်တူဂီလူမျိုး နည်းပြဂျော်ဂျီဆေးဗားလ်ကို နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့သည်။

နည်းပြဂျော်ဂျီဆေးဗားလ်သည် ပရော်ဖက်ရှင်နယ် နည်းပြဘဝတွင် ဥရောပ၊ အာဖရိက၊ အာရှနိုင်ငံများရှိ ကလပ်အသင်းများ၌ နည်းပြလုပ်ခဲ့ကာ အောင်မြင်မှုအထိုက်အလျောက်ရရှိပြီး မွန်ဂိုလီးယားကလပ် ဒါရန်းအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာတွင်လည်း Mongolia League Champion ဆုဆွတ်ခူးနိုင်ခဲ့သကဲ့သို့ အိန္ဒိယကလပ် Gokulam Kerala B အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာတွင်လည်း 2023 India Kerala Premier League ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

နည်းပြဂျော်ဂျီဆေးဗားလ်သည် လက်ရှိတွင် လုပ်ငန်းဗီဇာ လုပ်ဆောင်နေပြီး ဗီဇာရရှိပါက မြန်မာနိုင်ငံသို့လာရောက်၍ ရခိုင်ယူနိုက်တက်အသင်းနှင့် ပူးပေါင်းသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ယူရို ၂၀၂၄ ပြိုင်ပွဲပြီးဆုံးပါက အနာဂတ်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမည်ဟု နည်းပြဆောက်ဂိတ်ပြောကြား



လန်ဒန် ဖေဖော်ဝါရီ ၉

အင်္ဂလန်လက်ရွေးစင်အသင်း နည်းပြဆောက်ဂိတ်သည် အသင်းနှင့် လာမည့်ဒီဇင်ဘာလကုန်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း ယူရိုပြိုင်ပွဲပြီးဆုံးချိန်တွင် အနာဂတ်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက် ချမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

နည်းပြ ဆောက်ဂိတ်သည် အင်္ဂလန်အသင်းနှင့် ၂၀၁၆ ခုနှစ်ကတည်းကပူးပေါင်းခဲ့ပြီး လာမည့်ဒီဇင်ဘာလမှသာ သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်းနှင့် ဆက်ရှိမည်မဟုတ်ကြောင်းပြောကြားခဲ့ကာ လာမည့်ဇူလိုင်လတွင် ကျင်းပမည့် ယူရိုပြိုင်ပွဲပြီးဆုံးချိန်တွင် အနာဂတ်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ပေးမည်ဟုပြောကြားခဲ့ခြင်းဖြစ်သည်။

အသက် ၅၃ နှစ်ရှိ နည်းပြဆောက်ဂိတ်သည် ၎င်းတာဝန်ယူစဉ်ကာလအတွင်း အသင်းကို ယူရို ၂၀၂၀ ဗိုလ်လုပွဲစဉ်နှင့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တို့ထိရောက်ရှိအောင် ကူညီပေးနိုင်ခဲ့သဖြင့် အသင်းသမိုင်းတွင် ၁၉၆၆ ခုနှစ် နည်းပြရမ်ဆေးနောက်ပိုင်းအောင်မြင်မှုရရှိခဲ့သည့် နည်းပြတစ်ဦးဖြစ်ခဲ့သည်။

သို့သော် အင်္ဂလန်အသင်းအနေဖြင့် ၂၀၂၂ ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်အသင်းနှင့်တွေ့ဆုံချိန်တွင် ရှုံးနိမ့်ခဲ့ပြီးနောက် ဆောက်ဂိတ်အနေဖြင့် နည်းပြရာထူးမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့သော်လည်း တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ယူရို ၂၀၂၄ ပြိုင်ပွဲကို ဆက်လက်တာဝန်ယူခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik

Trs : ML

# စပိန်လာလီဂါ ပွဲစဉ် (၂၄) ပွဲကြိုသုံးသပ်ချက်များ

STA

**ဂီတာဖေး Vs ဆဲလ်တာဗီဂို**

ကစားမည့်ရက်/အချိန် ၁၁-၂-၂၀၂၄ (ည ၇း၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဆဲလ်တာဗီဂို ၂ - ၂ ဂီတာဖေး

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဂီတာဖေး | - | အိမ်(နိုင်) | အိမ်(ရှုံး) | ဧး(သရေ) |
| ဆဲလ်တာဗီဂို | - | အိမ်(ရှုံး) | အိမ်(ရှုံး) | ဧး(နိုင်) |

အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်ပြီး တိုက်စစ်ပိုင်းထက်မြက်တဲ့ ဂီတာဖေးအသင်းဟာ ဆဲလ်တာဗီဂိုအသင်းကိုဖိအားပေးကစားနိုင်မှာပါ။ ဆဲလ်တာဗီဂိုအသင်းကတော့ လက်ရှိခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိလို့ အခုပွဲစဉ်မှာလဲ ရှုန်းကန်ရပါလိမ့်မယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်ရှိတဲ့ ဂီတာဖေးအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဂီတာဖေး ၂ - ၁ ဆဲလ်တာဗီဂို**

**ဘာစီလိုနာ Vs ဂရန်နာဒါ**

ကစားမည့်ရက်/အချိန် ၁၂-၂-၂၀၂၄ (နံနက် ၀၂း၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဂရန်ဒါနာ ၂ - ၂ ဘာစီလိုနာ

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | - | အိမ်(ရှုံး) | အိမ်(နိုင်) | ဧး(နိုင်) |
| ဂရန်နာဒါ | - | အိမ်(ရှုံး) | ဧး(ရှုံး) | အိမ်(သရေ) |

အမှတ်ပေးဇယားထိပ်ပိုင်းကအသင်းတွေနဲ့ ရမှတ်ကွာဟမှုကိုလျှော့ချနိုင်ဖို့အတွက် ဘာစီလိုနာအသင်းဟာ အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့အတွက် အမှားခံမှာမဟုတ်ပါဘူး။ နောက်ဆုံးငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေတဲ့ ဂရန်နာဒါအသင်းရဲ့ခြေစွမ်းပိုင်းကလဲ အတော်လေးဆိုးရွားနေပါတယ်။ ဒါကြောင့် ဘာစီလိုနာအသင်းပဲ အနိုင်ရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း - ဘာစီလိုနာ ၃ - ၀ ဂရန်နာဒါ**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၁) ပွဲကြိုသုံးသပ်ချက်

STA

**ဟော့ဖန်ဟိန်း Vs ကိုလုံး**

ကစားမည့်ရက်/အချိန် ၁၁-၂-၂၀၂၄ (ည ၁၁း၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ကိုလုံး ၁ - ၃ ဟော့ဖန်ဟိန်း

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဟော့ဖန်ဟိန်း | - | ဧး(ရှုံး) | အိမ်(သရေ) | ဧး(သရေ) |
| ကိုလုံး | - | အိမ်(ရှုံး) | ဧး(သရေ) | အိမ်(နိုင်) |

နောက်ဆုံးငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ ဟော့ဖန်ဟိန်းအသင်းဟာ အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရရှိအောင်ကြိုးစားလာမှာပါ။ ကိုလုံးအသင်းကလဲ နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာအနိုင်ရရှိထားပြီး အဝေးကွင်းဆိုရင် ခြေစွမ်းပိုင်းက စိတ်ချလို့မရပါဘူး။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးလာမဲ့ ဟော့ဖန်ဟိန်းအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဟော့ဖန်ဟိန်း ၁ - ၀ ကိုလုံး**

# ပြင်သစ်လီဂူး ပွဲစဉ် (၂၁) ပွဲကြိုသုံးသပ်ချက်

STA

**ကလဲယားမောင့် Vs ဘရက်**

ကစားမည့်ရက်/အချိန် ၁၁-၂-၂၀၂၄ (ည ၈း၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘရက် ၃ - ၀ ကလဲယားမောင့်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ကလဲယားမောင့် | - | အိမ်(ရှုံး) | အိမ်(သရေ) | ဧး(ရှုံး) |
| ဘရက် | - | ဧး(သရေ) | အိမ်(သရေ) | ဧး(ရှုံး) |

ပီအက်စ်ဂျီအသင်းကိုတောင် သရေရလဒ်ရှိအောင် ကစားနိုင်ခဲ့တဲ့ ဘရက်အသင်းက အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိပါတယ်။ နောက်ဆုံးကစားခဲ့တဲ့သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေတဲ့ ကလဲယားမောင့်အသင်းကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရှုန်းကန်နေရပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘရက်အသင်းနဲ့ပဲ လက်တွဲသွားရမှာပါ။

**အင်တာနက်ခန့်မှန်း - ကလဲယားမောင့် ၁ - ၂ ဘရက်**

# ဥရောပဒေသအတွင်း အမေရိကန်၏ နျူကလီးယားလက်နက် ဖြန့်ကြက်မှု

နေရှား(သုတေသန)

အမေရိကန်သမ္မတဟောင်း အိုက်စင်ဟောင်ဝါက ဆိုဗီယက်ယူနီယံကိုတိုက်ခိုက်ရန်အတွက် ဥရောပတိုက်ရှိ မဟာမိတ်အဖွဲ့ (NATO) တွင် ၎င်းတို့၏ သိုလှောင်မှုကိုခွင့်ပြုပေးသည့် ၁၉၅၀ ပြည့်နှစ်များကတည်းက အမေရိကန်ပိုင်ဆိုင်သည့် နျူကလီးယားလက်နက်များကို ဥရောပတွင် ဖြန့်ကြက်ချထားခဲ့သည်။ ယခုအခါ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက မကြာသေးမီက ထုတ်ပြန်ခဲ့သော အထောက်အထားများအရ အမေရိကန်သည် ရုရှားထံမှ ခြိမ်းခြောက်မှုများကို တန်ပြန်ရန်အတွက် ဗြိတိန်နိုင်ငံရှိ Lakenheath လေတပ်စခန်းဌာနချုပ်၌ နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များကိုဖြန့်ကြက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ဖြန့်ကြက်မှုသမိုင်း**

NATO က ၎င်းကိုယ်တိုင် နျူကလီးယား မဟာမိတ်အဖြစ် တရားဝင်ကြေညာထားသော်လည်း နျူကလီးယားလက်နက်ပိုင်ဆိုင်မှုမရှိဘဲ ၎င်းအစား ဗုံးအနည်းငယ်ကို ဥရောပငါးနိုင်ငံရှိ လေတပ်စခန်းခြောက်ခုတွင် အမေရိကန်လေတပ်အစောင့်အကြပ်ဖြင့်ထားရှိပြီး သက်ဆိုင်ရာနိုင်ငံအလိုက် တိုက်လေယာဉ်များပေးပို့ရန် အသင့်ရှိနေကြသည်။

သမိုင်းကြောင်းအရ အမေရိကန်သည် ဂရိနှင့် ဗြိတိန်အပါအဝင် မဟာမိတ်ဥရောပနိုင်ငံများတွင် နျူကလီးယားဗုံးများနှင့် နျူကလီးယားလက်နက်သုံး ဒုံးကျည်များကို ဖြန့်ကြက်ချထားခဲ့သည်။ သို့သော်လည်း စစ်အေးတိုက်ပွဲပြီးဆုံးချိန်မှစ၍ စုစုပေါင်းလက်နက်များကို ဝေဟင်မှ ပစ်လွှတ်သည့်ဗုံးများသို့မဟုတ် မဟာဗျူဟာမြောက်မဟုတ်သော နျူကလီးယားအဖြစ်သို့ လျှော့ချခဲ့သည်။ ယနေ့အချိန်တွင် NATO ၏ နျူကလီးယားခွဲဝေရေးအစီအစဉ်အောက်တွင် ကျန်ရှိသောဗုံးများသည် NATO ၏ စုပေါင်းလုံခြုံရေးအဟန့်အတားကို အားဖြည့်ပေးသည်။ အထူးသဖြင့် ရုရှားထံမှ ခြိမ်းခြောက်မှုများဖြစ်သည်။ NATO အဖွဲ့ဝင် ဗြိတိန်နိုင်ငံ၏ နျူကလီးယားလက်နက်များနှင့်အတူ ဥရောပရှိ အမေရိကန်၏ နျူကလီးယားလက်နက်များသည် NATO အဖွဲ့သဘောတူညီချက်အပိုဒ် (၅)နှင့် ကိုက်ညီသည်။ ၂၀၀၉ ခုနှစ်တွင် NATO အဖွဲ့သို့ ပြန်လည်ဝင်ရောက်ခဲ့သောပြင်သစ်နိုင်ငံသည် ၎င်း၏ကိုယ်ပိုင် နျူကလီးယားလက်နက်တိုက်ကို NATO ၏ တိုးချဲ့အဟန့်အတားအဖြစ် ကတိပြုထားခြင်းမရှိပေ။

**ဥရောပ၌ဖြန့်ကြက်မှု**

အခြားတစ်ဖက်၌လည်း ဥရောပတွင် အမေရိကန်၏ နျူကလီးယားဖြန့်ကြက်မှုလုံခြုံရေးကို သေချာစေရန် ရည်ရွယ်ထားသည်။ NATO ၏ နျူကလီးယားမျှဝေရေးသဘောတူညီချက်အရ အမေရိကန်သည် လက်ရှိတွင် ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ အီတလီ၊ နယ်သာလန်နှင့် တူရကီယဲတို့တွင် နျူကလီးယားဗုံး ၁၀၀ ခန့်ထားရှိသည်။ ၎င်းနိုင်ငံများသည် သဘာဝအားဖြင့် ရုရှားနိုင်ငံအတွက် ဦးစားပေးပစ်မှတ်များဖြစ်လာသည်။ ၎င်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဗြိတိန်သည် ရုရှားနှင့် အတော်အတန်ဝေးကွာပြီး တိုက်ခိုက်ခံရနိုင်ခြေလည်း နည်းပါးစေသည်။ ဥရောပတိုက်တွင် ဖြန့်ကြက်ထားသည့် နျူကလီးယားလက်နက်များ အသုံးပြုလာရပါက ဗြိတိန်တွင် ဖြန့်ကြက်ထားသည့် နျူကလီးယားလက်နက်များသည် အရန်ဖြစ်လိမ့်မည်ဖြစ်သည်။

NATO ၏ နျူကလီးယားအင်အား သုံးနိုင်ငံအပြင် အခြားငါးနိုင်ငံသည် အမေရိကန်၏နျူကလီးယားမျှဝေမှုတွင် ပါဝင်သည်။ အဆိုပါ ငါးနိုင်ငံတွင် ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ အီတလီ၊ နယ်သာလန်နှင့် တူရကီယဲတို့ ပါဝင်သည်။ သမားရိုးကျလေကြောင်းပံ့ပိုးမှုမှတစ်ဆင့် ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ ဂရိ၊ ဟန်ဂေရီ၊ နော်ဝေ၊ ပိုလန်နှင့် ရိုမေးနီးယားတို့သည် နျူကလီးယားစစ်ဆင်ရေး (Support of Nuclear Operations With Conventional Air Tactics-SNOWCAT) တွင် ပါဝင်သည်။ ပြင်သစ်မှလွဲ၍ NATO အဖွဲ့ဝင်နိုင်ငံ ၃၀ စလုံးသည် မူဝါဒရေးရာကိစ္စရပ်များကို ဆွေးနွေးသည့် နျူကလီးယားစီမံရေးအုပ်စု၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ မြောက်အတ္တလန္တိတ်ကောင်စီသည် NATO ၏ အဆုံးစွန်သော အခွင့်အာဏာအဖြစ် ဆက်လက်တည်ရှိနေပြီး အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ နျူကလီးယားတပ်ဖွဲ့များကို ထိန်းချုပ်ထားသည်။

**ဖြန့်ကြက်မှုအရေအတွက်**

အမေရိကန်နှင့် NATO အဖွဲ့များသည် ဥရောပတွင် တပ်စွဲထားသော ၎င်းတို့သိုလှောင်မှုများအတွက် ကိန်းဂဏန်းအတိအကျကို ထုတ်ဖော်ပြောကြားခြင်း

**❖ မကြာသေးမီက အမေရိကန်သည် ကမ္ဘာလုံးဆိုင်ရာ နျူကလီးယား တပ်ဖွဲ့ ဖြန့်ကြက်ရန်နှင့် ကမ္ဘာတစ်ဝန်းတွင် နျူကလီးယားဟန့်တားရေး အားသာချက်တိုးတက်ရန် ကြိုးပမ်းမှုကိုအရှိန်မြှင့်ခဲ့သည်။ သာဓကအားဖြင့် အမေရိကန်သည် နျူကလီးယားရေငုပ်သင်္ဘောများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် ဗြိတိန်၊ သြစတြေးလျတို့နှင့် သုံးပွင့်ဆိုင်လုံခြုံရေး မဟာမိတ်တစ်ခုကို ဖွဲ့စည်းခဲ့သည်။ ထို့ပြင် ဂျပန်နှင့် တောင်ကိုရီးယား တို့ကိုလည်း နျူကလီးယားဟန့်တားရေးချဲ့ထွင်ခဲ့ပြီး ဥရောပရှိ ၎င်း၏ နျူကလီးယားလက်နက်များ ခေတ်မီအဆင့်မြှင့်တင်ရေးကို အရှိန်မြှင့်ခဲ့သည်။ ❖**

မရှိပေ။ ၂၀၂၁ ခုနှစ်တွင် NATO အဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံရှိ အခြေစိုက်စခန်းခြောက်ခုတွင် အမေရိကန်ပိုင် နျူကလီးယားလက်နက် ၁၀၀ ခန့် သိုလှောင်ထားကြောင်း ခန့်မှန်းထားကြသည်။ အဆိုပါ လက်နက်များကို ဘယ်လ်ဂျီယံရှိ ကလင်နီဘရိုဂဲလ် လေတပ်စခန်း၊ ဂျာမနီရှိ ဘူရဲလ်လေတပ်စခန်း၊ အီတလီရှိ အဗီယာနိုနှင့် ဂီဒီလေတပ်စခန်းများ၊ နယ်သာလန်ရှိ ဗိုကဲလ်လေတပ်စခန်းနှင့် တူရကီယဲရှိ အီကလစ်လေတပ်စခန်းတို့တွင် ထားရှိသည်။ အဆိုပါ နျူကလီးယားလက်နက်များကို လေယာဉ်တွင် တစ်ပါတည်း တပ်ဆင်ထားခြင်းမဟုတ်ပေ။ ၎င်းတို့ကို အမျိုးသားလေတပ်စခန်းများရှိ မြေအောက်လေတပ်စခန်းများတွင် ထားရှိသည်။ ၎င်းတို့ကို လက်နက်တပ်ဆင်ရန်အတွက် အသုံးပြုသည့် Permissive Action Link (PAL) ကုဒ်များသည် အမေရိကန်လက်ထဲတွင် ရှိနေသည်။ အဆိုပါလက်နက်များကို အသုံးပြုရန်အတွက် NATO က သတ်မှတ်ထားသော နှစ်မျိုးသုံးတိုက်လေယာဉ်များပေါ်တွင် တင်ဆောင်မည်ဖြစ်သည်။ နိုင်ငံတိုင်းသည် F-35A၊ F-18 Super Hornet သို့မဟုတ် Eurofighter Typhoon များကို နျူကလီးယားလက်နက် တပ်ဆင်တိုက်ခိုက်နိုင်သည့် စွမ်းရည်ရှိသောတိုက်လေယာဉ်များထိ ခေတ်မီအဆင့်မြှင့်တင်လျက်ရှိသည်။

ဥရောပအခြေစိုက် နျူကလီးယားလက်နက်စုစုပေါင်းအရေအတွက်သည် ၁၉၇၁ ခုနှစ်တွင် စစ်အေးတိုက်ပွဲတင်းမာမှုများ မြင့်မားစဉ်အတွင်း ၇၃၀၀ ထိ အများဆုံးသို့ရောက်ရှိခဲ့သည်။ ယနေ့ သိုလှောင်မှုတွင် ၉၈ ရာခိုင်နှုန်းထိ လျှော့ချထားသော်လည်း အမေရိကန်၏ကာကွယ်ရေးဦးစားပေးမှုများရှိနေခြင်းတို့ကို ထင်ဟပ်စေသည်။ နျူကလီးယားလက်နက်များသည် ဥရောပအတွက် အမေရိကန်၏ ကာလကြာရှည် လုံခြုံရေးကတိကဝတ်များ၏ အရေးကြီးသော သင်္ကေတတစ်ခုဖြစ်သော်လည်း အဖျက်စွမ်းအားကြီးလက်နက် (WMD)များကို ဆက်လက်လက်ခံထားရှိရန် ဥရောပနိုင်ငံများ၏ ဆန္ဒနှင့်ပတ်သက်၍ မေးခွန်းထုတ်မှုများလည်း ထွက်ပေါ်လာခဲ့သည်။

ဥရောပရှိ အမေရိကန် နျူကလီးယားလက်နက်များတွင် နှစ်မျိုးသုံးလေယာဉ်များဖြင့် သယ်ဆောင်အသုံးပြုသည့် B61-3 နှင့် B61-4 ဗုံးများ ပါဝင်သည်။ ယခုအခါ အမျိုးသားနျူကလီးယားလုံခြုံရေး အုပ်ချုပ်မှုအဖွဲ့ (National Nuclear Security Administration-NNSA) ၏ B61-12 သက်တမ်းတိုးချဲ့မှုအစီအစဉ်အရ ခေတ်မီရေးလုပ်ဆောင်လျက်ရှိပြီး အဆင့်မြှင့်ထားသောထိပ်ဖူးများကို လက်ခံထားရှိသည့်နိုင်ငံများ၏ သယ်ယူမည့်လေယာဉ်များခေတ်မီရေးအစီအစဉ်များနှင့်အတူ ယခုနှစ်တွင် ဖြန့်ကြက်ရန် စီစဉ်ထားသည်။ ဤ B61-12 ဗားရှင်းတွင် ထိရောက်မှုနှင့် တိကျမှုနှစ်ခုစလုံးကိုမြှင့်တင်ရန် ဗုံးအမြီးပိုင်းကိရိယာအသစ်တစ်ခု ပါဝင်မည်ဖြစ်သည်။ ၎င်းသည် ပေါက်ကွဲနှုန်း သုည ဒသမ ၃ ကီလိုတန်မှ ၁၇၀ ကီလိုတန်အတွင်း ပြောင်းလဲနိုင်သည့် ပေါက်ကွဲနှုန်းရရှိစေပြီး မဟာဗျူဟာနှင့် နည်းဗျူဟာနှစ်မျိုးလုံးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။

**ဗြိတိန်တွင်ဖြန့်ကြက်မည့်အစီအစဉ်သစ်**

အမေရိကန်၏ ဤရည်မှန်းချက်အတိုင်းဆက်လက်လုပ်ဆောင်လျှင် အမေရိကန်အနေဖြင့် ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း ဗြိတိန်၌ နျူကလီးယားဖြန့်ကြက်မှုကို ပထမဆုံးလုပ်ဆောင်မှုဖြစ်လိမ့်မည်ဖြစ်သည်။ ယခုအချိန်တွင် ဖြန့်ကြက်မည့် နျူကလီးယားလက်နက်သည် B61-12 နျူကလီးယားဗုံး အသစ်ဖြစ်သည်။ အဆိုပါ နျူကလီးယားဗုံး၏ ပေါက်ကွဲအားသည် တန် ၅၀၀၀၀ ခန့်ရှိသည်။ ပထဝီနိုင်ငံရေးဆိုင်ရာတင်းမာမှုများဖြစ်ပေါ်နေချိန်တွင် အမေရိကန်က အဆင့်မြင့်နည်းဗျူဟာမြောက် နျူကလီးယားလက်နက်ကို ဗြိတိန်၌ဖြန့်ကြက်မှုသည် ဥရောပဒေသတွင် နျူကလီးယားတင်းမာမှုကိုမြင့်တက်စေပြီး ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုအပေါ် ပြင်းပြင်းထန်ထန်သက်ရောက်မည်ဟု ခန့်မှန်းထားကြသည်။

အမှန်တကယ်တွင် အမေရိကန်သည် နျူကလီးယားလက်နက်များ ပြန်လည်ဖြန့်ကြက်ရန် အစီအစဉ်ရှိထားပြီးဖြစ်သည်။ ၂၀၂၃ ခုနှစ် ကာကွယ်ရေးဘတ်ဂျက်တွင် အမေရိကန်သည် B61-12 နျူကလီးယားဗုံးဖြန့်ကြက်ရန်အတွက် လိုအပ်ချက်များနှင့်ကိုက်ညီစေရန် ဗြိတိန်အပါအဝင် NATO အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံ၌ထားရှိသော နျူကလီးယားဗုံးများနှင့် နျူကလီးယားအဆောက်အအုံများ အဆင့်မြှင့်တင်ရန်အတွက် အမေရိကန်ဒေါ်လာ ၃၈၄ သန်း ရင်းနှီးမြှုပ်နှံရန် အတိအလင်း စီစဉ်ထားပြီးဖြစ်သည်။ ၂၀၂၃ ခုနှစ်အတွင်းက အမေရိကန်ကွန်ဂရက်သည် ဗြိတိန်၏ Lakenheath လေတပ်စခန်းဌာနချုပ်တွင်ရှိသော အဆောက်အအုံကို ပြင်ဆင်တည်ဆောက်ရန် အမေရိကန်ဒေါ်လာသန်း ၅၀ ကိုခွင့်ပြုခဲ့သည်။ တစ်ချိန်တည်း၌ပင် သုတေသီတချို့ကလည်း ၎င်းစီမံကိန်းသည် နျူကလီးယားလက်နက်များ သိုလှောင်မှုအတွက်ဖြစ်ပြီး အမေရိကန်၏ လုပ်ဆောင်မှုသည် ဗြိတိန်တွင် နျူကလီးယားလက်နက်များ ဖြန့်ကြက်မှုအတွက် ပြင်ဆင်ရန်ဖြစ်သည်ဟု ယုံကြည်လျက်ရှိကြသည်။

ရုရှား-ယူကရိန်းပဋိပက္ခသည် ရှည်လျားလာသောကြောင့် အမေရိကန်သည် ၎င်း၏နျူကလီးယားလက်နက်များကို ဗြိတိန်၌ ပြန်လည်ဖြန့်ကြက်မည့်အစီအစဉ်ကို အကြိမ်ကြိမ် စဉ်းစားလာခဲ့သည်။ တစ်ဖက်၌လည်း ရုရှား၏တိုက်ခိုက်မှုမှ မဟာဗျူဟာမြောက်ဟန့်တားရေးကို ခိုင်မာအားကောင်းစေရန် ရည်ရွယ်ထားသည်။ ၁၉၅၄ ခုနှစ်က ဗြိတိန်တွင် ဖြန့်ကြက်ပြီး နျူကလီးယားဗုံးများကို သိုလှောင်ထားရှိရန် ၁၉၉၀ ပြည့်နှစ်တွင် အဆိုပါ Lakenheath လေတပ်စခန်းဌာနချုပ်၌ နျူကလီးယားမြေအောက်သိုလှောင်ရုံ ၁၀ ခုကို အမေရိကန်လေတပ်က တည်ဆောက်ခဲ့သည်။ ၂၀၀၈ ခုနှစ်ထိ အဆိုပါဗုံးများကို ပြန်လည်ရုပ်သိမ်းခြင်းမရှိပေ။ ရုရှား-ယူကရိန်းပဋိပက္ခစတင်ချိန်မှစ၍ အမေရိကန်သည် ဗြိတိန်၌ စီစဉ်ထားသည့် ပြန်လည်ဖြန့်ကြက်ရေးအစီအစဉ်ကို လုပ်ဆောင်မှုနှင့်အတူ ဥရောပရှိ ၎င်း၏နျူကလီးယားလက်နက်များကို အဆင့်မြှင့်တင်လျက်ရှိသည်။

ခြုံ၍ဆိုရလျှင် မကြာသေးမီက အမေရိကန်သည် ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားတပ်ဖွဲ့ ဖြန့်ကြက်ရန်နှင့် ကမ္ဘာတစ်ဝန်းတွင် နျူကလီးယားဟန့်တားရေး အားသာချက်တိုးတက်ရန် ကြိုးပမ်းမှုကိုအရှိန်မြှင့်ခဲ့သည်။ သာဓကအားဖြင့် အမေရိကန်သည် နျူကလီးယားရေငုပ်သင်္ဘောများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် ဗြိတိန်၊ သြစတြေးလျတို့နှင့် သုံးပွင့်ဆိုင်လုံခြုံရေးမဟာမိတ်တစ်ခုကို ဖွဲ့စည်းခဲ့သည်။ ထို့ပြင် ဂျပန်နှင့် တောင်ကိုရီးယားတို့ကိုလည်း နျူကလီးယားဟန့်တားရေးချဲ့ထွင်ခဲ့ပြီး ဥရောပရှိ ၎င်း၏နျူကလီးယားလက်နက်များ ခေတ်မီအဆင့်မြှင့်တင်ရေးကို အရှိန်မြှင့်ခဲ့သည်။ အမေရိကန်က အသုံးပြုသည့် အကြောင်းပြချက်ကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ကြည့်မည်ဆိုပါက ၎င်းလုပ်ရပ်များသည် ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားပျံ့နှံ့မှုအန္တရာယ်ကို တိုးမြင့်စေဖွယ်ရှိပြီး မတည်မငြိမ်မှုကို ပေါ်ပေါက်စေကာ ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားလက်နက်ပြိုင်ပွဲကိုလည်း လှုံ့ဆော်စေဖွယ်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့နျူကလီးယားအင်အား အကြီးဆုံးနိုင်ငံဖြစ်သည့် အမေရိကန်၏ ဥရောပရှိ ဗြိတိန်နိုင်ငံအတွင်း နျူကလီးယားလက်နက်ဖြန့်ကြက်မှုသည် ပထဝီနိုင်ငံရေးဆိုင်ရာတင်းမာမှုများကို မြင့်တက်စေနိုင်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

**ကိုးကား**


- **China Military Online, US deployment of nuclear weapons in UK may intensify geopolitical confrontation,2024-02-06**
- **www.armscontrolcenter.org, U.S. Nuclear Weapons in Europe,**

# မချမ်းဘော့မြို့နယ်ရှိ ကောင်းမှုလုံစေတီတော်တွင် ဗုဒ္ဓပူဇနိယပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်



**မချမ်းဘော့ ဖေဖော်ဝါရီ ၉**

ကချင်ပြည်နယ် မချမ်းဘော့မြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ကောင်းမှုလုံစေတီတော်တွင် ဗုဒ္ဓပူဇနိယပွဲကို ဖေဖော်ဝါရီ ၁၃ ရက်မှစ၍ ၁၂ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ကောင်းမှုလုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မချမ်းဘော့မြို့နယ်ရှိ ကောင်းမှုလုံစေတီတော်တွင် ဗုဒ္ဓပူဇနိယပွဲနှင့် အဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို တပို့တွဲလဆန်း ၄ ရက်မှ တပို့တွဲလပြည့်နေ့ထိ (ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၄ ရက်ထိ) ၁၂ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဗုဒ္ဓပူဇနိယပွဲတော်ကို ကျင်းပရာမှာ တပို့တွဲလဆန်း ၄ ရက် (ဖေဖော်ဝါရီ ၁၃ ရက်)မှာတော့ ကောင်းမှုလုံစေတီတော် ပရိဝုဏ်အတွင်းမှာရှိတဲ့ တေဇသာလာမှာ ရုံးမှာ ပွဲတော်ဖွင့်ပွဲကို ကျင်းပမှာဖြစ်ပြီး အဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်ကနေ ၂၂ ရက်ထိ ကိုးရက်တာ ရွတ်ဖတ်ပူဇော်သွားမှာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၃ ရက်မှာလဲ သံဃာတော်၂၇ ပါးတို့က ဥပ္ပါတသန္တိသုတ်တော် ရွတ်ဖတ်ပူဇော်ပွဲ၊ ပဒေသာပင် လှည့်လည်ပူဇော်ပွဲ၊ ထမနဲထိုးပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲနဲ့ ညနေပိုင်း ကောင်းမှုလုံစေတီတော် ရင်ပြင်တော်မှာ ဆီမီးပူဇော်ပွဲတို့ကို ကျင်းပသွားမှာ ဖြစ်ပါတယ်"ဟု ဦးရဲထွန်းက ပြောပြသည်။

တပို့တွဲလပြည့်နေ့ (ဖေဖော်ဝါရီ ၂၄ ရက်) နံနက် ၅ နာရီတွင် ကောင်းမှုလုံမုခ်ဦးဘုရား ကိုးဆူတွင် မသိုးသင်္ကန်းဆက်ကပ်ပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ နံနက် ၈ နာရီတွင် အဘိဓမ္မာရေစင်တော်များကို မလိခမြစ်တွင်းသို့ သွန်းလောင်းပူဇော်ခြင်းနှင့် နံနက် ၉ နာရီ မိနစ် ၃၀ တွင် ရေစက်ချအခမ်းအနားတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Materialists ဇာတ်ကား၌ ဒါကိုတာဂျွန်ဆင်၊ ပက်ဒရိုပါစကယ်နှင့် ခရစ်အီဗန်တို့ ပါဝင်ဖွယ်ရှိ

**နယူးယောက် ဖေဖော်ဝါရီ ၉**

Materialists အမည်ရှိအချစ်ဟာသဇာတ်ကားတွင် မင်းသမီး ဒါကိုတာဂျွန်ဆင်၊ မင်းသား ပက်ဒရိုပါစကယ်နှင့် ခရစ်အီဗန်တို့ ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဖေဖော်ဝါရီ ၈ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် အထက်ပါသရုပ်ဆောင်သုံးဦးတို့သည် Material-ists ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် ထုတ်လုပ်သူများနှင့် ဆွေးနွေးနေဆဲဖြစ်သည်။

သဘောတူညီချက်ရခဲ့ပါက ၎င်းသရုပ်ဆောင်သုံးဦး ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာများကို မသိရသေးကြောင်း သိရသည်။

Materialists ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ ဆီလင်းဆောင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားသည် နယူးယောက်မြို့မှ ထိပ်တန်းအောင်သွယ်တော်တစ်ဦး လူချမ်းသာအမျိုးသားတစ်ဦးနှင့် ပတ်သက်ခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# အောင်မြေသာစံမြို့နယ်ရှိ Mandalay Hill Art Gallery တွင် ပန်းချီဆရာရှစ်ဦး၏ စတုမဓုရသ ပန်းချီပြပွဲပြသမည်ဖြစ်

**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ Mandalay Hill Art Gallery တွင် ပန်းချီဆရာရှစ်ဦး၏ စတုမဓုရသ ပန်းချီပြပွဲ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲတွင် ညွှဲသည် ပန်းချီဆရာအဖြစ် ဝင်ရောက်ပြသမည့် ပန်းချီချမ်းမြေ့ထွန်းက ပြောပြ၍ သိရသည်။

အဆိုပါစတုမဓုရသ ပန်းချီပြပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ပန်းချီပြပွဲတွင် ပန်းချီ ကြိုနဒီ၊ ပန်းချီညို၊ ပန်းချီအေးကို (Art)၊ ပန်းချီ စိုးမြင့်ဒွဏ်းနှင့် ညွှဲသည်ပန်းချီဆရာများဖြစ်သည့် ပန်းချီ မွန်ဖူး၊ ပန်းချီ ချမ်းမြေ့ထွန်း၊ ပန်းချီ စုပြည့်၊ ပန်းချီ ယဉ်စုထက်တို့၏ ရေဆေး၊ ဆီဆေး၊ အရိုင်းလစ် စသည့် ပန်းချီလက်ရာများကို ရှုမြင်ရမည်ဖြစ်ကြောင်း သိရသည်။



ယခုနှစ် ဇန်နဝါရီလက ပန်းချီပြပွဲကို တွေ့ရစဉ်။

"ဒီပြပွဲကတော့ ပန်းချီဆရာလေးယောက်ဖြစ်တဲ့ ပန်းချီ ကြိုနဒီ၊ ပန်းချီညို၊ ပန်းချီ အေးကို (Art)၊ ပန်းချီ စိုးမြင့်ဒွဏ်းတို့ရဲ့ လက်ရာတွေကို အဓိကပြသပေးမှာဖြစ်ပါတယ်။ နောက်တစ်ခါ ညွှဲသည် ပန်းချီ လက်ရာတွေဖြစ်တဲ့ ပန်းချီ မွန်ဖူး၊ ပန်းချီ စုပြည့်၊ ပန်းချီ ယဉ်စုထက်တို့ရဲ့ ပန်းချီလက်ရာတွေလဲ မြင်ရမှာပါ။ ကျွန်တော့်ရဲ့ပန်းချီကားတွေလဲ ပါဝင်ပါတယ်"ဟု ပန်းချီချမ်းမြေ့ထွန်းက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၂၀×၃၆) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် ၁၅ သိန်းထိရှိကြောင်း သိရသည်။

ASH

# A Big, Bold, Beautiful Journey ဇာတ်ကား၌ မားဂေါ့ရော့ဘီပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၉**

A Big, Bold, Beautiful Journey အမည်ရှိ ဇာတ်ကားသစ်တွင် မင်းသမီး မားဂေါ့ရော့ဘီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး မားဂေါ့ရော့ဘီနှင့်အတူ မင်းသား ကောလင်းဖာရဲ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

A Big, Bold, Beautiful Journey ဇာတ်ကားသည် အတူသွားရမည့် ခရီးရှည်တစ်ခုကြောင့် တစ်ဦးနှင့်တစ်ဦး ဆက်စပ်မှုရှိလာသော သူစိမ်းနှစ်ဦးတို့၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားကို တောင်ကိုရီးယားနိုင်ငံဖွား အမေရိကန်ဒါရိုက်တာ ကိုဂိုနာဒါက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

မင်းသား ကောလင်းဖာရဲနှင့် ဒါရိုက်တာ ကိုဂိုနာဒါတို့သည် After Yany(2021) ဇာတ်ကား၌ လက်တွဲဆောင်ရွက်ခဲ့ဖူးသူများဖြစ်သည်။

A Big, Bold, Beautiful Journey ဇာတ်ကားရုံတင်ပြသမည့်ရက်ကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# လေးယောက်မြောက်ပြဿနာ ရုပ်သံဇာတ်လမ်းတွဲကို Sky Net နှင့် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

လေးယောက်မြောက်ပြဿနာ ရုပ်သံဇာတ်လမ်းတွဲကို Sky Net နှင့် SKYPREMIER HD ရုပ်သံလိုင်းမှ ဖေဖော်ဝါရီ ၁၆ ရက်မှ စတင်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်သူ သရုပ်ဆောင် မင်းသူက ပြောပြ၍ သိရသည်။

လေးယောက်မြောက်ပြဿနာ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ကတ္တီပါသွေးက ရေးသားထားပြီး ဇာတ်ညွှန်းကို မောင်ယုယက ရေးသားထားကာ ဒါရိုက်တာ စိုးမိုးမင်းက တာဝန်ယူပုံဖော်ရိုက်ကူးထားသည့် SKYPREMIER HD ရုပ်သံလိုင်း၏ မူပိုင်ရုပ်သံဇာတ်လမ်းတွဲလည်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲလေးကတော့ SKYPREMIER HD ရုပ်သံလိုင်းမှာထုတ်လွှင့်ပြသပေးမဲ့ ဇာတ်လမ်းတွဲသစ်ဖြစ်ပါတယ်။ စရိုက်မတူ၊ ပုံစံမတူသူ လေးယောက်၊ လျှို့ဝှက်ချက်တွေကိုယ်စီနဲ့ လူလေးယောက်ဘဝရဲ့ အနက်နဲဆုံး လျှို့ဝှက်ချက်တွေထိ ပြောပြမိရာကနေ ဖြေရှင်းဖို့ခက်ခဲတဲ့ အမှားအယွင်းကြီးတစ်ခု ဖြစ်လာတဲ့အခါ ဘာတွေဆက်ဖြစ်မလဲ ဖန်သားပြင်မှာ စောင့်ကြည့်ပေးပါ"ဟု သရုပ်ဆောင် မင်းသူက ပြောပြသည်။

လေးယောက်မြောက်ပြဿနာ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ကျော်ကျော်ဗို၊ မင်းသူ၊ ၄က်ပျောကြော်၊ ခိုင်မြဲ၊ နန်းဆုရတီစိုး၊ သဲဖြူဦး၊ စောယုနန္ဒာတို့က အဓိကသရုပ်ဆောင်ထားကြပြီး အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ဖေဖော်ဝါရီ ၁၆ ရက်မှစ၍ အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့ ည ၉ နာရီတွင် Sky Net နှင့် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# More than 8,000 travellers visited Bagan Archaeological Museum in 2023


Photo shows the front part of Bagan Archaeological Museum.

**Bagan February 9**

A total of 8,483 local and foreign travellers visited the Bagan Archaeological Museum in NyaungU Township of Mandalay Region from April to December 2023, according to the Bagan branch of Department of Archaeology and National Museum.

During the period, a total of 8,360 local travellers and 123 foreign tourists visited the museum which could earn K38,526,000 from entrance fee.

"Travellers visit the Bagan ancient cultural zone not only in open season but even in monsoon. From April to December in 2023-24 financial year, the Bagan Archaeological Museum admitted visits of 8,483 travellers at home and abroad and generated K38,526,000 from entrance fee. In 2022-23 financial year, a total of 83,433 local travellers and 328 foreign travellers visited the museum," said Daw Thuzar San, assistant director of the department.

The museum was closed from 15 March 2020 to 27 October 2021 so as to prevent infection of Covid-19 pandemic. It was reopened on 28 October 2021, and visitors can join the museum from 9.30 am to 4.30 pm daily except public holidays and every Monday.

At present, the department is making preparations to upgrade the museum to the digital museum for public observation. ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Locals in Yamethin Township plant 23,562 acres of winter sunflowers

**Yamethin February 9**

A total of 23,562 acres of winter sunflowers have been planted in the winter crop planting season in Yamethin Township, Mandalay Region, said U Aung Myo Thant, head of the Department of Agriculture for the township.

The department was earmarked to plant 23,320 acres of sunflowers in the winter crop planting season and 23,562 acres of winter sunflowers was planted since third week of October till now. It is reported that the winter sunflower acreage in this township was more than the target.

"We are planting this so that consumers can consume clean and healthy oil that is safe for domestic consumption. Since the price is not stable in the market, we planted sunflowers in the edible oil market and then stabilized it. When oil is imported from abroad, as a substitute for imported products, the oil that is produced and produced locally can be safely consumed and to supplement the oil that is needed in the oil market," he explained. 185


A sunflower plantation.

# Yamethin Township finishes cultivation of more than 3,000 acres of green gram

**Yamethin February 9**

A total of 3,376 acres of winter green gram have been cultivated in Yamethin Township of Mandalay Region, said U Aung Myo Thant, Head of Yamethin Township Agriculture Department.

Local farmers have so far cultivated 3,376 acres of green gram from the third week of October 2023 against the target of 2,700 acres this cold season.

"This year, local farmers have cultivated 3,376 acres of green gram. Arrangements are being made to expand sown acreage of green gram, boost per-acre yield, and grow crops in GAP. Our department shares agricultural techniques to local farmers for prevention of pests and production of quality crops," he clarified.

The quality crops can be sold at home and abroad. Due to production of quality crops, farmers will have improved socioeconomic life. So, they choose high yield strains of crops suitable for the region. 185


A green gram plantation.

# More than 30,000 acres of oil crops cultivated in Mawlaik District this year

**Mawlaik February 9**

Mawlaik District Agriculture Department stated that a total of 30,578 acres of oil crops have been cultivated in Mawlaik District of Sagaing Region this cold season.

In 2023-24 financial year, Mawlaik District earmarked cultivation of 31,330 acres of oil crops but local farmers started cultivation on 30,578 acres of oil crops from October 2023 to date.

"We are striving for increasing the sown acreage of oil crops. Departmental officials coordinate with local farmers to expand sown acreage of oil crops and boosting per-acre yield. This year, farmers have cultivated more than 30,500 acres of oil crops against the target of over 31,000 acres," said Head of Mawlaik District Agriculture Department Daw Kywe Kywe Hlaing.

This year, Mawlaik Township has grown 3,989 acres of groundnut, 915 acres of sesame, 455 acres of canola, 5,564 acres of sunflower, 1,610 acres of niger and Phaungpyin Township, 10,994 acres of groundnut, 558 acres of sesame, 1,992 acres of canola, 2,407 acres of sunflower and 2,144 acres of sesame, totalling 30,578.

Relevant agriculture departments help local farmers use quality strains of oil crops, grow double and mixed cropping patterns and apply agricultural techniques. 206

# MPA announces 53 container vessels to call at Yangon ports in February 2024



A container vessel moored at Yangon international port.

**Yangon, February 9**

A total of 53 large container ships from 15 international container shipping lines are working to be able to enter the port in February 2024, according to the news released by the Myanma Port Authority (MPA) on February 1.

The MPA is one of the seven state-owned economic enterprises under the supervision of the Ministry of Transport and Communications to facilitate the trade and flow of goods.

In order for such large international container ships to dock monthly, the MPA has jointly built international ports with the private sector. Now, there are 28 jetties in the Yangon port area that can accommodate large international ships and 20 jetties in the Thilawa port area, totaling 48 jetties which can provide services at the same time. The length of the coast is 1,260 nautical miles, and there are nine international ports along the coast, and Yangon International Port is a major international port in Myanmar. It is handling more than 90 percent of the maritime trade volume in Myanmar. 336

# More than 870 foodstuffs, personal goods allowed to be tested at laboratory this FY

**Mandalay February 9**

This financial year, Mandalay Region aims to emerge businesspersons manufacturing foodstuffs and personal goods. So, Mandalay Region Small-scale Industries Department allowed more than 870 items of foodstuffs and personal goods for laboratory test, said regional director U Win Bo.

So far, the department has performed laboratory tests on 447 items of foodstuffs, personal goods and cosmetics and microbiological tests on 432 foodstuffs, cosmetics and personal goods, totalling 879 items.

"This financial year, we conduct two ways of laboratory tests. At present, we have performed 879 items of personal goods, cosmetics and foodstuffs. Such laboratory tests allowed the products under the disciplines. Moreover, the laboratory tests help emergence of businesspersons yearly. The businesspersons need to seek laboratory tests for distribution of products to the market. These products from cottage industries are used by the people on a wider scale, so laboratory tests are essential for them so as to ensure food safety," he explained.


Lab tests being carried out on foodstuffs in a laboratory.

Laboratory test aims to avoid chemical medicines in the foodstuffs in the market for safety consumption of the people. If so, these products will be safe and quality goods for the consumer people. 185

# Sesame, black bean marketable in Mandalay bean and sesame market

**Mandalay February 9**

Varieties of sesame and black bean have high demand in Mandalay beans and sesame market, said U Set Maung Swe, Secretary of Brokers, Merchants and Millers Maha Kahteintaw Association (Mandalay Commodity Depot).

Among trading beans, maize and sesame commodities, varieties of sesame and black bean were dull in the market due to declining demand. At present, merchants purchase a large volume of beans and sesames in Mandalay market.

"Last week, varieties of sesame and black bean were cool in the market. But, these crops are in high demand from local and foreign merchants," he explained.

On 29 January, black sesame fetched K425,000 per bag, brown sesame K320,000 and white sesame K410,000 in Mandalay market.

In the bean market of Mandalay, black bean got K297,000 per bag on 29 January. Moreover, green gram and wheat are also marketable in addition to chickpea.

On 29 January, chickpea V2 fetched K300,000 per bag, chickpea TW K280,000, chickpea 929 K285,000 in the Mandalay market. 184

# U.S. Senate votes to begin working on Ukraine, Israel aid without bipartisan border deal

**Washington February 9**

The Democratic-controlled U.S. Senate on Thursday advanced the aid for Ukraine, Israel and other foreign allies through a key procedure vote, but the legislation is expected to face strong GOP opposition because it's untied to major reforms Republicans have said are vital to border security.

The vote, referred to as a legislative vehicle, was passed 67-32. It was called by Senate Majority Leader Chuck Schumer, a New York Democrat, in an effort to salvage the 60 billion U.S. dollars in aid for Ukraine, as well as some 35 billion dollars for Israel, other foreign allies and national security priorities.

Calling the vote a "good first step," Schumer said the Senate will stay in session until "the job is done."

Schumer took the step to split off the foreign aid from a bipartisan border security deal, which was included in an earlier version of the legislation that Senate Republicans rejected Wednesday, because the overhaul to the country's immigration policy was so controversial that it remains an unovercomable roadblock to approving the aid money for Ukraine and Israel. Xinhua

# Palestinian death toll in Gaza rises to 27,840: ministry

**Gaza February 9**

The Israeli army killed 130 Palestinians and wounded 170 others during the last 24 hours, Gaza-based Health Ministry said in a press statement on Thursday.

This brings the total number of deaths to 27,840 and injuries to 67,317 in the Palestinian enclave since the Israel-Hamas conflict broke out on Oct. 7, 2023, the ministry added.

The ministry noted that with heavy Israeli bombardment and the lack of civil defense and ambulance crews, some victims are still under the rubble.

Meanwhile, the United Nations Special Coordinator for the Middle East Peace Process, Tor Wennesland, warned against any Israeli military action in Rafah, calling for a ceasefire in the Strip.

Rafah is Gaza's southernmost city, a zone previously designated as a safe zone by the Israeli army and to which more than half of Gaza's over 2 million population had fled.

Israeli Prime Minister Benjamin Netanyahu said Wednesday that the Israeli army "prepare to operate in Rafah."

Xinhua


Photo taken on Feb. 8, 2024 shows destroyed buildings at Maghazi refugee camp in central Gaza Strip.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားနိုင်ငံ၏ ဒရုန်းထုတ်လုပ်မှုမြင့်တက်လာကြောင်း ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် ပြောကြားခဲ့



ယခုနှစ်အတွင်း ရုရှားနိုင်ငံသည် ဒရုန်းထုတ်လုပ်မှု တိုးမြှင့်လာပြီး ရုရှားတပ်မတော်အတွင်း ဒရုန်းအများအပြား ဖြည့်တင်းပေးနိုင်ရေး မျှော်မှန်းထားကြောင်း ဒုတိယဝန်ကြီးချုပ် ဒင်းနစ်မန်တူရော့ဗ်က ဖေဖော်ဝါရီ ၄ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်တွင်ကျင်းပနေသည့် ဒုတိယအကြိမ် ကမ္ဘာ့ကာကွယ်ရေးပြပွဲ၏ Sidelines တွေ့ဆုံဆွေးနွေးမှုများ အနေဖြင့် Russia 24 တီဗီချန်နယ်နှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့ကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဖေဖော်ဝါရီ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးလည်းဖြစ်သည့် ဒင်းနစ်မန်တူရော့ဗ်က၏ အဆိုအရ ရုရှားနိုင်ငံသည် လာမည့်သုံးနှစ်အတွင်း ဒရုန်းများထုတ်လုပ်မှုအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ ခွဲဝေသုံးစွဲရန် စီစဉ်နေကြောင်း သိရသည်။

"ပထမအချက်က ဒရုန်းတွေပိုထုတ်လာနိုင်မယ်။ ကျွန်တော်တို့တပ်ဖွဲ့တွေဟာ ယူကရိန်း အထူးစစ်ဆင်ရေးအပါအဝင် နယ်ပယ်အများအပြားမှာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြတာပါ။ ဒရုန်းအမျိုးအစားတွေနဲ့ပတ်သက်ပြီး အကြီးစားဒရုန်းတွေ (UAVs) ကနေ အငယ်စားဒရုန်း (First Person View-FPV) တွေထိ ထုတ်လုပ်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ဒင်းနစ်မန်တူရော့ဗ်က က ပြောကြားခဲ့သည်။

ဒရုန်းထုတ်လုပ်ရေးအစီအစဉ်တွင် FPV ဒရုန်း ရာပေါင်းများစွာနှင့် အကြီးစား ဒရုန်း (UAV) အမြောက်အမြားထုတ်လုပ်ရန် ပါဝင်သည်။

"ဒါဟာ ရုရှားကာကွယ်ရေးဝန်ကြီးဌာနနဲ့ လက်တွဲလုပ်ဆောင်ရမဲ့ အရေးကြီးတဲ့ နယ်ပယ်တွေထဲက တစ်ခုဖြစ်ပြီး ကျွန်တော်တို့ရဲ့ စက်မှုလုပ်ငန်းတွေဟာ စွမ်းဆောင်ရည်နဲ့ ထုတ်လုပ်မှုပမာဏ နှစ်ခုစလုံးကို တိုးမြှင့်လုပ်ဆောင်သွားနိုင်ဖို့ မျှော်လင့်ထားပါတယ်" ဟုဒင်းနစ်မန်တူရော့ဗ်က က ပြောကြားခဲ့သည်။

စစ်ဆင်ရေးနယ်မြေအတွင်း နည်းဗျူဟာမြောက် အမြန်အလှန် တုံ့ပြန်လုပ်ဆောင်နိုင်မှုကိုသေချာစေရန် ဆက်သွယ်ရေးစက်ပစ္စည်းကိရိယာများကို ပမာဏများများထုတ်လုပ်သွားမည်ဖြစ်ပြီး အကြီးစားနှင့် အပေါ့စား သံချပ်ကာယာဉ်များ၊ လေကြောင်းရန် ကာကွယ်ရေးစနစ်များနှင့် တန်ပြန်စစ်ဆင်ရေးသုံး စက်ပစ္စည်းကိရိယာများပါ တိုးချဲ့ထုတ်လုပ်နိုင်သည်ကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။

ရုရှား-ယူကရိန်း အထူးစစ်ဆင်ရေးတွင် ဒရုန်းများအသုံးပြုမှုသည် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့သည်။ အဆိုပါ ဒရုန်းထုတ်လုပ်မှုနည်းပညာကို ၂၁ ရာစု စစ်မြေပြင်များတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့သော်လည်း လက်ရှိပဋိပက္ခသည် ယခင်က တစ်ခါမျှမမြင်ဖူးခဲ့သော အလိုအလျောက် တိုက်ပွဲဝင်လုပ်ဆောင်နိုင်စွမ်းရှိသည့် ဆန်းသစ်တီထွင်မှုများ ထွက်ပေါ်လာစေခဲ့သည်ဟု စစ်ရေးကျွမ်းကျင်သူများက သုံးသပ်ခဲ့သည်။

**Russian drone production soaring – deputy PM ကို ဘာသာပြန်ဆိုထားပါသည်။**

## အက်စ်တိုးနီးယားက ယူကရိန်းကို ကန်ဒေါ်လာ ၈၈ သန်းတန်ဖိုးရှိ စစ်ရေးအကူအညီ ပေးအပ်သွားမည်

အက်စ်တိုးနီးယားနိုင်ငံသည် ယူကရိန်းနိုင်ငံသို့ စစ်ဘက်ဆိုင်ရာ အကူအညီပံ့ပိုးရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အမေရိကန်ဒေါ်လာ ၈၈ သန်းတန်ဖိုးရှိ စစ်လက်နက်ပစ္စည်းကိရိယာများ ပေးအပ်သွားမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ယူကရိန်းနိုင်ငံသို့ စစ်ဘက်ဆိုင်ရာအကူအညီများ အချိန်ကာလကြာမြင့်စွာ ပံ့ပိုးရန် ကတိပြုခဲ့ပြီးနောက် ယခုကဲ့သို့ သတင်း ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအကူအညီတွင် Javelin တင့်ဖျက်ဒုံးကျည်များ၊ စက်သေနတ်များ၊ စစ်ဘက်သုံးယာဉ်မျိုးစုံ၊ စစ်ရေယာဉ်များနှင့် ရေငုပ်ကိရိယာများပါဝင်သည်။ အက်စ်တိုနီးယားကာကွယ်ရေးဝန်ကြီး Hanno Pevkur က အဆိုပါ ပံ့ပိုးမှုသည် NATO မိတ်ဖက်နိုင်ငံအနေဖြင့် အကူအညီပေးခြင်းဖြစ်ကြောင်း အလေးထားပြောကြားခဲ့သည်။

"ဥရောပမှာ နောက်ဆုံးဖြစ်ပေါ်နေတဲ့ အခြေအနေတွေအရ ယူကရိန်းနိုင်ငံလိုအပ်တဲ့ ဒုံးကျည်တွေနဲ့ တခြားစစ်ရေးအကူအညီတွေ အများအပြားပေးပို့နေတာဟာ ကျွန်တော်တို့ရဲ့ မဟာမိတ်တွေနဲ့အတူ ယူကရိန်းအောင်ပွဲခံနိုင်တဲ့ထိ ဆက်ပြီး ပံ့ပိုးသွားမယ်လို့ ကရင်မလင်နန်းတော်ကို ပြတ်ပြတ်သားသား သတင်းစကားပေးပို့ခဲ့တာဖြစ်ပါတယ်"ဟု အက်စ်တိုနီးယားကာကွယ်ရေးဝန်ကြီး Hanno Pevkur က ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံ၏ လုံခြုံရေးအခြေအနေများကြောင့် စစ်လက်နက်ပစ္စည်းကိရိယာ အရေအတွက်၊ ယူကရိန်းသို့ရောက်ရှိမည့် အချိန်နှင့် တည်နေရာအတိအကျကို ထုတ်ဖော်ပြောဆိုခဲ့ခြင်း မရှိပေ။

အက်စ်တိုးနီးယားနိုင်ငံသည် ယူကရိန်းနိုင်ငံအတွက် စစ်ရေးအကူအညီစုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၅၅၀ သို့မဟုတ် ၎င်း၏ ပြည်တွင်းအသားတင်ထုတ်ကုန်၏ ၁ ဒသမ ၄ ရာခိုင်နှုန်းခန့်ကို ပံ့ပိုးပေးခဲ့ပြီးလည်းဖြစ်သည်။ ပြီးခဲ့သောနှစ်တွင် အက်စ်တိုးနီးယားနိုင်ငံသည် ခြေလျင်တပ်ဖွဲ့သုံး လက်နက်များ၊ ဖင်လန်နိုင်ငံက တင်ပို့လွှဲပြောင်းခွင့်ပြုထားသော D-30 ဟောင်ဝစ်ဇာယာဉ်ဆွဲအမြောက်များ ပြန်လည်တင်ပို့ခြင်းအပါအဝင် ကာကွယ်ရေးဆိုင်ရာထောက်ပံ့မှုအမျိုးမျိုးကို ထုတ်ပြန်ကြေညာခဲ့သည်။


အခြားပံ့ပိုးမှုများတွင် စစ်မြေပြင် မိုဘိုင်းလ်ဆေးရုံများ၊ ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ တစ်ကိုယ်ရေ အကာအကွယ်ပစ္စည်းများနှင့် အစားအသောက် ရိက္ခာခြောက်ထုပ်များအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပါဝင်သည်။



**Estonia Delivers $88 Million in 'Long-Term' Military Aid to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## ဗြိတိန်နိုင်ငံ BAE Systems ကုမ္ပဏီက လျှို့ဝှက်ဆန်းကြယ်သော ဒရုန်းဒီဇိုင်းပုံစံတူကို ထုတ်ဖော်ပြသခဲ့

ဗြိတိန်နိုင်ငံ၏ အကြီးဆုံးကာကွယ်ရေးကုမ္ပဏီ BAE Systems သည် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ကာကွယ်ရေးပြပွဲတွင် လျှို့ဝှက်ဆန်းကြယ်သော ဒရုန်းဒီဇိုင်းပုံစံတူကို ထုတ်ဖော်ပြသခဲ့ကြောင်း Defence-Blog သတင်းဌာနက ဖေဖော်ဝါရီ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။



BAE Systems ကုမ္ပဏီသည် လျှို့ဝှက်ဆန်းကြယ်သော ဒရုန်းဒီဇိုင်း၏ အယူအဆသစ်ကို ပထမဆုံးအကြိမ် လူသိရှင်ကြားပြသခဲ့ခြင်းဖြစ်သည်။ ဤဒရုန်းဒီဇိုင်း ပုံစံတူကို လျှို့ဝှက်စွာ ထုတ်လုပ်ထားခြင်းဖြစ်ပြီး လူသိနည်းသည့် ဒီဇိုင်းပုံစံလည်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒရုန်းစနစ်နှင့်ပတ်သက်သည့် အသေးစိတ် အချက်အလက်များ၊ အမည်နှင့် လုပ်ဆောင်နိုင်စွမ်းများကို ကုမ္ပဏီက တိတိကျကျ ထုတ်ဖော်ပြောကြားထားခြင်း မရှိပေ။ သို့သော်လည်း အဆိုပါဒရုန်းသည် တိုက်ခိုက်ရေး၊ ထောက်လှမ်းရေး၊ စောင့်ကြည့်ရေး၊ ကင်းထောက်ရေးနှင့် လေကြောင်းထိန်းချုပ်ရေးတို့တွင် လက်ရှိတပ်ဖွဲ့များ၌ အင်အားဖြည့်တင်းရန် ရည်ရွယ်ထားသည့် အလတ်တန်းစား ဒရုန်းအမျိုးအစားဖြစ်ကြောင်း BAE Systems ကုမ္ပဏီက အတည်ပြုထုတ်ပြန်ခဲ့သည်။

အဆိုပါစနစ်တွင် ဂျက်အင်ဂျင်တစ်လုံးတည်းနှင့် စိန်ပုံသဏ္ဌာန်ရှိသော Delta Wing တောင်ပံများဖြင့် ထူးခြားသော ဒီဇိုင်းကို ထုတ်ဖော်ပြသထားသည်။ ဒရုန်းကိုယ်ထည်နောက်ပိုင်းတွင် ဒေါင်လိုက်အမြီး တောင်ပံများပါဝင်ပြီး အင်ဂျင်အိတ်ဇောသည် ၎င်းတို့ကြားတွင် တပ်ဆင်ထားကြောင်း သိရသည်။

ဤဒရုန်းစနစ်သစ်၏ စွမ်းဆောင်ရည်များနှင့် ရည်မှန်းချက်တာဝန် ထမ်းဆောင်နိုင်မှုအလားအလာများအကြောင်း အတိအကျ အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း ယခုကဲ့သို့ ထုတ်ဖော်ပြသမှုသည် BAE Systems ကုမ္ပဏီထုတ် ဒရုန်းစနစ်များ၏ ဆင့်ကဲတိုးတက် ဖွံ့ဖြိုးမှုဖြစ်စဉ်အတွက် သိသာထင်ရှားသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း အချက်ပြခြင်းလည်းဖြစ်ကြောင်း သိရသည်။

**BAE Systems unveils mystery drone at arms fair ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၀၈၈ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ထီးချိုင့် ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၀၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၀၆၂၀ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၀၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ထီးချိုင့်မြို့နယ်မှာ နွေစပါးဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိ နွေစပါးဧက ၇၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နွေစပါးစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်နေပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ၂၀၂၃ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၀၆၂၀ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှစ၍ ဧပြီလထိ စိုက်ပျိုးခဲ့ရာ ၁၀၂၆၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် နွေစပါးစိုက် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲတတ်စေရန်၊ နွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် မိုးစပါးနှင့် မိုးသီးနှံရိတ်သိမ်းအပြီး နွေစပါးနှင့် အခြားသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်ထားသည့် သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ မြေဆီလွှာအာဟာရ ဖြည့်တင်းရေးဆိုင်ရာလုပ်ငန်းများနှင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များကြိုတင်စုဆောင်းရေးဆိုင်ရာလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ကြိုတင်ပြင်ဆင်ထားကြရန်နှိုးဆော်ထားကြောင်း သိရသည်။ (၂၀၆)

# ဘားအံမြို့နယ် ရိုးမဟာကျေးရွာ၌ ဆဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဖေဖော်ဝါရီ ၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရိုးမဟာကျေးရွာ၌ ဆဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။



ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ရိုးမဟာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဘိုဘို**

# စလင်းမြို့နယ် လက်ပကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**စလင်း ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လက်ပကန်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် အင်ဂျင်နီယာများက ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေးလမ်းကော်မတီဝင်များ၊ တော်ဝင်ထွန်းကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ လက်ပကန်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က အဆိုပါလုပ်ငန်းကို ကျေးရွာတာဝန်ရှိသူများထံ စနစ်တကျ လွှဲပြောင်းပေးအပ်ရန် ကုမ္ပဏီမှ တာဝန်ရှိသူများကို မှာကြားသည်။

လက်ပကန်ကျေးရွာ၌ လမ်းအရှည် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကုန်ထုတ်လမ်းနှင့် အဆိုပါကုန်ထုတ်လမ်းပေါ်တွင် အရှည် ပေ ၂၀၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်ပေရှိ ကွန်ကရစ်တံတားတစ်စင်းနှင့် Pipe Culvert တစ်စင်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မူလခွင့်ပြုရန်ပုံငွေကျပ် ၅၁ ဒသမ ၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် တော်ဝင်ထွန်းကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းသန်းစိုး**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၉-၂-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၅၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

## ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဆိုတာ

ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဆိုတာ အများစုကရွေးချယ်တဲ့ကိစ္စ၊ အများစုရဲ့ဆန္ဒကို ဥပဒေနဲ့အညီ စီမံဖော်ဆောင်ခြင်းဖြစ်ပါတယ်။ အလားတူ ဒီမိုကရေစီရဲ့ကျင့်စဉ်အရ အနည်းစုရဲ့ဆန္ဒကိုလည်း လေးစားတန်ဖိုးထားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ထူထောင်ဖို့၊ ဒီမိုကရေစီစနစ်မယိုင်လဲစေဖို့ လိုအပ်ချက်ကတော့ ဒီမိုကရေစီစိတ်မွေးဖို့၊ စည်းကမ်းစနစ်ကျနတဲ့၊ ဥပဒေကိုလေးစားတန်ဖိုးထားလိုက်နာတဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာစေရေးပဲ ဖြစ်ပါတယ်။



**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း (၈)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)**

**၁၅-၁၀-၂၀၂၃**

# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးနှင့် သန်းခေါင်စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗဟို သန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရောဝတီတိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အတူ ယနေ့ နံနက် ၉ နာရီခွဲတွင် ပုသိမ်မြို့ရှိ ရောရွှေဝါခန်းမ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များ၊ သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနကတာဝန်ယူ၍ နိုင်ငံအတွင်းနေထိုင်သူအားလုံးကို ကိုယ်ရေးအချက်အလက် (Biographic)နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူကာ e -ID Database အတွင်း သိမ်းဆည်းပြီး ဂဏန်း ၁၀ လုံးပါဝင်သည့် Unique ID နံပါတ် သတ်မှတ်ထုတ်ပေးလျက်ရှိရာ နိုင်ငံသားကတ်ရှိပြီးသူများနှင့် နိုင်ငံသားကတ်အသစ်လျှောက်ထားသူများပါ e-ID စနစ်ဖြင့် တစ်ပါတည်း Biographic/ Biometric ကောက်ယူခြင်းကိုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကိုလည်း တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကော်မတီအဆင့်ဆင့်က အောင်မြင်စွာ ကောက်ယူနိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်အားလုံးသည် မဲစာရင်းမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အားလုံးက သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရောဝတီတိုင်းဒေသကြီးအတွင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူဆောင်ရွက်မှုနှင့် ဗဟိုကော်မတီသို့သတ်မှတ်စာရင်းဇယားများပေးပို့ပြီးစီးမှု၊ ပန်းခင်းစီမံချက်အဆင့်(၃)အတွက် လျာထားချက်များပြည့်မီပြီးစီးရေးနှင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုနှင့် ကော်မတီများအလိုက် လုပ်ငန်းများအောင်မြင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက မြေပြင်ကွင်းဆင်းစာရင်းကောက်ယူမှုနှင့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ရှိ မြို့တော်ခန်းမ၌ ပုသိမ်မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများက မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ထုတ်ပေးခြင်း၊ e-ID စနစ်အတွက် Biographic/ Biometric ကောက်ယူခြင်းလုပ်ငန်းတို့ကို One Stop Service ဖြင့် ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူများအား လုပ်ငန်းဆိုင်ရာအခက်အခဲများကို မေးမြန်းဆွေးနွေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

အဆိုပါအခမ်းအနားတွင် ပုသိမ်မြို့နယ်ရှိ ဒေသခံပြည်သူများအနက် နိုင်ငံသားကတ်မရှိသေးသူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ထုတ်ပေးပြီးနောက် e-ID စနစ်အတွက် ကိုယ်ရေးအချက်အလက်(Biographic)နှင့် ဇီဝဆိုင်ရာအချက်အလက်(Biometric)များ ကောက်ယူခြင်းလုပ်ငန်းကို တစ်ပါတည်း ဆောင်ရွက်ပေး၍ နိုင်ငံသားကတ်ရှိပြီးသူများကို Biographic နှင့် Biometric များ ကောက်ယူကာ e-ID စနစ်အတွက် ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို တစ်နေရာတည်း၌ တစ်ပါတည်း ဆောင်ရွက်ပေးခြင်းဖြစ်ရာ နိုင်ငံသားကတ်မရှိသေးသူဦးရေ ၁၅၀ ကို နိုင်ငံသားကတ်ထုတ်ပေးခဲ့ပြီး နိုင်ငံသားကတ်ရှိပြီးသူ ၁၀၂ ဦးနှင့်အတူ စုစုပေါင်း ၂၅၂ ဦးကို e-ID စနစ်ဆောင်ရွက်ပေးပြီး Unique ID နံပါတ်များထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် EV ဆိုင်ရာ လျှပ်စစ်ယာဉ်များ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ထို့ကြောင့် ပြပွဲအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူစားသုံးနိုင်ပြီး တိုင်းရင်းသားများ၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်သည့်အတွက် မည်သူမဆို နံနက် ၈ နာရီမှ ည ၁၀ နာရီထိ လွတ်လပ်စွာလာရောက်လေ့လာဝယ်ယူစားသုံးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အငြိမ်းစားဝန်ထမ်းဟောင်းများ ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများကို ဖူးမြော်လေ့လာကြည့်ရှုစဉ်။

စာ ၂၀ ရှေ့ဖုံးမှအဆက်

ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အငြိမ်းစားဝန်ထမ်းများသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးကို အဆင်ပြေချောမွေ့စွာလာရောက် ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူးအငြိမ်းစားဝန်ထမ်းများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများနှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည့်ရှုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများလည်း လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ခဲ့ကြသည့်







အငြိမ်းစားဝန်ထမ်းများ၏ ရင်တွင်းစကားသံများကို ယခုလိုကြားသိခဲ့ရပါတယ် -

"မင်္ဂလာပါဗျာ။ မကွေးကနေပြီး နေပြည်တော်က ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရတဲ့အခါမှာတော်တော်များများအဆင်ပြေတာတွေ့ရတယ်။ ကားစီးလာတုန်းကလည်းအဆင်ပြေတယ်။ ဒီရောက်တော့လည်းအဆင်ပြေတယ်။ စားသောက်ဖို့လည်းအဆင်ပြေတယ်။ ဒီမှာရှိတဲ့လူတွေကလည်း ရင်းရင်းနှီးနှီးကြိုဆိုပြီး စနစ်တကျ ကျွန်တော်တို့ကို ရှင်းပြပေးတဲ့အတွက် ကျွန်တော် တော်တော်ကိုပီတိဖြစ်မိပါတယ်။ ကျွန်တော်တို့ အညာမှာရှိတဲ့ ဘုရားတွေဟာ ဒီဘုရားကြီးနဲ့ယှဉ်ရင် သေးသေးလေးပေါ့။ ဒီမှာကျတော့ အကြီးကြီးပဲ။ အဲဒါကြောင့် ကျွန်တော်ကပြောလိုက်ချင်တာ "ကြီးကြီးနဲ့ ကျယ်ကျယ် မင်းတည်တဲ့ဒီဘုရား ဘေးမသီရန်မခ လိုတရပြည့်စုံစေတယ် ဖူးမြော်ဆုတောင်း" ဆိုတဲ့ ကဗျာလေးကိုကျွန်တော်ပြောချင်ပါတယ်။ အာရှမှာရွှေမြန်မာ ကမ္ဘာမှာအလွန်ထင်ရှား ကျောင်းကန်ဘုရား လှူဒါန်းကြ၏၊ သံဃာအကျော်နှစ်စဉ်ပေါ်၏၊ တရားသံများအမြဲကြား၏၊ ဘုရားဖူးနေ့စဉ်ခေါ်၏၊ ရဟန်းရှင်လူ မင်းပြည်သူတို့ ပေါင်းစုအားကြောင့် နေရပျော်သည် ပြော၍နေသည် နေပြည်တော်မှာပျော်ပါသည်။

ဒီဘုရားနဲ့ပတ်သက်တဲ့ နှီးနွှယ်ဆက်စပ်တဲ့ ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အကြီးအကဲများအားလုံးကို ကျွန်တော်တို့က လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်တယ်ဆိုတဲ့အကြောင်း တင်ပြလိုပါတယ်။

"ဒီရုပ်ပွားမြတ်တော်ကြီးကို အရင်က ဝင်ရောက်ဖူးမြော်ဖူးပါတယ်။ အခုလိုဘုရားရင်ပြင်တော်ပေါ်မှာ လိုက်လံဖူးမြော်ရာမှာ ဒီလောက်နေပူနေတာတောင် ရင်ပြင်တော်ပေါ်မှာခင်းထားတဲ့ စကျင်ကျောက်ပြားတွေကြောင့် အေးအေးဆေးဆေး လမ်းလျှောက်လို့ရတယ်။ ဖူးမြော်လို့ရပါတယ်။ ဘုရားဖူးပို့ဆောင်ပေးတဲ့ အစိုးရဌာနအဖွဲ့အစည်းများကို ကျေးဇူးတင်ပါတယ်။ အရင်တုန်းကတော့ တီဗီပေါ်မှာပဲ ဖူးမြော်ရတာပါ။ အခုတော့ စကျင်ကျောက်နဲ့ ထုဆစ်ထားတဲ့ ဘုရားကြီးကို ကိုယ်တိုင်လည်း လက်တွေ့ဖူးမြော်ရတယ်။ ဖူးမြော်ရာမှာလည်း ဘုရားကြီးက သပ္ပာယ်ကြည်ညိုဖို့ အလွန်ကောင်းပါတယ်။ အခုက မိသားစုတွေမပါသေးပါဘူး။ တစ်ယောက်တည်းလာရတာဆိုတော့ မိသားစုနဲ့လည်း လာရောက်ဖူးမြော်ချင်ပါသေးတယ်။"

"ဆရာမကြီးက ပညာရေးဌာနက အငြိမ်းစားတစ်ယောက်ဖြစ်ပါတယ်။ မကွေးမြို့နယ်ကနေ လာရောက်ဖူးမြော်တာဖြစ်ပါတယ်။ ဒီကိုလည်း တစ်ခါမှ လာရောက်မဖူးမြော်ဖူးပါဘူး။ အခုလို အစိုးရအစီအစဉ်နဲ့ လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် အရမ်းကို ဝမ်းသာပီတိဖြစ်ပြီးတော့ ကျေးဇူးလည်းတင်ပါတယ်။ ဖူးမြော်ရတာလည်းအလွန်ကိုကြည်ညိုစရာကောင်းပါတယ်။ ဘုရားကြီးကိုဖူးမြော်ရတဲ့အချိန်မှာ လာရတဲ့ခရီးကိုယ့်ရဲ့ပင်ပန်းနေတဲ့စိတ်တွေ အရာအားလုံးပျောက်သွားပြီးတော့ ကြည်နူးနေတဲ့စိတ်အပြည့်နဲ့ ပျော်ပျော်ရွှင်ရွှင်ဖြစ်မိတာတော့ အမှန်ပါပဲ။ ဘုရားကြီးကို အခုလိုဖူးမြော်နိုင်အောင် တည်ပေးတဲ့ ဘုရားဒါယကာကြီးကိုလည်း အလွန်ကိုပဲ ကျေးဇူးတင်ပါတယ်။ ခေတ်အဆက်ဆက်မှာလည်း နောင်လာနောက်သားလေးတွေ အခုလို လာရောက်ဖူးမြော်ပြီးတော့ ကြည်နူးပျော်ရွှင်နေမှာပါ။ သဒ္ဓါတရားတွေလည်း ဖြစ်ပေါ်နေမယ်ဆိုတာ ဆရာမကြီးအနေနဲ့ ယုံကြည်မိပါတယ်။

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အကြိမ်(၂၀)မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ကျင်းပ



မန္တလေး ဖေဖော်ဝါရီ ၉

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အကြိမ် (၂၀)မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးကျုံးနှင့် နန်းမြို့ရိုးကြား ရတနာပုံဥယျာဉ်အတွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးတပ်နယ်မှူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ပြပွဲ၊ ပြိုင်ပွဲတွင်ပါဝင်ကြသူများ၊ ပျိုးဥယျာဉ်လုပ်ငန်းရှင်များ၊ ပန်းပညာရှင်အသင်းများမှ တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုဂုဏ်ပြုအမှာစကားပြောကြားပြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များ၊ ဌာနဆိုင်ရာပြခန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME)ပြခန်းများ၊ ပျိုးပင်အရောင်းဆိုင်ခန်းများ ပြသထားမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူး ဦးတိုးမင်းက အမှတ်ပေးဆုရွေးချယ်ပေးခဲ့မှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးတပ်နယ်မှူးနှင့် တာဝန်ရှိသူများက အကြိမ်(၂၀)မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲတွင် ပန်းအလှပြုပြင်ခြင်း၊ ပန်းအလှပင်၊ အရွက်အလှပင်၊ ပြည်တွင်းသစ်ခွ၊ ပြည်ပသစ်ခွ၊ နှင်းဆီပင်၊ ရှားစောင်းပင်၊ သက်ကြီးပုပင်၊ အသီးပါသည့် အလှပင်၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ သစ်သီးပုံဖော်အလှဆင်၊ ရာသီပန်းပင် စသည့် အမျိုးအစားအလိုက်ပြိုင်ပွဲများမှ ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် ပူးတွဲဆုရရှိသူများကို ဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ မြို့တော်ဝန် ဦးကျော်ဆန်းက မြို့တော်ဝန်ဖလားဆုရရှိသူ ပြင်ဦးလွင်မြို့မှ ဒေါ်စိမ်းမြတ်မွန်အား မြို့တော်ဝန်ဖလားကိုလည်းကောင်း၊ ဌာနဆိုင်ရာပြခန်းများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ယှဉ်ပြိုင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကုန်သွယ်ဖက်နိုင်ငံများအပြင် နိုင်ငံတကာသို့ ဈေးကွက်ရှာဖွေချိတ်ဆက်တင်ပို့နိုင်ရေးဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့နယ်စပ်ကုန်သည်များအသင်းရုံး၌ဌာနဆိုင်ရာများ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်များတင်ပို့ရာတွင် ယခုဒေသသည် ရေထွက်ကုန်ပစ္စည်းများ အဓိကတင်ပို့သည့်ဒေသဖြစ်ပြီး ပင်လယ်မှဖမ်းဆီးရမှုအပြင် မွေးမြူထားသောရေထွက်ကုန်များကိုပါ ကုန်ကြမ်းအပြင် ကုန်ချောထုတ်လုပ်တင်ပို့သကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးတွင် အဓိကစိုက်ပျိုးသော ရော်ဘာကိုလည်း အဆင့်မြင့်တင်၍ တင်ပို့ခြင်း၊ သတ္တုတင်ပို့ခြင်းများကိုလည်း နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ အလေးထားဆောင်ရွက်ကြရန်၊ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းထွက် ထုတ်ကုန်ပစ္စည်းများကို နိုင်ငံတကာဈေးကွက်တွင် ကောင်းစွာယှဉ်ပြိုင်နိုင်ရန် စံချိန်စံညွှန်းမီ၊ အရည်အသွေးမီ ကုန်ပစ္စည်းများပြုပြင်ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဒေသထွက်ရေထွက်ကုန်များကို ပြည်တွင်းစားသုံးမှုနှင့် ပို့ကုန်တင်ပို့မှုတို့အတွက် အထောက်အကူဖြစ်စေရေး ဒေသရှိ အသင်းအဖွဲ့များနှင့်ဈေးကွက်ရှိရာ ဒေသအလိုက်အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရန်၊ ပို့ကုန်ထုတ်လုပ်သည့် စက်ရုံများအားလုံး ကောင်းစွာလည်ပတ်နိုင်ရေး ကြိုးပမ်းကြရန်၊ စက်ရုံများ၏ ထုတ်လုပ်မှုစွမ်းဆောင်ရည်တိုးမြှင့်ရေးဆောင်ရွက်ရန်၊ ကုန်သွယ်မှု သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ သိရှိအောင်ချိတ်ဆက်ဆောင်ရွက်ရန်နှင့် အကြံပြုချက်များကို ဆွေးနွေးပေးကြရန် ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပထော်ပတက်ကျွန်းရှိ ပြည့်ဖြိုးထွန်းကုမ္ပဏီ၏ပုစွန်ထုတ်လုပ်သည့် အအေးခန်းစက်ရုံ၊ ငါးအမှုန့်ကြိတ်စက်ရုံ၊ ပထော်ရေလှောင်တမံတွင် ရေပေါ်၌ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်ဆောင်ရွက်နေမှုနှင့် ပနားမီးပုစွန်မွေးမြူရေးကန်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ထူးထူးတိုးကုမ္ပဏီ၏ ငါးအမှုန့်ကြိတ်စက်ရုံနှင့်Texchem Food Myanmarလီမိတက်၏ ရေထွက်ကုန်အအေးခန်းစက်ရုံသို့ရောက်ရှိရာ တာဝန်ရှိသူများက ပုစွန်မွေးမြူမှု၊ကုန်ချောထုတ်လုပ်မှုနှင့်ပြည်ပသို့တင်ပို့ရန် ထုပ်ပိုးနေမှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြည်ပဈေးကွက်ပိုမိုရရှိရေးပို့ကုန်များကို လက်ရှိတင်ပို့နေသည့် ကုန်သွယ်ဖက်နိုင်ငံများအပြင် နိုင်ငံတကာသို့ ဈေးကွက်ရှာဖွေချိတ်ဆက် တင်ပို့နိုင်ရေးဆောင်ရွက်ရန်နှင့် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည့် အရည်အသွေးပြည့်မီစေရေးအလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ခရီးသွားဘဏ်မှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တွေ့ဆုံ၍ ငွေကြေးပေးချေမှုကိစ္စရပ်များ လွယ်ကူအဆင်ပြေမှုရှိစေရေးအတွက် ဆွေးနွေးပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မြန်မာ့ခရီးသွားဘဏ်မှ CEO ဦးဝင်းလွင်နှင့် တာဝန်ရှိသူများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန နီလာခန်းမ၌တွေ့ဆုံပြီး ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသများသို့သွားရောက်လည်ပတ်ရာတွင် ငွေကြေးပေးချေမှုကိစ္စရပ်များ လွယ်ကူအဆင်ပြေမှုရှိစေရေးအတွက် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်အတွက် မြန်မာ့ခရီးသွားဘဏ်ကိုထူထောင်ခဲ့မှု၊ ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် ဘဏ်များ၏အခန်းကဏ္ဍအရေးကြီးမှု၊ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည်များ၏ ငွေကြေးပေးချေမှုလွယ်ကူအဆင်ပြေစေရန် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည့် ဝန်ထမ်းထုမိတ်ဆုံစားပွဲသို့ တက်ရောက်၍ စနစ်တကျရှိခြင်းနှင့် စည်းစနစ်ကျနစွာလုပ်ကိုင်ဆောင်ရွက်တတ်ခြင်းသည် ရုံးလုပ်ငန်းများအောင်မြင်ရေးအတွက် အရေးကြီးသဖြင့် ကြိုးစားလေ့ကျင့်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်းနှင့် အရည်အချင်းပြည့်ဝပြီး ဝန်ကြီးဌာနနှင့်နိုင်ငံအကျိုးသယ်ပိုးနိုင်သော ဝန်ထမ်းကောင်းများဖြစ်အောင် လေ့လာသင်ယူသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်အတူ နေ့လယ်စာကိုအတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံနှင့် တနိုင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်- ၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင် သတင်းထုတ်ပြန်ထားပြီးဖြစ်ရာ ယနေ့တွင်လည်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF သင်တန်းဆင်း အလင်းဝင်ရောက်သူများကို မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခြင်းနှင့် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် လက်နက်၊ ခဲယမ်းများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ခြင်းကို ပုသိမ်မြို့ အနောက်တောင်တိုင်းစစ်ဌာနချုပ် ရေဝတီခန်းမ၌ ကျင်းပပြုလုပ်ရာ ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဥပဒေဘောင်အတွင်း အလင်းဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



**အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းထံ PDF အဖွဲ့ဝင် တစ်ဦးက လက်နက်အပ်နှံစဉ်။**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ရေဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား လေးဦးတို့သည် ၎င်းတို့နှင့်အတူပါလာသည့် M-4 အမျိုးအစား မောင်းပြန်ရိုင်ဖယ်တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း၅၀၊ Glock ပစ္စတိုတစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း၂၀၊ Zoraki ပစ္စတိုတစ်လက်အတွက် ကျပ်သိန်း၂၀ စုစုပေါင်းကျပ်သိန်း ၉၀နှင့် ထောက်ပံ့ပစ္စည်းများ၊ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် လက်နက်၊ ခဲယမ်းများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူများက အသီးသီးလက်ခံရယူခဲ့ပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက ၎င်းတို့နှင့်အတူပါလာသည့် M-4 အမျိုးအစားမောင်းပြန်ရိုင်ဖယ်တစ်လက်၊Glock ပစ္စတိုတစ်လက်၊ Zoraki ပစ္စတိုတစ်လက်ကို အပ်နှံကြရာ တိုင်းမှူးက လက်ခံရယူသည်။

ထို့နောက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF သင်တန်းဆင်း အလင်းဝင်ရောက်သူများ၏ မိသားစုဝင်များကိုယ်စား ဖခင်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လက်နက်၊ ခဲယမ်းများကိုကြည့်ရှုစစ်ဆေးသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# တိုက်ကြီးမြို့နယ် ဇောဓိကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကတိုင်စိန်ကျေးရွာအုပ်စု ဇောဓိကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုက်ကြီးတပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ မဟာဇောဓိကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ဖျားနာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော်နှစ်ပါးနှင့် ဒေသခံပြည်သူ ၁၂၂ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

# လားရှိုးပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင် အခြေခံစစ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၄)သင်တန်းဆင်းပွဲနှင့် လက်နက်တပ်ဆင်အပ်နှင်းပွဲ ကျင်းပ




**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး လားရှိုးပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်တစ်ဦးကို လက်နက်အပ်နှင်းပေးစဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ လားရှိုးပြည်သူ့စစ်(ဌာနေ)အဖွဲ့ အခြေခံစစ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၄) သင်တန်းဆင်းပွဲနှင့် လက်နက်တပ်ဆင်အပ်နှင်းပွဲကို ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ ပြည်ထောင်စုအားကစားခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်ချုပ်နိုင်နိုင်ဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး လက်နက်များတပ်ဆင်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် ဒုတိယတိုင်းမှူးတို့က ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို လက်နက်များ အပ်နှင်းပေးပြီး သင်တန်းထူးချွန်သူနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ ကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်နိုင်နိုင်ဦး၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့ဝင်များက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ငမိုးရိပ်တံတား(သုဝဏ္ဏာ)ကြံ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ယာဉ်ကြော(၁)လမ်းပိတ်၍ ဆောင်ရွက်သွားမည်



ရန်ကုန်မြို့ သာကေတမြို့နယ်နှင့် သဃ်န်းကျွန်းမြို့နယ်တို့ကို ဆက်သွယ်ထားသည့် ငမိုးရိပ်တံတား(သုဝဏ္ဏာ) ကြံ့ခိုင်ရေး လုပ်ငန်းဖြစ်သည့် Expansion Joint နှစ်ခု ပြုပြင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၆ နာရီတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ရာ ယာဉ်ကြောကြပ်တည်းမှုမဖြစ်ပေါ်စေရေးနှင့် ခရီးသွားအများပြည်သူ အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်စေရန် ဒေါပုံမြို့နယ်မှ သဃ်န်းကျွန်းမြို့နယ်သို့အထွက် ယာဉ်လမ်းကြော(၁)လမ်းကို လမ်းပိတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မေတ္တာရပ်ခံကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



**နေပြည်တော် ဖေဖော်ဝါရီ ၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၁ နာရီတွင် ရွှေပြည်သာမြို့နယ် (၈/၁၄)ရပ်ကွက် ဝဏ်ဘာလမ်းနေ ပြည်ဟိန်းကျော်(ခ)ပြည်ကြီး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိပ်ရာခေါင်းရင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ ကိုလည်းကောင်း၊အလားတူ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ပူးပေါင်းအဖွဲ့သည် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် လမ်းသစ်လမ်းတွင် သတင်းအရ မဝေဝေအောင်(ခ)မဝေကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ကိုလည်းကောင်း။

ထို့အတူ ဖေဖော်ဝါရီ ၈ ရက် နံနက် ၇ နာရီတွင် ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ယန်းလောကျေးရွာအနီးတွင် ကျဘိုး မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျိုက်မရောထောင်တွင် နိုင်ငံရေးအကျဉ်းသားများ အစာငတ်ခံဆန္ဒပြဟု မဟုတ်မမှန်သတင်းများ ရေးသားဝါဒဖြန့်ချိလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

မွန်ပြည်နယ် ကျိုက်မရောဗဟိုအကျဉ်းထောင်တွင် တရားမဝင်ဖုန်းရှာဖွေဖမ်းဆီးရမိသည့်ကိစ္စနှင့်ပတ်သက်ပြီး စစ်ဆေးမေးမြန်းရန်ခေါ်သွားသည့် နိုင်ငံရေးအကျဉ်းသားနှစ်ဦးကို တိုက်ပိတ်အရေးယူခဲ့သည့်အတွက် နိုင်ငံရေးအကျဉ်းသားများ၏ ကျန်းမာရေးဆိုင်ရာအခွင့်အရေးတောင်းဆိုချက်အနေဖြင့် အချက် သုံးချက်ကို လိုက်လျောပေးရန် အစာငတ်ခံဆန္ဒပြနေကြသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများဖြစ်သည့် DVB နှင့် Mizzima တို့က မဟုတ်မမှန် ရေးသားဝါဒဖြန့်နေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အကျဉ်းထောင်တွင် ဇန်နဝါရီ ၂၈ ရက်က အထူးရှာဖွေရေးပြုလုပ်ခဲ့ကြောင်း၊ ဘုရားစင်ဒေါက်အတွင်းမှ ဖုန်းနှစ်လုံးရှာဖွေတွေ့ရှိကြောင်း၊ ပိုင်ရှင်ဝန်ခံခြင်းမရှိ၍ စစ်ဆေးမေးမြန်းမှုများပြုလုပ်ခဲ့ကြောင်း၊ အကျဉ်းသားများက လိမ်လည်ဖုံးဖိထွက်ဆိုကြကြောင်း၊ ဖုန်းများကို နည်းပညာဖြင့်စစ်ဆေးရာ ပိုင်ရှင်အားသိရှိရကြောင်း၊ သိရှိရချိန်တွင် ပိုင်ရှင်နှစ်ဦးကို ခေါ်ယူစစ်မေးခြင်းဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ စစ်ဆေးခဲ့ပြီး သီးခြားခွဲထားကြောင်း၊ တိုက်ပိတ်ထားခြင်း မဟုတ်ကြောင်း၊ လျှပ်စစ်မီးမှာ ခေတ္တပြတ်တောက်ခြင်းသာဖြစ်ပြီး မီးပိတ်၍ ဖမ်းဆီးခြင်းမဟုတ်ကြောင်း၊ ထောင်တွင်းအစာငတ်ခံ ဆန္ဒပြခြင်းလုံးဝ မရှိကြောင်း၊ အကျဉ်းသားများက တင်ပြမှုများရှိပြီး စိစစ်ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ အကျဉ်းထောင် အုပ်ချုပ်သူများသည် သဘောထားတင်းမာခြင်း မဟုတ်ဘဲ တာဝန်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိကျစွာထမ်းဆောင်ခြင်းသာဖြစ်ကြောင်းနှင့် အကျဉ်းထောင် အုပ်ချုပ်ရေးစနစ်ကို အထင်မှားစေရန်၊ တည်ငြိမ်နေမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လုပ်ကြံဖန်တီး ရေးသားထားသော ဝါဒဖြန့်သတင်းသာဖြစ်ကြောင်း သတင်းရရှိသည်။







# ဆီဆိုင်မြို့နယ်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ တပ်မတော်က ကျေးရွာများကို လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီး၊ ပြည်သူများထွက်ပြေးနေရဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် ဖေဖော်ဝါရီ ၈ ရက်က ဘန်းယဉ်မြို့အရှေ့ဘက်ရှိ ပအိုဝ်းကျေးရွာများကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးဖြင့် ၁၆ ကြိမ်ပစ်ခတ်ခဲ့ရာ ကျေးရွာနေပြည်သူများ ထွက်ပြေးနေရဟု မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




အထက်ပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးနှင့် ဒေသခံပြည်သူများထံမှကြားသိရသော သတင်းများအရ အကြမ်းဖက် PNLA၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက်သမားများပါဝင်သော ပူးပေါင်းအဖွဲ့များသည် ဘန်းယဉ်မြို့နယ် အတွင်းသို့ ကျူးကျော်ဝင်ရောက်လာမှုကြောင့် ဒေသခံပြည်သူများ ယာယီနေရပ်စွန့်ခွာနေရပြီး ကျေးရွာနေပြည်သူများမရှိခိုက် ရွာအတွင်း မွှေနှောက်ရှာဖွေခြင်း၊ ဈေးဆိုင်များမှ စားသောက်ကုန်များကို အတင်းအဓမ္မယူဆောင်ခြင်း၊ ရွာသားများကို ဖမ်းဆီးခေါ်ဆောင်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ဆောင်ရွက်နေမှုများကြောင့် တပ်မတော်နှင့်ဒေသကာကွယ်ရေး PNO (ပြည်သူ့စစ်)အဖွဲ့များက ပူးပေါင်းတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများက ထိုကျေးရွာများကို လက်နက်ကြီးများဖြင့် အဝေးမှပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bobm ချတိုက်ခိုက်ခြင်းများ လုပ်ဆောင်မှုတို့ကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများဖြစ်ပေါ်ခဲ့ပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက ပြည်သူများအထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းမှားများကို ဝါဒဖြန့်ထုတ်လွှင့်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Chan Pyae Eain" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်(တောင်)ရပ်ကွက်နေ ချမ်းပြည့်ပြည့်အိမ်အား ညနေ ၃ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊"Pinkylay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ချမ်းမြသာစည်မြို့နယ် မြို့သစ် အမှတ်(၄)ရပ်ကွက်နေ နွယ်ဆောင်းဦး(ခ)လူးလူးအား ညနေ ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Sonu" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပုသိမ်ကြီးမြို့နယ် ကုန်းတန်းကျေးရွာနေ တင်ထွန်းနိုင်(ခ)"Sonu"ကိုမွန်းလွဲ ၁ နာရီတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကျွာ လွန်ချမ်းသာ

# အိုက်စလန်နိုင်ငံ ရေးကင်နိစ်ကျွန်းတွင် မီးတောင်ပေါက်ကွဲမှုဖြစ်ပွား ချော်ရည်များရောက်ရှိသည့် ကားလမ်းမကြီးများကို ယာယီပိတ်ထားရ



**ရေကျာဗစ် ဖေဖော်ဝါရီ ၉**

အိုက်စလန်နိုင်ငံ အနောက်တောင်ဘက်ပိုင်းရှိ ရေးကင်နိစ်ကျွန်းတွင် ဖေဖော်ဝါရီ ၈ ရက်က မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ထွက်ပေါ်လာသော ချော်ရည်များသည် ကားလမ်းမပေါ်ထိ စီးဆင်းရောက်ရှိနေသဖြင့် လမ်းမကြီးများကို ယာယီပိတ်ထားရကြောင်း အိုက်စလန်နိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် မီးခိုးနှင့် ပြာများမှာ မီးတောင်အထက် မီတာ ၈၀ ထိ ပျံ့နှံ့ရောက်ရှိခဲ့ပြီး မီးတောင်အနီးဝန်းကျင်ရှိ နေအိမ်များကိုလည်း မီးတောင်ပေါက်ကွဲမှုအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားကြောင်း၊ မီးတောင်ပေါက်ကွဲမှုမှ ထွက်ပေါ်လာသည့် မီးခိုးနှင့်ပြာများသည် အနီးပတ်ဝန်းကျင်များသို့ ပျံ့နှံ့ရောက်ရှိနေခြင်းကြောင့် ကမ္ဘာလှည့်ခရီးသည်များ နှစ်စဉ်လာရောက် လည်ပတ်လေ့ရှိသည့် ဘလူးလာဂွန် အပန်းဖြေစခန်းကိုလည်း ယာယီပိတ်ထားကြောင်း အိုက်စလန်နိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ချော်ရည်များကြောင့် နေအိမ်များသို့ သောက်သုံးရေပေးဝေရေးအတွက် သွယ်တန်းထားသော ရေပိုက်လိုင်းများ မီးလောင်ကျွမ်း ပျက်စီးသွားခဲ့သည့်အတွက် သောက်သုံးရေပေးဝေမှုစနစ်လည်း ပြတ်တောက်ခဲ့ပြီး လူဦးရေ ၂၀၀၀၀ ကျော် သောက်သုံးရေပြတ်လပ်မှုဖြင့် ရင်ဆိုင်နေရကြောင်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် ကီဖလာဗစ်လေဆိပ်ကို ယာယီပိတ်ထားရပြီး လျှပ်စစ်မီး ပြတ်တောက်မှုဖြင့်လည်း ရင်ဆိုင်နေရကြောင်း အိုက်စလန်နိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# အီတလီနိုင်ငံ၌ အပူချိန်မြင့်တက်ပြီးမိုးခေါင်မှုကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ပျက်စီးဆုံးရှုံးမှုမြင့်မားနေ

**ရောမ ဖေဖော်ဝါရီ ၉**

အီတလီနိုင်ငံ၌ အပူချိန်မြင့်တက်ပြီး မိုးခေါင်မှုကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ပျက်စီးဆုံးရှုံးမှုမြင့်မားနေကြောင်း အီတလီစိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အီတလီနိုင်ငံအပါအဝင် နိုင်ငံအများစုသည် အပူချိန်မြင့်မားသည့် ဇန်နဝါရီလဖြင့် ရင်ဆိုင်ခဲ့ရပြီး အအေးဓာတ်မြင့်မားရမည့်ကာလတွင် အပူချိန်မြင့်တက်လာခြင်းကြောင့် ရာသီဥတုဖောက်ပြန်မှုပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း ဥရောပသမဂ္ဂ၏ ကော်ပါနီကပ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာအဖွဲ့အစည်းက ထုတ်ပြန်ထားသည်။

"စိုက်ပျိုးရေးကဏ္ဍဟာ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အရေးကြီးတဲ့ ကဏ္ဍတစ်ရပ်လဲဖြစ်ပါတယ်။ လက်ရှိ ရာသီဥတုဖောက်ပြန်မှုတွေကြောင့် ဆောင်းသီးနှံစိုက်ပျိုးမှု အခက်အခဲတွေနဲ့ ရင်ဆိုင်နေရပါတယ်။ အခြောက်လှန်းသီးနှံတွေ၊ ပဲစင်းငုံတွေနဲ့ ဟင်းသီးဟင်းရွက်စိုက်ပျိုးထားရှိမှုတွေမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် ပျက်စီးမှုနှုန်းမြင့်မားလာတယ်။ ပုံမှန်မဟုတ်တဲ့ ဆောင်းရာသီဖြစ်သလို အပူချိန်တွေလဲ မြင့်တက်နေတဲ့အတွက် စိုက်ပျိုးရေးကဏ္ဍမှာ ကြီးမားတဲ့ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်"ဟု စိုက်ပျိုးရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



ရာသီဥတုဖောက်ပြန်မှုကြောင့် ဆောင်းသီးနှံစိုက်ခင်းများ ပျက်စီးမှုမြင့်မားနေပြီး အထွက်နှုန်းကျဆင်းဖွယ်ရှိနေသည်ဟု အီတလီစိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် အခြောက်လှန်းသီးနှံများနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများလည်း ပျက်စီးခဲ့သဖြင့် ယခုနှစ်တွင် စိုက်ပျိုးရေးကဏ္ဍ အရှုံးပေါ်ဖွယ်ရှိနေသည်ဟု စိုက်ပျိုးရေးကဏ္ဍ လေ့လာသုံးသပ်သူများအဖွဲ့က သုံးသပ်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# စပိန်နိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေသော ပိုးသတ်ဆေးအသုံးပြုမှု ပိတ်ပင်ထားခြင်းကြောင့် ရိုးရာဆန် အထွက်နှုန်းကျဆင်းဖွယ်ရှိ

**မက်ဒရစ် ဖေဖော်ဝါရီ ၉**

စပိန်နိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသဖြင့် ပိုးသတ်ဆေးများ အသုံးပြုမှုကို ဥရောပသမဂ္ဂ အဖွဲ့အစည်းက တားမြစ်ပိတ်ပင်ထားခြင်းကြောင့် စပိန်နိုင်ငံ၏ အဓိကရိုးရာဆန် အထွက်နှုန်း ကျဆင်းဖွယ်ရှိနေကြောင်း စပိန်တောင်သူများအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပိုးသတ်ဆေးသုံးစွဲခွင့် ပိတ်ပင်ထားသည့်အတွက် ရိုးရာစပါးစိုက်ခင်းများသည် Pyricularia မှိုများကြောင့် ပျက်စီးမှုနှုန်းမြင့်မားလာကြောင်း၊ ဥရောပသမဂ္ဂအဖွဲ့အစည်းက ချမှတ်လိုက်သည့်ဥပဒေစည်းမျဉ်းကြောင့် ရိုးရာဆန်အထွက်နှုန်းကို ထိခိုက်လာစေသည့်အတွက် စပိန်တောင်သူများအဖွဲ့အစည်းက ပိုးသတ်ဆေးများ ပြန်လည်အသုံးပြုခွင့်ရရန် မျှော်လင့်ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

"ပိုးသတ်ဆေးသုံးစွဲခွင့်ပိတ်ပင်ခံထားရတဲ့အတွက် ရိုးရာဆန်တွေ အထွက်နှုန်းကျဆင်းလာနိုင်တယ်။ စပါးစိုက်ခင်းတွေမှာ ပိုးကျတာတွေ၊ မှိုတက်တာတွေဖြစ်ပေါ်နေတဲ့အတွက်ကြောင့် စပါးစိုက်ခင်းတွေ ပျက်စီးမှုနှုန်းမြင့်တက်လာတယ်။ Bomba စပါးစိုက်ခင်းတွေဆိုရင် ရာနှုန်းပြည့်ပျက်စီးသွားဖွယ်ရှိနေတယ်။ ဥပဒေစည်းမျဉ်းတွေကြောင့် စပိန်နိုင်ငံရဲ့ အဓိကရိုးရာဆန်တွေ ဖူလုံမှုမရှိတော့တဲ့ အခြေအနေနဲ့ ရင်ဆိုင်ရနိုင်တယ်။ စပိန်ရိုးရာအစားအစာတွေအတွက် ရိုးရာဆန်က မရှိမဖြစ်လိုအပ်တဲ့အရာဖြစ်ပါတယ်။ အထွက်နှုန်းကျဆင်းသွားရင် စားသောက်ကုန်လုပ်ငန်းကဏ္ဍမှာလဲ အခက်အခဲတွေ ရှိလာနိုင်တယ်"ဟု စပိန်တောင်သူများအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ မီဂွယ်မင်ဂွက်က ပြောကြားခဲ့သည်။

ပိုးသတ်ဆေး အသုံးမပြုနိုင်သည့်အတွက် ရိုးရာဆန်အပြင် Bomba ဆန်များလည်း အထွက်နှုန်းကျဆင်းလာဖွယ်ရှိနေကြောင်း၊ စပိန်တောင်သူများအဖွဲ့အစည်း၏ သုံးသပ်ချက်အရ Bomba ဆန် အထွက်နှုန်းမှာ သုညအဆင့်ထိ ရောက်ရှိသွားနိုင်ပြီး ပိုးကျသည့်ပြဿနာ၊ မှိုတက်သည့်ပြဿနာကို မဖြေရှင်းနိုင်ပါက စားနပ်ရိက္ခာကဏ္ဍအတွက် အခက်အခဲများ ရှိလာနိုင်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

## ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ



၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

၂။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။

၃။ အမှိုက်များအား စနစ်တကျ ရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများပြုလုပ်ပါ။

၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။

၅။ ရေကြီးခြင်း၏နောက်ဆက်တွဲအနေဖြင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။

၆။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။



## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။




ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင်များကို မြဲမြံစွာကိုင်ထားပါ။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။





# တဒင်္ဂအမြင်

မောင်သိန်းနိုင်(လက်ဖက်ရည်)

(၁)

တစ်နေ့၌ Proboxကားအဖြူကလေးတစ်စီး ကျွန်မတို့လမ်းထဲသို့ ဝင်လာသည်။ လမ်းကျဉ်းကျဉ်းကလေးသည် ချိုင့်ခွက်များ ပြည့်နှက်နေသည်။ ကားဘီးချိုင့်ခွက်ထဲကျလျှင် ကားဝမ်းဗိုက်သည် မြေကြီးနှင့်တိုက်သဖြင့် အရှိန်ကိုဖြည်းညင်းစွာလျှော့၍ ကားကို မောင်းဝင်လာဟန်တူသည်။

"မခင်ရေ လာနေကျကားကြီးတော့ လာပြန်ပြီအေ"

အသက် ၄၀ အရွယ် အမျိုးသမီးတစ်ဦးက အဖော်ဖြစ်သူ အမျိုးသမီးကို မေးငေါ့၍ ပြောလိုက်သည်။

"ဟုတ်တယ်နော်။ မနက် ၇ နာရီဆို ဒီကားက ပုံမှန်ပဲ"

"ဟော ဟော ကားထဲက ကောင်မကလေးကိုလဲ ကြည့်လိုက်ပါအုံး။ အရှက်ကိုမရှိတော့ဘူးလားမသိပါဘူးအေ။ ဝတ်ပုံစားပုံက ရှိသမျှအကုန်ဖော်ပြနေသလိုပဲအေ။ ယိုသူမရှက် မြင်သူရှက်ဆိုတာ ဒါမျိုးပြောတာနဲ့တူပါတယ်အေ"

လမ်းထဲရှိ အမျိုးသမီးနှစ်ဦး ခေါင်းချင်းဆိုင်၍ အတင်းပြောနေခြင်းပင်ဖြစ်သည်။ ကားတံခါးကိုဖွင့်၍ အပြင်ဘက်သို့ထွက်လာသော အသက်၂၀ ဝန်းကျင် ခေတ်ဆန်ဆန်အမျိုးသမီးလေး၏ ဝတ်ပုံစားပုံကိုကြည့်ပြီး မဲ့ရွဲ့ကာ အပြစ်တင်စကားပြောဆိုနေကြခြင်းပင်ဖြစ်သည်။

"ညည်းတို့လဲ ပြောကိုမပြောချင်ပါဘူးအေ။ တစ်နေ့ တစ်နေ့ ဒီကလေးမကိုကြည့်ပြီး အကုသိုလ်ပွားနေကြတာပဲနော်"

"ကြီးစိန်ရယ် အဲလိုမဟုတ်ပါဘူးရှင်။ ကြီးစိန်ပဲစဉ်းစားကြည့်လေ။ ဟိုအရင်က ကျွန်မတို့လမ်းကလေးမှာ ဒီလိုစရိုက်မကောင်းတဲ့သူတွေရှိလို့လား။ အခုသူတို့ရောက်လာမှ အခြားလမ်းက လူတွေကတောင် ကျွန်မတို့လမ်းမကောင်းကြောင်း ပြောနေကြပြီလေ။ ကြီးစိန်လဲ သိနေတာပဲကို"

မထွေး၏စကားပြောသံမှာ မာထန်နေသည်။ သူ့အလိုလိုက် သူ့အကြိုက်မဆောင်သော ဒေါ်ကြီးစိန်ကို စိတ်ဆိုးဒေါသထွက်နေပုံရသည်။ ပွင့်သစ္စာလမ်းလေးတွင် မထွေးတို့မိသားစုမှာ ပြေပြေလည်လည်စားနိုင်သောက်နိုင်သော အနေအထားတစ်ခုရှိသည်။ တစ်ထပ်တိုက်လေးတစ်လုံးပိုင်ဆိုင်ထားသဖြင့် လမ်းထဲရှိ အခြားပျဉ်ထောင်အိမ်ကလေးများနှင့်စာလျှင် အဆင့်အတန်းရှိလှသည်။ လမ်းထဲရှိ သာရေးနာရေးကိစ္စများတွင်လည်း ငွေရေးကြေးရေးကအစ အများဆုံးပါဝင်ကူညီပံ့ပိုးနိုင်သောကြောင့် လမ်းအတွင်းရှိလူများသည် မထွေးနှင့်ကင်းသူကရှားလှသည်။ ပိုက်ဆံအတော်အသင့်ပြေလည်သောကြောင့် ဟိတ်ဟန်ကလေးတော့ နည်းနည်းရှိသဖြင့် စကားအပြောအဆိုမှာ တစ်ခါတစ်ရံ မာထန်တတ်ပေသည်။

"ညည်းပြောတာလဲဟုတ်ပါတယ်အေ။ ကျုပ်ကလဲ မဟုတ်ဘူးလို့ပြောတာမဟုတ်ပါဘူး။ အမြဲတမ်း ဒီကလေးမမြင်တိုင်းပြောနေတော့ ညည်းကိုအကုသိုလ်များမှာစိုးလို့ ပြောတာပါအေ"

(၂)

ပွင့်သစ္စာလမ်းထိပ်တွင် ရပ်ကွက်ဓမ္မာရုံရှိသည်။ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဝါတွင်းကာလ ဆွမ်းလောင်းလှူကြသည်။ တစ်လတစ်ခါ ရပ်ကွက်လမ်းအသီးသီး၌ အလှူငွေကောက်ခံကာ ဘဏ္ဍာစုထားပြီး ဘဏ္ဍာမှရသောအတိုးဖြင့် ဝါတွင်းကာလတွင် သံဃာတော်များအား အရှက်ဆွမ်းလောင်းလှူကြခြင်းပင်ဖြစ်သည်။

"မခင်ရေ မနက်ဖြန် ဆွမ်းလောင်းပွဲရှိတယ်နော်။ ညနေစောစောလာကြအုံး"

အိမ်ရှေ့မှဖြတ်လျှောက်သွားသော မခင်ကိုတွေ့သဖြင့် မထွေးလှမ်း၍ အော်ပြောလိုက်ခြင်းဖြစ်သည်။

"လာမယ် မထွေးရေ။ စိတ်သာချပါအေ"

"ကြက်သွန်သင်တဲ့ ကောင်မကလေးတွေမြန်မြန်သင်နော်။ ကြက်သွန်က ကြော်ရအုံးမှာ။ ငါးသလောက်ကလဲ ပေါင်းရအုံးမှာ။ ငံပြာရည်လဲ ချက်ရအုံးမှာ။ ကြက်သွန်အရင်မြန်မြန်ပြီးမှ အားလုံးအဆင်ပြေမှာဟေ့"

ကြက်သွေးရောင် စလင်းဘတ်အိတ်ကို လက်မောင်းတွင်ချိတ်၍ ဓမ္မာရုံအတွင်းသို့ဝင်လာသော မထွေးသည် သူ့စတိုင်အတိုင်း ရေပက်မဝင်အောင် ဆရာလုပ်၍ စကားဆိုနေတော့သည်။

"ဦးသာထူး သီချင်းဖွင့်တာလျှော့ပါအုံးတော့။ နေ့ခင်းကတည်းက ဖွင့်တဲ့သီချင်းက ညနေစောင်းတာတောင် မနားသေးဘူး။ နဂိုကတည်းက ရပ်ကွက်ဓမ္မာရုံတွေက အသံချဲ့စက်တွေ နားငြီးတယ်လို့ လူတွေပြောပြောနေရတဲ့ကြားထဲတော်။ ခဏနားပြီးမှ ပြန်ဖွင့်ပါတော့"

အသံချဲ့စက်ဖွင့်နေသော ဦးသာထူးကို မြင်သဖြင့် မထွေးလှမ်း၍ အော်ပြောလိုက်ခြင်းဖြစ်သည်။ ကြက်သွန်သင်နေသော အမျိုးသမီးငယ်လေးများရှိရာသို့ မထွေးတစ်ယောက် လမ်းလျှောက်လာရင်း မြင်သမျှကို မျက်စိဒေါက်ထောက်ကြည့်၍ ပြောနေခြင်းလည်းဖြစ်သည်။

"ဟဲ့ စံပယ်။ နင့်ကို တို့လမ်းထဲမှာ အမျိုးသမီးခေါင်းဆောင် ခန့်ထားတာလေ။ ကြက်သွန်ဝိုင်းက လူနည်းလှချည်လားအေ့"

"ဩော်. . . အန်တီထွေးကလဲ အခုမှကြက်သွန်သင်ခါစ ရှိသေးတာပါ။ သမီး တစ်အိမ်တက်ဆင်းလိုက်ခေါ်ထားပါတယ်။ ခဏနေလာကြမှာပါရှင်"

"အေးပါအေ။ ညည်းတို့ ကြက်သွန်သင်တဲ့အဖွဲ့အဆင်ပြေရင်ပြီးတာပါပဲ"

မထွေးသည် သူ၏ပင်ကိုဗီဇအတိုင်း ခနဲ့တဲ့တဲ့ မဲ့ရွဲ့ကာ ပြောလိုက်လေသည်။

"ဒါနဲ့ ဦးဖိုးထင် ဘုန်းကြီးကျောင်းတွေကို ဆွမ်းခံကြွဖို့ ဖိတ်ပြီးပြီလား။ ဆွမ်းခံဖိတ်တာဆိုတော့ တော်ရုံတန်ရုံ ပေါ့ပေါ့ဆဆလုပ်လို့ မရဘူးတော့"

"ဖိတ်စာကို သေသေချာချာရိုက်ပြီး ဆရာတော်တွေကျောင်းကို ကိုယ်တိုင်ကိုယ်ကျသွားဖိတ်ရတာ မထွေးရယ်။ ဒီကိစ္စမပူပါနဲ့ဟာ။ ငါကိုယ်တိုင် တစ်ကျောင်းပြီးတစ်ကျောင်း လိုက်ဖိတ်ထားတာပါဟ"

"ဦးဖိုးထင်ကတော့ အပြောရွှေမန်းပါတော်။ ကလိုက်တော့မှ ချိုမိုင်မိုင် ဖြစ်သွားတာပါ။ အရင်တစ်ပတ်ကလို ဦးတေဇနိယကျောင်း မေ့ကျန်ခဲ့မှာစိုးလို့ပါတော်"

"စိတ်ချပါ မထွေးရယ်။ ဒီတစ်ခါ အရင်တစ်ပတ်ကလို မဖြစ်စေရပါဘူးဟာ။ ငါ ကတိပေးပါတယ်"

"ကတိတွေ ဘာတွေလုပ်မနေပါနဲ့။ ဦးဖိုးထင်ဘက်က တိကျနေဖို့ပဲလိုတာပါရှင်"

မထွေးသည် ဦးဖိုးထင်ကို ခနဲ့ကာ စကားပြောဆိုလိုက်ပြန်သည်။ မထွေးသည် စိတ်ရင်းတော့ကောင်းသည်။ စကားအပြောအဆိုမတတ်၊ တုတ်ထိုးအိုးပေါက်ပြောဆိုတတ်သည်။ ငယ်စဉ်က ကြမ်းတမ်းသောလောကဓံနှင့်ရင်ဆိုင်လာရသဖြင့် စာကိုကောင်းစွာ မသင်ယူခဲ့ရ။ ဘကြီးဘုန်းကြီးက ရေးတတ်ဖတ်တတ်အောင် သင်ပြပေးသောကြောင့်သာ စာအနည်းငယ်ဖတ်တတ်သည်။ အတန်းပညာဟူ၍ သူ့တွင်မရှိခဲ့ပေ။ ပညာမဲ့ခဲ့သဖြင့် တစ်ခါတစ်ရံ မိုက်မဲမှုလုပ်ရပ်များ လုပ်တတ်သော သဘောပင်ဖြစ်သည်။

"အမယ်လေး အခုမှပဲမြင်တော့တယ်။ အဲဒါ ဟို ကောင်မကလေးမှတ်လား"

ဆိုင်းမဆင့်ဗုံမဆင့် ပြောလိုက်သောစကားကြောင့် မခင်တစ်ယောက် ခပ်ကြောင်ကြောင်ဖြစ်သွားသည်။

"ဘယ်ကောင်မကလေးကို ပြောတာလဲဟဲ့"

"နင်ကလဲ ဟိုကြက်သွန်သင်နေတဲ့ အဖွဲ့ထဲကို ကြည့်လိုက်လေ။ ကားနဲ့ ပြန်ပြန်လာတဲ့ ကောင်မကလေး ဟုတ်တယ်မှတ်လား"

မထွေးပြရာဘက်သို့ မခင်လှမ်းကြည့်လိုက်သည်။

"ဩော်. . . ဟုတ်တယ်လေ။ သူလဲ ကုသိုလ်ယူချင်လို့နေမှာပေါ့အေ"

"သူ ကုသိုလ် ရ မရတော့မသိဘူး။ ကျုပ်တို့ ဆွမ်းလောင်းပွဲတော့ ဘာဖြစ်လာအုံးမလဲ မသိပါဘူးအေ။ အကုသိုလ်က ဝင်လာပြန်ပြီ။ အခြားကောင်မကလေးတွေလဲ သွားပြောထားအုံး။ သူနဲ့နီးနီးကပ်ကပ် မနေကြနဲ့လို့"

မထွေးသည် သူ၏ထုံးစံဉာဉ်အတိုင်း စကားဆိုနေပြန်သည်။ အမျိုးသားပေါင်းစုံနှင့် ကူးလူးဆက်ဆံနေသူဟု သိမြင်ထားသောကြောင့် ပို၍ပင် အပြစ်ဖွဲ့နေခြင်းပင်ဖြစ်သည်။

"အေးပါ မထွေးရယ်။ ကျုပ် ပြောထားပေးပါမယ်အေ"

ဆွမ်းလောင်းလှူပွဲပြီးပြီးမို့ ဆရာတော်က တရားဟောရေစက်ချ၍ ကုသိုလ်ကောင်းမှုအဖို့အစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေတော့သည်။ ဆရာတော်အမျှဝေပြီးပြန်ကြွသွားသည်နှင့် ဆွမ်းလောင်းပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီကြသော လူကြီးလူငယ်များကို ထမင်းကျွေးမွေးကြလေတော့သည်။ ထမင်းဝိုင်းခုံနည်းသဖြင့် မထွေးတို့ ဝိုင်းထဲသို့ ခေတ်ဆန်ဆန်အမျိုးသမီးလေး ဝင်ထိုင်လိုက်သည်။ သူထိုင်သည်နှင့် ရုတ်ခြည်းထရပ်လိုက်သူက မထွေးပင်ဖြစ်သည်။

"မထွေး ဘာထလုပ်တာလဲ။ ထိုင်လေဟာ"

သူငယ်ချင်းဖြစ်သူ မခင်သည် မထွေး၏ စိတ်နေသဘောထားကိုသိနေသူဖြစ်သောကြောင့် မထွေး၏ အပြုအမူကို ဟန့်တားသည့်သဘောဖြင့် ပြောဆိုလိုက်သည်။

"တော်ပါပြီအေ။ ကျုပ်ကတော့ ညည်းတို့လို အကူးမခံနိုင်ဘူးတော်။ ကျုပ်အိမ်ရောက်မှပဲ ကျုပ်ဘာသာ စားတော့မယ်။ သွားတော့မယ်အေ"

မထွေးသည် ကောင်မကလေးကိုစူးစူးစိုက်စိုက်ကြည့်၍ မျက်နှာကိုရှုံ့မဲ့ကာ ဓမ္မာရုံအပြင်ဘက်သို့ ထွက်သွားလေတော့သည်။

(၃)

"မထွေးအကြောင်း ကြားပြီးပြီလား"

"ဘာဖြစ်လို့လဲ ကြီးစိန်"

"ဆိုင်ကယ်အတိုက်ခံရလို့လေ။ အခုဆေးရုံရောက်နေတယ်။ ညည်း မသိဘူးလား။ ဖုန်းလေး ဘာလေး မဆက်ကြဘူးလားအေ့"

"ကြီးစိန်ပြောမှ ကျွန်မလဲသိရတော့တယ်။ ဒါဆိုရင်တော့ ဆေးရုံအမြန်လိုက်သွားအုံးမှပဲ ကြီးစိန်ရေ"

မခင် ဆေးရုံရောက်သည်နှင့် မထွေးအမျိုးသားကိုအေးခိုင်နှင့် တွေ့သည်။ ညအချိန်မတော်ဖြစ်နေသောကြောင့် လူနာအတွက်လိုအပ်နေသော သွေးအမျိုးအစားမှာ အလွန်ရှားပါးနေတော့သည်။ သွေးအလှူဒါနများ၌လည်း သွေးအမျိုးအစား မရှိသလောက် ရှားပါးနေသည်။ ခွဲစိတ်ခန်းဝင်ရန်အချိန်ကလည်း နီးကပ်လာသဖြင့် သွေးကို မရမကရအောင် ရှာရပေတော့မည်။

"ကိုအေးခိုင် ကြံစမ်းပါအုံး။ သွေးက ရမှဖြစ်မှာ။ ကျုပ်သူငယ်ချင်းတော့ ဒုက္ခရောက်ပြီနဲ့ တူပါတယ်တော်"

မခင်တစ်ယောက် ပြောပြောဆိုဆိုနှင့်ပင် ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။ ငယ်သူငယ်ချင်း သံယောဇဉ်က မထွေးနှင့် မခင်ကြားတွင် ချစ်ခြင်းမေတ္တာများဖြင့် ချည်နှောင်ထားသောကြောင့် ဖြစ်သည်။

"ဒေါ်ထွေးလူနာရှင် ရှိပါသလားရှင်"

သူနာပြုဆရာမလေးတစ်ယောက်က ခေါ်လိုက်သဖြင့် ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"ဘာများဖြစ်လို့ပါလဲ ဆရာမလေး"

"ဘာမှမဖြစ်ပါဘူးရှင်။ လူနာအတွက်လိုအပ်တဲ့သွေးကို အလှူရှင်တစ်ယောက်က လှူသွားတယ်ဆိုတာ လာပြောတာပါရှင်"

စာမျက်နှာ ၂၅သို့ ➤

# မော်လိုက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၉၄ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၂၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင်၁၂၉၄ဧကစိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မော်လိုက်မြို့နယ်မှာ နွေစပါးဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ စပါးဧက ၁၂၀၀ကျော်စိုက်ပျိုးပြီးပါပြီ။ စပါးလျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်နေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင် ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ထို့ပြင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်မြို့နယ်တွင် စပါးဧက ၁၉၅၀၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် ဇွန်လမှစ၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၁၈၉၅၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ် စပါးစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲတတ်စေရန်၊ နွေသီးနှံများအချိန်မီ စိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုးများ စိုက်ပျိုးကြရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မော်လိုက်မြို့နယ်တွင် စိုက်ပျိုးထားသောနွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှီးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ ပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်ထံမှ သိရသည်။ (၂၀၆)

# လှိုင်းဘွဲမြို့နယ် ရေပူကြီး-နောင်ပလဲ့ ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ ဖေဖော်ဝါရီ ၉**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်ဒေသများရှိ ဒေသထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ အချိန်မီတင်ပို့နိုင်ရန် ရည်ရွယ်၍ ရေပူကြီး-နောင်ပလဲ့ ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းဖောက် လုပ်ပြီးစီးမှုကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ရေပူကြီး-နောင်ပလဲ့ ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

လှိုင်းဘွဲမြို့နယ် ရေပူကြီး-နောင်ပလဲ့ ကျေးရွာချင်းဆက် ကုန်ထုတ်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကျောက်ရောမြေခင်းခြင်း၊ အမြင့်ကိုးလက်မ ဂဝံခင်း ခြင်းလုပ်ငန်းကို၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု(မူလ)ရန်ပုံငွေကျပ် ၆၉ ဒသမ ၇၉၅သန်းဖြင့် တင်ဒါအောင်မြင်သည့် သစ္စာပြည့်စုံကုမ္ပဏီက ၂၀၂၃ ခုနှစ် မေလ စတုတ္ထပတ်က စတင်ဆောင်ရွက် ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဆက်လှ**



➤ စာမျက်နှာ ၂၄ မှအဆက်

ခုမှပဲကိုအေးခိုင်နှင့်ကျွန်မရင်ဘတ်ထဲကအလုံးကြီးကျသွားတော့သည်။

ဆေးရုံဆင်းသည်နှင့် သူနာပြုဆရာမလေးထံတွင် ဆေးလက်မှတ်သွားယူရသည်။ လိုအပ်သည့်ဆေးများကိုလည်း ဆရာမလေးညွှန်ကြားသည့်အတိုင်း အချိန်မှန်မှန်သောက်ရန် ကျွန်မမှတ်သားလိုက်သည်။

"ဒါနဲ့ ဆရာမလေး ကျွန်မသူငယ်ချင်းကိုသွေးလှူသွားတဲ့ အလှူရှင်ကို သိရင် ပြောပြပေးပါလား"

ကျွန်မစကားကြောင့် ဆရာမလေးစဉ်းစားဟန်ပြုလိုက်သည်။

"ဩော်. . . သိပြီ။ အစ်မတို့လမ်းထဲကလို့တော့ ပြောတာပဲ။ သူ့အမေဒီမှာ ကင်ဆာရောဂါနဲ့ဆေးရုံတက်နေရတာလေ။ ကင်ဆာဆိုတော့ သူ့အမေအတွက် ငွေတအားကုန်တာပေါ့။ ကောင်မကလေးက သနားစရာလေးပါ။ ဘယ်လောက်ကုန်ကုန် သူ မရ ရအောင် ငွေရှာပါ့မယ်ဆိုပြီး ငွေရှာပြီး သူ့အမေခွဲစိတ်ဖို့ မနေ့ကမှ ငွေလာချေသွားတာ။ မနက် သူ့အမေကို ခွဲစိတ်တော့မှာလေ"

"ဒါနဲ့ ဆရာမ သူ့နာမည်က ဘယ်လိုခေါ်သလဲရှင်"

ဆရာမ ခဏတွေးနေလိုက်သည်။

"သွေးစစ်ဌာနကို တစ်စိတ်လောက် သွားမေးကြည့်ပါနော်"

ကျွန်မအဖြေကို အလွန်သိချင်သွားသည်။ နာမည်လည်း မပြော အသိလည်းမပေး စေတနာသန့်သန့်ဖြင့် အနှောင်အဖွဲ့ကင်းစွာ သွေးလှူသွားသော အလှူရှင်ကို ကာယကံရှင် မထွေးထက်ပင် ကျွန်မ ပိုသိချင်လာသည်။

"ဝင်ခဲ့ပါရှင်"

"မနေ့က သွေးအလှူရှင်နာမည်ကို သိချင်လို့လား ခဏနော်အစ်မ"

"ချိုလဲ့ရည်ပါ အစ်မ"

ကျွန်မ ဆရာမကိုပင် ကျေးဇူးစကားမပြောနိုင်ဘဲ မထွေးရှိရာအခန်းသို့အတင်းပြေးဝင်သွားသည်။ အမောတကောဖြင့် ပြေးလာသော ကျွန်မကိုကြည့်ပြီး မထွေး ရင်ဘက်ကိုဖိပြီးမေးလိုက်သည်။

"မခင် နင်ဘာဖြစ်လာတာလဲ"

"ငါဖြစ်တာမှ အကြီးကြီးပဲမထွေးရေ။ နင်သိရင်လဲ အံ့ဩသွားမှာ။ နင့်ကို မနေ့က သွေးလှူသွားတာ ငါတို့လမ်းထဲက ခေတ်ဆန်ဆန်ကောင်မကလေးတဲ့အေ့"

ကျွန်မစကားဆုံးသည်နှင့် မထွေးဖင်ထိုင်လျက်ကျသွားသည်။ တစ်ချိန်က ကေတီဗွီက ကောင်မကလေး အလုပ်အကိုင်အပေါ်ကြည့်ပြီး ခါးခါးသီးသီးဆက်ဆံခဲ့မိသော သူ့အဖြစ်ကို ရပ်ကွက်ထဲကလူများ သိသွားလျှင်ဖြင့် တုံ့ပြန်မှုသဘောတရားအရ မထွေးတစ်ယောက်လည်း အပြစ်ဖို့ခံရဦးသာဖြစ်ပါသည်။

## နှစ်ဖက်မျှတွေး စဉ်းစားပေး

\- ငါမစွဲပါနှင့်
လူထဲက လူပဲလေ၊
အတ္တကို ချိုးနှိမ်လျက်
အသက်ရှင်နေ၊
စာနာစိတ် မွေးကြစေ
မာနတွေ ဖယ်လို့ထား၊
လူဆိုသည် အမှားမကင်း
မင်းသိရဲ့လား။

\- တစ်ဖက်လူ ပြောစကား
ပြီးသွားအောင် နားထောင်ပါ၊
အမှားအမှန် ပြန်ဆုံးဖြတ်
သုံးသပ်သင့်တာ၊
မှန်နေက အပြစ်မဆိုသာ
စေတနာ စိတ်ကိုမွေး၊
လူဆိုသည် အစွန်းမထွက်ဖို့
နှစ်ဖက်မျှတွေး။

\- မေတ္တာကို အမြဲပေးလို့
နွေးထွေးမှု ရှိစေချင်၊
တစ်ဖက်လူ အမြင်မဆိုင်း
စိတ်ရှိင်းမဝင်၊
လူချင်းမို့ လူလိုမြင်
ပျော်ရွှင်စွာ ခရီးဆက်၊
ကျက်သရေ မင်္ဂလာတိုးလို့
အမျိုးဂုဏ်တက်။ ။

**ခင်နွဲ့မူ(ပုလဲ)**

# တပ်ကုန်းမြို့နယ် ဇီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးကုန်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေက ဇီးကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဇီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊အသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉၉ သိန်းထုတ်ချေးပေးခဲ့ကြောင်း မြို့နယ် ဦးစီးမှူး ဦးရန်နိုင်ရွှေက ပြောပြ၍ သိရသည်။

**မောင်ရိုင်**

# ခွန်အားဖြစ်စေ တွဲလက်တွေ

**လင်းလက်**

❖ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အဘက်ဘက်မှ ထိုးနှက်တိုက်ခိုက်မှုများကို ရင်ဆိုင်နေကြရသည့်အချိန်တွင် ရှိရင်းစွဲတိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အရင်းတည်၍ လက်တွဲရင်ဆိုင်ကြမည်ဆိုပါက ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ထောင်နိုင်မည်ဖြစ်သည်။ ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းလာခဲ့ကြသည့် ပြည်ထောင်စုစိတ်ဓာတ်ကို မိမိတို့မျိုးဆက်သစ်လူငယ်များလက်ထက်တွင်လည်း တည်တံ့ခိုင်မြဲရန် ကြိုးစားဆောင်ရွက်ရမည်မှာ အနာဂတ်ခေါင်းဆောင်များဖြစ်ကြသည့် လူငယ်တိုင်း၏ တာဝန်ပင်ဖြစ်သည်။ ❖

**ရာစုနှစ်တစ်ခုကြာ စည်းလုံးညီညွတ်မှုစွမ်းအား**

ကျေးငှက်သာရကာတို့ မြူးထူးပျော်ပါး၍ ပန်းပွင့်ရောင်စုံဖူးပွင့်ကာ သာယာလှပနေသော ဥယျာဉ်ကြီးကဲ့သို့ပင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သည့် မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ခံ့ညားထည်ဝါစွာ ရပ်တည်နေခဲ့သည်မှာ နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့ပြီဖြစ်သည်။ တိုင်းရင်းသားများ၏ စုစည်းညီညွတ်မှုစွမ်းအားဖြင့် တည်ထောင်ထားသည့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဘာသာသာသနာ စည်ပင်ထွန်းကားရာ ဂုဏ်ယူဝင့်ကြွားစရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အချုပ်အခြာအာဏာပိုင်သော၊ လွတ်လပ်သောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ သမိုင်းကြောင်းကို ကြည့်သည့်အခါ မြန်မာဆိုသောအမည်နာမကို ကမ္ဘာကသိစေရန်၊ ကမ္ဘာ့မြေပုံပေါ်က ပျောက်ကွယ်မသွားစေရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့ရသည်။ ပုဂံခေတ် ပထမမြန်မာနိုင်ငံတော်ကို အနော်ရထာကလည်းကောင်း၊ တောင်ငူခေတ် ဒုတိယမြန်မာနိုင်ငံတော်ကို ဘုရင့်နောင်ကလည်းကောင်း၊ ကုန်းဘောင်ခေတ် တတိယမြန်မာနိုင်ငံတော်ကို အလောင်းမင်းတရားဦးအောင်ဇေယျကလည်းကောင်း စုစည်းတည်ထောင်နိုင်ခဲ့ပြီး ကမ္ဘာ့အလယ်တွင် ငွားငွားစွင့်စွင့်ရပ်တည်နိုင်ခဲ့သည်။

အကြောင်းကံမလှ၍ မြန်မာတို့ဘဝ တိုင်းတစ်ပါးလက်အောက်သို့ကျရောက်ခဲ့ပြီး သူ့ကျွန်ဘဝကျခဲ့ရာတွင်လည်း ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်ကာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ စုစည်းညီညွတ်မှုစွမ်းအားဖြင့် နှစ်ပေါင်းတစ်ရာကျော် အညွှန့်ခံကျွန်ဖြစ်ခဲ့ရသည့်ဘဝမှ ရုန်းထွက်ကာ လွတ်လပ်ရေးကိုရယူပေးနိုင်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာ့အလံကိုလွှင့်ထူ၍ လွတ်လပ်ရေးရယူနိုင်ခဲ့ရာတွင် အဓိကအရေးကြီးသည့်အချက်တစ်ချက်မှာ ပင်လုံစိတ်ဓာတ်ပင်ဖြစ်သည်။ တောင်တန်းပြည်မသွေးခွဲထားသည့် နယ်ချဲ့အစိုးရ၏စနစ်ဆိုးကို အမြစ်ပြတ် ချေမှုန်းပြနိုင်ခဲ့သည့် တိုင်းရင်းသားပြည်သူများ၏ စုစည်းညီညွတ်မှုစွမ်းအား သက်သေအဖြစ် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် တိုင်းရင်းသားခေါင်းဆောင်များက ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး လွတ်လပ်ရေးကို ရယူပေးနိုင်ခဲ့သည်။ ပြည်ထောင်စုစိတ်ဓာတ် အရင်းတည်ပေါက်ဖွားခဲ့ရာ ထိုနေ့ကိုမမေ့အပ်သဖြင့်ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့ပြီး အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ၇၇ နှစ်တိုင်ခဲ့ပြီဖြစ်သည်။

**ပင်လုံစိတ်ဓာတ် မမေ့အပ်သည်**

အစဉ်အဆက် ထိန်းသိမ်းလာခဲ့ကြသည့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး စသည့်အရာများ၏ စတင်ပေါက်ဖွားရှင်သန်ခဲ့ရာ ပင်လုံစိတ်ဓာတ်သည်ကား မိမိတို့အတွက် စံနမူနာထားစရာပင်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အဘက်ဘက်မှ ထိုးနှက်တိုက်ခိုက်မှုများကို ရင်ဆိုင်နေကြရသည့်အချိန်တွင် ရှိရင်းစွဲတိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အရင်းတည်၍ လက်တွဲရင်ဆိုင်ကြမည်ဆိုပါက ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ထောင်နိုင်မည်ဖြစ်သည်။ ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းလာခဲ့ကြသည့် ပြည်ထောင်စုစိတ်ဓာတ်ကို မိမိတို့မျိုးဆက်သစ်လူငယ်များလက်ထက်တွင်လည်း တည်တံ့ခိုင်မြဲရန် ကြိုးစားဆောင်ရွက်ရမည်မှာ အနာဂတ်ခေါင်းဆောင်များဖြစ်ကြသည့် လူငယ်တိုင်း၏တာဝန်ပင်ဖြစ်သည်။

ငယ်စဉ်က သင်ကြားခဲ့ရသည့် "အဘိုးအိုနှင့်သားသုံးယောက်ပုံပြင်"တွင် ဖခင်ဖြစ်သူက စည်းလုံးညီညွတ်မှုမရှိသည့် သားသုံးယောက်ကို ထင်းစည်းဥပမာထား၍ ဆုံးမခဲ့သကဲ့သို့ပင် မိမိတို့လူငယ်များသည်လည်း အချင်းချင်းစည်းလုံးညီညွတ်မှုမရှိ၊ သူတစ်လူ ငါတစ်မင်းဖြစ်ချင်သည့် စိတ်ဓာတ်များကိန်းအောင်းလာမည်ဆိုပါက အင်အားကြီးနိုင်ငံများ၏ ထိုးနှက်တိုက်ခိုက်မှုကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်မည်မဟုတ်ဘဲ ထင်းချောင်းများကဲ့သို့ ကျိုးပဲ့ပျက်စီးသွားနိုင်သည်။ "ဘယ်သူခွဲခွဲ တို့မကွဲ အမြဲစည်းလုံးမည်" ဆိုသည့်စကားနှင့်အညီ လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အသားအရောင်၊ ဆင်းရဲချမ်းသာ၊ နေထိုင်ကြီးပြင်းရာတို့ကွဲပြားစေကာမူ မြန်မာနိုင်ငံသားဆိုသည့် အမျိုးသားရေးစိတ်ဓာတ်ကို အရင်းတည်ကာ စည်းလုံးညီညွတ်ကြမည်ဆိုပါက ထင်းစည်းကဲ့သို့ ခိုင်မာကာ လိုရာခရီးသို့ အတူတကွ လျှောက်လှမ်းနိုင်ကြမည်ဖြစ်သည်။

**ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်**

"စည်းလုံးခြင်းသည်အင်အား" ဆိုသည့် စကားနှင့်အညီ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားများ၏ စုစည်းညီညွတ်မှုစွမ်းအားက အရေးကြီးသည်။ မည်မျှပင်အခက်အခဲကြုံတွေ့စေကာမူ စုပေါင်းစွမ်းအားဖြင့် ကျော်လွှားနိုင်သည်။ "ငှက်ပန်းရုံ အနီး လှည်းဘီး နွံထဲ ကျွံနေသည်။ ကူ၍ တွန်းပေးကြပါ။ လေးလွန်း၍ မတွန်းနိုင်ဘူးလား။ ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်"ဆိုသည့် ကလေးဘဝကတည်းက အလွတ်ရအောင်ကျက်ခဲ့ရသည့် ကဗျာလေးသည် လူငယ်များအတွက် ဘဝတစ်သက်တာတွင်အဖွဲ့အစည်းစိတ်ဓာတ်၊ စည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ဖြင့် အခက်အခဲတိုင်းကို ရင်ဆိုင်ကျော်ဖြတ်နိုင်ရေး သင်ကြားပေးသည့်ကဗျာလေးပင်ဖြစ်သည်။

သဘာဝသယံဇာတအရင်းအမြစ်များနှင့် လူ့စွမ်းအားအရင်းအမြစ်များရှိပြီးဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်ရန်အခွင့်အလမ်းများစွာရှိပြီးဖြစ်သည်။ ငှက်ပန်းရုံအနီးရှိ နွံအတွင်းကျွံနေသည့် လှည်းဘီးဘဝသို့ မရောက်သေးပေ။ လမ်းချော်တိမ်းပါး၍ နွံအတွင်းကျွံသွားရသည့်လှည်းဘီးသည်ပင်လျှင် ညီညီညွတ်ညွတ်ဖြင့် ပြိုင်တူတွန်း၍ ရွေ့နိုင်သည်ဆိုပါလျှင် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းသို့ မှန်ကန်တည့်မတ်စွာ လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်သို့ လွယ်လင့်တကူ ရောက်ရှိရန်အသင့်ဖြစ်နေပြီဖြစ်သည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ စုစည်းညီညွတ်မှုစွမ်းအား၊ မျိုးဆက်သစ်လူငယ်များ၏ ခွန်အားဖြင့် ကြိုးစားကြမည်ဆိုပါက ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု မြင့်မားပါသည်ဆိုသည့် စင်ကာပူကိုပင်မဆိုထားနှင့် ကမ္ဘာတစ်လွှားက ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ပင် ရင်ပေါင်တန်းကာ ခေါင်းမော့ရင်ကော့နိုင်သည့်အခြေအနေသို့ ရောက်ရှိမည်ပင်ဖြစ်သည်။

**ခေါင်းဆောင်ကောင်းတို့နောက်သို့သာ**

ခေါင်းဆောင်ကောင်းတစ်ဦး၏ ဉာဏ်အမြော်အမြင်ရှိမှု၊ စည်းရုံးဆွဲဆောင်နိုင်မှု၊ စုစည်းညီညွတ်မှုစွမ်းအားကို အကျိုးရှိရှိ အသုံးချနိုင်မှုတို့ကြောင့် ငုံးအပေါင်း အသက်ဘေးမှလွတ်ကင်းစေခဲ့သည့် သမ္မောဒမာနဇာတ်ကို မျိုးဆက်သစ်လူငယ်များ အတုယူနိုင်စေရန် ဖော်ပြလိုသည်။ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်စိုးစံစဉ် ဘုရားလောင်း ငုံးမင်းသည် ဆွေမျိုးသားချင်း ငုံးအပေါင်းခြံရံကာ အေးချမ်းသာယာစွာနေထိုင်လျက်ရှိရာ မုဆိုးတစ်ဦးရောက်လာကာ ငုံးကဲ့သို့အသံပြု၍ ငုံများကိုစုဝေးစေပြီး ပိုက်ကွန်ဖြင့်ဖမ်းသဖြင့် နေ့စဉ်ငုံးများ လျော့ပါးလာသည်။ ဘုရားလောင်းငုံးမင်းသည် ထိုအခြင်းအရာကို သိရှိသည့်အခါ ငုံးအပေါင်းကို ခေါ်ယူ၍ "အဆွေတို့ မုဆိုးရဲ့ဖမ်းဆီးသတ်ဖြတ်မှုကြောင့် အဆွေတို့ရဲ့ ဆွေမျိုးသားချင်းတွေ တစ်နေ့တခြား သေဆုံးကုန်ကြပြီ။ လွတ်မြောက်ဖို့ နည်းလမ်းတစ်ခုကို ကြိုးစားဆောင်ရွက်ကြစို့။ မုဆိုးပိုက်ကွန်ပစ်လို့ တို့တစ်တွေ ပိုက်ကွန်အောက်မှာမိနေတဲ့အချိန် ရှိသမျှခွန်အားသုံး၊ ညီညီညာညာနဲ့ ပိုက်ကွန်ကိုကိုက်ချီပြီး ပြန်ကြမယ်။ ပြီးရင် နီးစပ်ရာဆူးချုံတစ်ခုပေါ် ချပြီး အောက်ကနေ ထွက်ပြေးကြမယ်"ဟု မှာကြားကာ ငုံးအပေါင်းကိုစည်းရုံး၍ ဆောင်ရွက်နိုင်ခဲ့သဖြင့် ငုံးအပေါင်း အသက်ဘေးက လွတ်ကင်းကြရသည်။ ဘုရားလောင်း ငုံးမင်း၏ မှန်ကန်တည့်မတ်သည့် စဉ်းစားဆင်ခြင်မှု၊ ဝေဖန်ပိုင်းခြားနိုင်မှု၊ ထက်မြက်နိုးကြားမှု၊ လက်အောက်ငယ်သားများကို စည်းရုံးဆွဲဆောင်နိုင်မှု စသည့်အရည်အချင်းများသည် ယနေ့ခေတ် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်နေရသည့် မျိုးဆက်သစ်လူငယ်များ အတွက် အတုယူသင့်သော နမူနာကောင်းတစ်ခုပင်ဖြစ်သည်။

**မုဆိုးလက်တွင်းအသက်မသေဖို့**

ဘုရားလောင်းငုံးမင်း၏ ဦးဆောင်မှုအောက်တွင် ငုံးအပေါင်းအသက်ချမ်းသာရာ ရသွားသဖြင့် ငုံးတို့သည် မုဆိုး၏ရန်ကို မေ့မေ့လျော့လျော့ဖြစ်လာသည်။ မုဆိုးကလည်း ငုံးအပေါင်းတို့ ယခုကဲ့သို့ စည်းလုံးညီညွတ်မှုရှိနေသည့်အချိန်တွင် ဖမ်းဆီးရန်မဖြစ်နိုင်တော့သဖြင့် အချင်းချင်းခိုက်ရန်ဖြစ်ပွားကာ စည်းလုံးညီညွတ်မှုပြိုကွဲမည့်အချိန်ကို စောင့်၍နေလေသည်။ မိမိတို့ကို ဖမ်းဆီးစားသောက်ရန် အသင့်ရှိနေသည့် မုဆိုး၏ရန်ကို တွန်းလှန်နိုင်ရန်မေ့လျော့ကာ အစာစားရင်း အချင်းချင်းတွန်းမိ၊ တိုက်မိ၊ နင်းမိဖြစ်ရာမှ စ၍ ခိုက်ရန်ဖြစ်ပွားကြပြီး အချင်းချင်းရန်စောင်လာကြသည်။ စည်းလုံးညီညွတ်မှု အားနည်းလာသည်ကိုမြင်သည့် ဘုရားလောင်းငုံးမင်းက ထိုအရပ်တွင် ဆက်၍နေထိုင်မည်ဆိုပါက မိမိ၏အသက်ပင်ပေးရမည့်အခြေအနေကို မြင်လာသဖြင့် မိမိ၏ခေါင်းဆောင်မှုအောက်တွင် စည်းစည်းလုံးလုံးဖြင့် နေထိုင်မည့် ငုံးတချို့ကိုခေါ်ကာ ထိုနေရာက ထွက်သွားတော့သည်။ ငုံးမင်းမရှိတော့သည့်အချိန်တွင် ငုံးတို့သည် သူတစ်လူ ငါတစ်မင်းဆိုသကဲ့သို့ အချင်းချင်းမတည့်ဖြစ်နေသည်ကို မုဆိုးမြင်သည့်အခါ အသာအယာပင် ပိုက်ကွန်ပစ်၍ ဖမ်းဆီးစားသောက်ပစ်လိုက်သည်။

"ပထဝီအနေအထားအရ အချက်အချာကျသည့် မြန်မာနိုင်ငံ၊ သဘာဝသယံဇာတများ ပေါများသည့် မြန်မာနိုင်ငံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သည့် မြန်မာနိုင်ငံ၊ အနာဂတ်အတွက် တစ်လက်လက်တောက်ပနေသည့် လူငယ်မျိုးဆက်သစ်များရှင်သန်နေထိုင်ရာ မြန်မာနိုင်ငံ၊ ဘာသာသာသနာထွန်းကားရာ ရွှေရောင်လွှမ်းသည့် မြန်မာနိုင်ငံ" ထိုကဲ့သို့သော ဂုဏ်ဒြပ်များနှင့်ပြည့်စုံနေသည့် နိုင်ငံကို လမ်းမှန်ပျောက်၍ ချောက်ထဲသို့ကျကာ တစ်စစီဖြစ်ရန် မကောင်းသည့် ရည်ရွယ်ချက်ဖြင့် သွေးထိုးနှောင့်ယှက်နေသည့် ပြည်ပရန်သူများကလည်း ရှိနေသည်။ လူငယ်မျိုးဆက်သစ်များက တော်တည့်မှန်ကန်သည့် ခေါင်းဆောင်များ၏ဦးဆောင်မှုအောက်တွင် အလိုက်သင့်လိုက်ပါကာ ခွန်အားပြည့်ဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက ရန်စွယ်မှန်သမျှသည် မှေးမှိန်ပျောက်ကွယ်သွားရမည်ဖြစ်သည်။ "ဘယ်သူခွဲခွဲ တို့မကွဲ အမြဲစည်းလုံးမည်" ဆိုသည်နှင့်အညီ ပင်လုံစိတ်ဓာတ်ကို အရင်းတည်ကာ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များဖြင့် တွဲလက်ညီညီဖြင့် ရှေ့သို့ခရီးဆက်ကြရာတွင် မျိုးဆက်သစ်လူငယ်များကလည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန် တာဝန်ရှိသည်။

**အမှန်တရားကို မြတ်နိုးပါ**

အနာဂတ်မျိုးဆက်သစ် ခေါင်းဆောင်များဖြစ်သည့် လူငယ်များအနေဖြင့် အမှားအမှန်ကို ပိုင်းခြားဝေဖန်တတ်သည့် ဉာဏ်ပညာရှိရန်လိုအပ်သကဲ့သို့ အမှန်တရားကို မြတ်နိုးတတ်ပြီး အမှန်တရားအတွက် ရဲရဲဝံ့ဝံ့ဆောင်ရွက်တတ်သည့် မှန်ကန်သော သတ္တိရှိရန် လိုအပ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်အပ်သော ပြည်ထောင်စုကြီးထာဝစဉ် တည်တံ့ခိုင်မြဲရေးအတွက် အစိုးရနှင့် ပြည်သူတို့ လက်တွဲညီညီဆောင်ရွက်ကြရာတွင် မျိုးဆက်သစ်လူငယ်များ မကျန်ခဲ့စေရေး အထူးအလေးထားသင့်သည်။ ဇလင်းတန်ဖွံ့ဖြိုးတိုးတက်ရေးကစ၍ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ လူမျိုးချစ်စိတ်၊ ဘာသာသာသနာကို စောင့်ရှောက်လိုစိတ် စသည့်မွန်မြတ်သည့်စိတ်ဓာတ်များ ကိန်းအောင်းစေရေး လေ့ကျင့်ပေးထားပြီးဖြစ်သည့် မျိုးဆက်သစ်လူငယ်များသည် မှန်ကန်သောအသိ၊ မှန်ကန်သောအမြင်များဖြင့် တိုင်းပြည်သာယာဝပြောရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

– ငါးရာ့ငါးဆယ် ဇာတ်တော်များ

# မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၁၄၁၅ ဧက စိုက်ပျိုးပြီးစီး



**မုံရွာ ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၁၄၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် ထောပတ်ပဲ ၁၄၄၅ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ထောပတ်ပဲ ၁၄၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မုံရွာခရိုင်အတွင်း ထောပတ်ပဲ ၁၄၄၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာတော့ ထောပတ်ပဲ ၁၄၁၅ ဧက စိုက်ပျိုးပြီးပါပြီ။ ထောပတ်ပဲလျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ အောင်မြင်ဖြစ်ထွန်းကြပါတယ်။ ထောပတ်ပဲကို ဈေးကောင်းရရှိတဲ့အတွက် အားထားစိုက်ပျိုးကြပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် ထောပတ်ပဲ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၉၇၀၊ ဘုတလင်မြို့နယ်တွင် ၇၅ ဧက၊ ချောင်းဦးမြို့နယ်တွင် ဧက ၃၇၀ စုစုပေါင်း ၁၄၁၅ ဧက တို့ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၉၅၈ ဧက၊ ဘုတလင်မြို့နယ်တွင် ၈၄ ဧက၊ ချောင်းဦးမြို့နယ်တွင် ၄၀၃ ဧက စုစုပေါင်း ၁၄၄၅ ဧကဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲကို သီးသန့်စိုက်ပျိုးကြသကဲ့သို့ အချို့တောင်သူများက အပိုဝင်ငွေရရှိစေရန်အတွက် သီးညှပ်စိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာခရိုင်တွင် ပဲမျိုးစုံစိုက်ပျိုးကြသောတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကြရေးနှင့်လိုအပ်သည့် နည်းပညာများကို ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပြီး သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲပုံနှင့်အချိန်မီရိတ်သိမ်းမှု စသည့် အသိပညာပေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# စေတုတ္တရာမြို့နယ် ကျောက်ဖူးကျေးရွာ၌ ကျေးလက်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**စေတုတ္တရာ ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ကျောက်ဖူးကျေးရွာ၌ ကျေးလက်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးယုလွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကျောက်ဖူးကျေးရွာ၌ ကျေးလက်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

စေတုတ္တရာမြို့နယ် ကျောက်ဖူးကျေးရွာ၌ အရှည် တစ်မိုင် ငါးဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့်ကိုးလက်မရှိ ကျေးလက်လမ်း မြေနီခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်၌ အရှည် ငါး ပေ၊ အကျယ် ၂၄ ပေ၊ အမြင့် ငါး ပေရှိ Box Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး ရန်ပုံငွေကျပ် ၆၃ ဒသမ ၈ သန်းဖြင့် U-42 ကုမ္ပဏီကတာဝန်ယူ၍ ၂၀၂၃ ခုနှစ် ဩဂုတ် ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျောက်ဖူးကျေးရွာရှိ အိမ်ခြေ ၄၅ အိမ်မှ လူဦးရေ ၂၀၀ တို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘာသာရေးကိစ္စရပ်များအတွက် သွားလာမှု လွယ်ကူစေမည်ဖြစ်ကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးယုလွင်က ပြောပြ၍ သိရသည်။ **ကိုညို**

# မြောင်းမြမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၄၉၁၅ ဧက စိုက်ပျိုးမည်

**မြောင်းမြ ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၄၉၁၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၁၄၉၁၅ ဧကကို ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ နွေစပါးများအခက်အခဲမရှိ စနစ်တကျရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနများက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြောင်းမြမြို့နယ်မှာ နွေစပါး ၁၁၄၉၁၅ ဧကထိ လျာထားစိုက်ပျိုးသွားမှာပါ။ ဒီနှစ်နွေစပါးကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူတွေကို လိုအပ်တဲ့သွင်းအားစုတွေနဲ့ စိုက်ပျိုးရေးနည်းပညာတွေကို ကူညီပေးသွားမှာပါ။ နွေစပါးစိုက်ပျိုးရာသီမှာ ဓာတ်မြေဩဇာတွေ စနစ်တကျအသုံးပြုစေဖို့ နည်းပညာပေးလုပ်ငန်းတွေကိုလဲ အခြားစိုက်ပျိုးရေးနဲ့ ဆက်စပ်တဲ့ဌာနတွေ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၁၄၉၁၅ ဧက စိုက်ပျိုးရာတွင် ညိုမထ၊ ရက် ၉၀၊ GW1၊ GW3 ထိုင်းဘေးကျား စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစပါးအမျိုးအစားများသည် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကွက်အခိုင်အမာရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# သနပ်ပင်မြို့နယ် ခလပ်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် ဖေဖော်ဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခလပ်ကျေးရွာ၌ ပဥ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) အကောင်အထည်ဖော်ရခြင်း၏ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါအကြောင်းအရာများ၊ ချေးငွေဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်လာမှုကြောင့် ဆင်းရဲမှုလျော့ကျရေး လုပ်ငန်းစဉ်အတွက် အထောက်အကူပြုပုံတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာကော်မတီဝင်များက ခလပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈၁ ဦးကို ငွေကျပ် ၃၃၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၃၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၁၁ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂၁ ဦးကိုငွေကျပ် ၃၇၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းထံမှ သိရသည်။ **သက်မာ**

# ဘုတ်ပြင်းမြို့နယ် ကြိမ်မဲတောင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ဘုတ်ပြင်း ဖေဖော်ဝါရီ ၉**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြိမ်မဲတောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များ၊ စီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရမည့်အခြေအနေများနှင့် ကော်မတီဝင်များ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)နှင့်စပ်လျဉ်း၍ သိရှိလိုသည့်အချက်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ဘုတ်ပြင်းမြို့နယ် ကြိမ်မဲတောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြု၍ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# သုံးကြောင်းကဗျာ ချစ်စရာ (၄)

မန်းတင့်မော်

မြန်မာ့ကဗျာသမိုင်းကို လေ့လာကြည့်လျှင် ဗုဒ္ဓ၏ သားတော်၊ သမီးတော်များဟုခေါ် ဆိုအပ်သော ရဟန်း နှင့် သီလရှင်တို့က ခေတ်အဆက်ဆက် ကဗျာများ ရေးဖွဲ့သီကုံးခဲ့သည်ကို တွေ့ရပါမည်။ ဘာသာရေး ဆိုင်ရာ အဆုံးအမများကို စပ်ဆိုနည်းအမျိုးမျိုး၊ ရေးထုံးအသွယ်သွယ်တို့ဖြင့် စပ်ဆိုရေးသားခဲ့ကြသည် မှာလည်း အထင်အရှားပင်ဖြစ်သည်။ အင်းဝခေတ် ရဟန်းပညာရှိလေးပါးမှာ လူသိများပါသည်။ ပေလေး ပင် ရှင်လေးပါးဟူ၍လည်း ကျော်ကြားခဲ့ပါသည်။ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်အုန်းညို နှင့် ရှင်ခေမာတို့ဖြစ်ကြပါသည်။

ရတနာပုံခေတ်တွင်လည်း စာဆိုရဟန်း ဇန်းမော် ဆရာတော်နှင့် သီလရှင်မယ်ကင်းတို့မှာ စာတတ် ပေတတ် ကျမ်းပြုအကျော်အမော်များဖြစ်သကဲ့သို့ လက်တန်းစာတို၊ ကဗျာတိုတို့ကိုလည်း အချိန်တို အတွင်း စပ်ဆိုနိုင်ကြကြောင်း မှတ်သားရပါသည်။ ရှေးဟောင်းစာများတွင် တွေ့ရှိရ၍ ဆင့်ကမ်းခဲ့ကြ သည်မှာ ယနေ့တိုင်ဖတ်ရှုလေ့လာသူတိုင်း နှစ်ခြိုက် ကြသည်သာဖြစ်ပါသည်။ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ကြရာတွင်လည်း ဆရာတော်များက စာ၊ ကဗျာများဖြင့် တစ်ဖက်တစ်လမ်းမှ လှုံ့ဆော်ခဲ့ကြပါ သေးသည်။ မန္တလေးနှင့်အနီးတစ်ဝိုက်မှလည်း စာပေ ရေးသားပြုစုသူ ဆရာတော်များစွာရှိပါသေးသည်။ ကိုပညာ(အမရပူရ)နှင့် ရွှေကိုင်းသား ကလောင်တို့မှာ ရဟန်းစာဆိုများ ဖြစ်ကြသကဲ့သို့ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ သုတေသနပညာရှင်များဖြစ်ကြ သဖြင့် စာဖတ်သူနှင့် စာရေးသူများအတွက် အလွန် ကျေးဇူးများလှပါသည်။

သုံးကြောင်းကဗျာများကို လေ့လာရာတွင် ရဟန်း စာဆို မုံရွာနေဇာ၏ “မြန်နှုန်းမြင့်စံချိန်”အမည်ရှိ ကဗျာတစ်ပုဒ်ကိုလည်း တွေ့ရှိရပါသည်။ ကဗျာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**မြန်နှုန်းမြင့်စံချိန်**

- မျက်စိတစ်မှိတ်
ခေါင်းတစ်ညိတ်မှာ
စိတ်က ကမ္ဘာပတ်ပြီးပြီ။ ။

မုံရွာနေဇာ

လူတို့တီထွင်ထုတ်လုပ်သောယာဉ်များကို မြန်သည် ထက်မြန်အောင် ပြုလုပ်ခဲ့၊ ပြုလုပ်ဆဲ၊ ပြုလုပ်နေကြ ပါလိမ့်ဦးမည်။ အသံထက်မြန်သော ဂျက်လေယာဉ် ပေါ်စက အံ့သြဘနန်းဖြစ်ခဲ့ကြရသည်။ ဂျပန်နိုင်ငံက ကျည်ဆန်ရထား၏ မြန်နှုန်းကလည်း သူမတူမြန်နိုင် စွမ်းပါဘိ။ ဤနေရာတွင် စံချိန်စံညွှန်းစသော အတိုင်း အတာတစ်ရပ်ကလည်း နေ့စဉ်လူမှုဘဝတွင် ပါဝင် ထင်ဟပ်လျက်ရှိသော အသွင်ဆောင်လျက်ရှိနေသည်။ နေထိုင်ရာအဆောက်အအုံကလည်း စံချိန်မီရန်လိုအပ် သည်။ စားသောက်သော အစားအသောက်များကို လည်း စံချိန်စံညွှန်းကိုက်ညီရဦးမည်။ ဝတ်စားဆင်ယင် သောအဝတ်အထည်နှင့် အသုံးပြုနေရသော ပစ္စည်း ကိရိယာများပါမကျန် စံသတ်မှတ်လေ့လည်းရှိသည်။ ယာဉ်ရထားများ၏ မြန်နှုန်းကလည်း မြင့်မားပါသည်။ သို့သော် လူ၏စိတ်ခရီးနှင်သောနှုန်းကို ဘယ်သော အခါမှ မီနိုင်မည်မဟုတ်ပေ။ မြန်မာအတိုင်းအတာ များတွင် မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်ဟုလည်း ပြောဆိုလေ့ရှိကြသေးသည်။ စိတ်၏မြန်နှုန်းကို တိုင်းတာရန်မလွယ်။ ထိုသဘောကိုပင် ကဗျာဆရာ က ရိုးရှင်းစွာဖွဲ့နွဲ့ထားသည်။ အတွေးဆန့်လျှင် ဆန့်သလောက် ခရီးပေါက်နိုင်သည့် ကဗျာလေးဟု လည်း ထင်မြင်မိပါသည်။

စာရေးဆရာ သာဓု၏မျိုးဆက်တွင် စာရေး ဆရာ သားသုံးဦး ထွန်းကားခဲ့ပါသည်။ သုံးဦးစလုံး ထူးချွန်ထင်ရှားသော စာရေးဆရာများဖြစ်ကြသည်။ အကြီးဆုံး မောင်ဝဏ္ဏမှာ စာရေးဆရာ၊ အကယ်ဒမီရ ဒါရိုက်တာဖြစ်ပါသည်။ အလတ် သုမောင်မှာ စာရေး ဆရာ၊ အကယ်ဒမီရ ရုပ်ရှင်သရုပ်ဆောင်အဖြစ် သာမက အဆိုတော်တစ်ဦးအဖြစ်လည်း ထင်ရှား ခဲ့သည်။ အငယ် မင်းလူကလည်း စာရေးဆရာဖြစ်ပြီး သူ၏ဝတ္ထုများကို ရုပ်ရှင်ရိုက်ကူးကြရာတွင် ထူးချွန်ဆု (အကယ်ဒမီ)ရရှိသည်ထိ အောင်မြင်ခဲ့သည်။ ယခု သူတို့ညီနောင်သုံးဦးစလုံး ကွယ်လွန်တိမ်းပါးခဲ့သည်ဖြစ် ရာ စာပေ၊ ဂီတနှင့်ရုပ်ရှင်နယ်ပယ်တို့တွင် ကွက်လပ် သဖွယ်ဖြစ်၍ နှမြောမိပါသည်။ မင်းလူတို့ ညီအစ်ကို သုံးဦးစလုံး ကဗျာများလည်း ရေးဖွဲ့ခဲ့ကြပါသည်။

မင်းလူ၏“ခြေရာ” ခေါင်းစဉ်ပါသုံးကြောင်းကဗျာမှာ-

**ခြေရာ**

- အလွမ်း၌သာ
ခြေထောက်ပါလျှင်
ရင်မှာခြေရာ ထင်စေသတည်း။ ။

မင်းလူ ဟူ၍ဖြစ်ပါသည်။

ခြေရာဟူသောစကားကို နေရာနှင့်ယှဉ်တွဲ၍လည်း ကောင်း၊ လုပ်ဆောင်မှုနှင့်ဆက်စပ်၍လည်းကောင်း၊ စိတ်ခံစားမှုနှင့်ထပ်တူပြု၍လည်းကောင်း အမျိုးမျိုး အသုံးပြုကြပါသည်။ ငယ်စဉ်က ချစ်သူထံ ချစ်သဝဏ် လွှာများပေးလေ့ရှိကြသည်ကိုလည်း သတိရမိပါသည်။ မှတ်သားဖူးသော ချစ်သဝဏ်လွှာတစ်ပုဒ်တွင် “ကောင်းကင်တွင် ငှက်ခြေရာ၊ ရေပြင်မှာငါးခြေရာ ထင်ဟပ်တွေ့မြင်ပါမှ သူချစ်သူကို မုန်းမည်”ဟူသော အဓိပ္ပာယ်ကို စွဲစွဲထင်ထင်ရှိခဲ့ဖူးသည်။ လှပသော တင်စားချက်ဟု ယူဆနိုင်ပါလိမ့်မည်။ ဆရာမင်းလူက အလွမ်းဟူသော စိတ်ခံစားချက်ကို လူ၏ခန္ဓာကိုယ် အစိတ်အပိုင်းဖြစ်ခဲ့လျှင်ဟု ထပ်တူပြုသည်။ ရင်တွင် ဖြစ်တည်သော အလွမ်းဟူသည်ရှိစမြဲ။ ရင်ပွင့်မတတ် ချစ်ရသည်။ ရင်နှင့်အမျှ လွမ်းရသည်။ ရင်ဘတ်ကြီးနှင့် ချစ်လိုက်မည် စသည်ဖြင့်လည်း ဆိုကြသေးသည်။ ထို့ကြောင့်ပင် ရင်မှာ ခြေရာထင်စေသတည်းဟူ၍ ဆရာက ရက်ရောစွာ၊ ချစ်ခင်စွာ၊ မြတ်နိုးစွာ ခွင့်ပြု ပေးသည်ဟု မှတ်သားနိုင်ပါလိမ့်မည်။ ချစ်ခင်နှစ်သက် ဖွယ် သုံးကြောင်းကဗျာဟုဆိုလျှင် သဘောတူလက်ခုပ် တီးကြမည်ဟု မျှော်လင့်မိပါသည်။

မြန်မာတို့၏ “ဘုရားမတင် နတ်မဝင် လူတွင် ဆယ်ပွင့်ပန်း”ဟူသော ပန်းဆယ်မျိုးရှိပါသည်။ မြန်မာ မှုအနုပညာလုပ်ငန်း ၁၀ မျိုးဟုဆိုကြပါစို့။ ထိုပန်းများ ထဲတွင် “ပန်းပဲ”အမည်ရှိ လုပ်ငန်းတစ်မျိုးပါရှိပါသည်။ ပန်းပဲလုပ်ငန်းမှာ လယ်ယာသုံး ဓား၊ ထယ် စသော လက်နက်ကိရိယာများ ပြုလုပ်ခြင်းဖြစ်သည်။ မီးသုံးရ သည်။ သံကိုလိုသလိုပုံသွင်း၍ ပင်ပန်းကြီးစွာ လုပ် ဆောင်ရခြင်းလည်းဖြစ်သည်။ မီးကိုလည်း အတိုး အလျှော့ချိန်ဆရသည်။ ဓားကောင်းတစ်လက်ဖြစ်ရန် မီးအပူပေး၍ တူဖြင့်အချက်ပေါင်းများစွာ ထုနက်ရ သည်။ အထူအပါးညီရသည်။ ဓားသွားပိုင်းနှင့်အနောင့် ပိုင်းသတ်မှတ်ရသည်။ တစ်ဖက်တည်းလုပ်ဆောင်၍ မရ။ ဟိုဘက်သည်ဘက် အထက်အောက်လှန်၍ အကြိမ် ပေါင်းများစွာ အလူးအလှိမ့်လုပ်ရသည်။ ထို့ကြောင့် “ပန်းပဲလူးလှိမ့်”ဟုအဆိုရှိသည်။ မလိုသူတို့က စကား တင်းဆိုသကဲ့သို့ “ပန်းပဲလူလိမ်”ဆိုရိုးမဟုတ်ကြောင်း မှတ်သားမိပါသည်။

အဆိုပါ ပန်းပဲလုပ်ငန်းသဘောကို အခြေခံလျက် ဆရာမောင်ခေတ်ထွန်းက “အား”အမည်ရှိ သုံးကြောင်း ကဗျာကို အောက်ပါအတိုင်းစပ်ဆိုခဲ့ပါသည်။

**အား**

- မာသည့်သံချောင်း
မီးအားကောင်းက
ဖယောင်းကဲ့သို့ ကွေးညွှတ်နိုင်။

မောင်ခေတ်ထွန်း

ကဗျာလက်ရာရှင် မောင်ခေတ်ထွန်းသည် စာနယ်ဇင်း အယ်ဒီတာကောင်းတစ်ယောက်လည်း ဖြစ်ပါသည်။ ရတနာပန်းခင်း ကလေးမဂ္ဂဇင်းကို နှစ်ပေါင်းများစွာ တည်းဖြတ်ထုတ်ဝေခဲ့သူလည်းဖြစ်သည်။ ကလေးများ အတွက် ဗဟုသုတဖြစ်ဖွယ်၊ အတုယူလိုက်နာဖွယ်၊ ကျင့်ကြံအားထုတ်ဖွယ်ရာ ကဗျာ၊ ပုံပြင်၊ ရုပ်ပြ၊ ဝတ္ထုတို နှင့် ဉာဏ်စမ်းများပါဝင်ရာ ကလေးစာဖတ်ပရိသတ် တိုးပွားလာခဲ့သည်။ ထို့ပြင် လူငယ်များဖတ်ရန် ကြီးပွား ရေးလမ်းညွှန်စာအုပ်များ၊ ပုံပြင်စာအုပ်များလည်း ရေးသားထုတ်ဝေခဲ့သည်။ စာပေဆုများ ဆွတ်ခူးခဲ့ သော စာရေးဆရာလည်းဖြစ်သည်။

ဆရာ မောင်ခေတ်ထွန်း၏သုံးကြောင်းကဗျာကို လူငယ်များအတွက် ရည်ညွှန်းသည်ဟုဆိုချင်ပါသည်။ လူငယ်ဘဝတွင် ကာယအား၊ ဉာဏအားတို့က ပြည့်စုံ နေသည်။ ထိုအားများကို အသုံးချကြရမည်လည်းဖြစ်ပါ သည်။ လူ့ဘဝတွင် အခက်အခဲအတားအဆီးများကရှိစမြဲ။ လူငယ်များအတွက် ထိုအခက်အခဲများကို ရင်ဆိုင်ကြ ရသည်။ အတားအဆီးများကို ကျော်လွှားကြရသည်။ ထိုသို့ရင်ဆိုင်ကျော်ဖြတ်ရန်မှာ ကာယအားလိုအပ်သကဲ့ သို့ ဉာဏ်ပညာအားကြီးရန်လည်း အထူးလိုအပ်ပါ သည်။ ထို့ကြောင့်ပင် ပညာသင်ကြားကြရခြင်းလည်းဖြစ် သည်။ အသိပညာ သို့မဟုတ် အတတ်ပညာတစ်ရပ်ရပ် ကို တတ်ကျွမ်းပိုင်နိုင်အောင် သင်ကြားသင့်ကြကြောင်း ကိုလည်း မိဘဆရာတို့က အစဉ်အဆက်ညွှန်ပြခဲ့ကြ သည်လည်းဖြစ်ပါသည်။

“ပျော့လျှင် ဖယောင်း မာလျှင် သံချောင်း”ဟူသော စကားရှိသည်။ လူမှုဆက်ဆံရေးနယ်ပယ် အားလုံးနှင့် အကျုံးဝင်မည်ဟု မှတ်ယူချင်ပါသည်။ ဆိုင်ရာဆိုင်ရာ လုပ်ငန်းခွင်များတွင် ပျော့ပျောင်းစွာဆက်ဆံခြင်းသည် ယဉ်ကျေးဖွယ်ရာအမူအရာဟုမြင်ပါသည်။ ပျော့ပျောင်း မှုသည် ပျော့ညံ့မှုနှင့် ကွာခြားသည်ကိုလည်း သတိပြု ကြရပါလိမ့်မည်။ ပညာကိုထိုးထွင်းသိမြင်ပိုင်နိုင်လျှင်၊ မိမိတတ်ကျွမ်းထားသော ပညာနှင့်ဆိုင်လာလျှင် ခိုင်ခိုင် မာမာ ရပ်တည်ချက်ရှိလာနိုင်သည်။ မာလျှင် သံချောင်း ဟုဆိုကြပါစို့။ တတ်ယောင်ကား၊ သိယောင်ကားဆိုပါ လျှင် သံချောင်းမဟုတ်နိုင်ပေ။

ပန်းပဲအတတ်တွင် “မီးနာမှ သံကောင်းသည်” ဟု ပြောစမှတ်ပြုလေ့ရှိပါသည်။ အတွေ့အကြုံကို အခြေခံလျက် ကောင်းမြတ်သောအလေ့အထများ ကိုဆောင်ရွက်ပါမှ လောကအကျိုးစီးပွားနှင့် သံသရာ ခရီးအတွက် ကောင်းမှုများကို သယ်ဆောင်နိုင် လိမ့်မည်ဟုလည်း ယုံကြည်မိပါသည်။ ဆရာ မောင်ခေတ်ထွန်း၏ သုံးကြောင်းကဗျာ “အား” မှာ အရွယ်မရွေး လူသားတို့အတွက် တွေးမြင်ကျယ်လျှင် ကျယ်သမျှ ခွန်အားဖြစ်စေမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသတည်း။

**❖ ဆရာမောင်ခေတ်ထွန်း၏ သုံးကြောင်းကဗျာကို လူငယ်များ အတွက် ရည်ညွှန်းသည်ဟု ဆိုချင်ပါသည်။ လူငယ်ဘဝတွင် ကာယအား၊ ဉာဏအားတို့က ပြည့်စုံနေသည်။ ထိုအားများကို အသုံးချကြရမည် လည်းဖြစ်ပါသည်။ လူ့ဘဝတွင် အခက်အခဲအတားအဆီးများက ရှိစမြဲ။ လူငယ်များအတွက် ထိုအခက်အခဲများကို ရင်ဆိုင်ကြရသည်။ အတား အဆီးများကို ကျော်လွှားကြရသည်။ ထိုသို့ရင်ဆိုင်ကျော်ဖြတ်ရန်မှာ ကာယအားလိုအပ်သကဲ့သို့ ဉာဏ်ပညာအားကြီးရန်လည်း အထူး လိုအပ်ပါသည်။ ❖**

# ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် မောင်းရမ်း ကျေးရွာအုပ်စု ဘုရားတောင်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက် ရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရ ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်း၊ ဥတ္တရ သီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာခြည် မွန်နှင့် တာဝန်ရှိသူများ၊ တင်ဒါအောင်မြင် သည့် ကုမ္ပဏီမှတာဝန်ရှိသူများက ကျေးရွာ ကော်မတီဝင်များနှင့်အတူ ဘုရားတောင် ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး စက်ရေတွင်းတူးဖော် ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက် နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးစိုးလင်းက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ဘုရားတောင်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေ တွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ ရေစက်ရုံ တည်ဆောက်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံ ငွေကျပ် ၂၁ ဒသမ ၀၂ သန်းဖြင့် တင်ဒါ အောင်မြင်သည့် ကုမ္ပဏီက ၂၀၂၃ ခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ ရာ ယခုအခါ လုပ်ငန်းအားလုံး ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ဘုရားတောင် ကျေးရွာရှိ အိမ်ခြေ ၄၆၈ အိမ်မှ လူဦးရေ ၁၉၀၀ အတွက် ရာသီမရွေး သောက်သုံး ရေအခက်အခဲများ အဆင်ပြေတော့မည် ဖြစ်ကြောင်း သိရသည်။

**သူသူ**

# တနင်္ဂနွေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေထဲက အိမ်ကွင်းအားသာချက်ရှိနေတဲ့ ဝက်စ်ဟမ်းအသင်း၊ စတုဂတ်အသင်းနဲ့ မာယော့ကာအသင်းတို့ကို အားပေးရမှာပါ

M
L



တနင်္ဂနွေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ ခြေစွမ်းပိုင်းထက်မြက်နေတဲ့အသင်းတွေနဲ့ အသင်းကြီးတွေ့ဆုံမှုတွေများနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာအုံးမှာ သေချာပါတယ်။ လက်ရှိမှာ ပွဲစဉ် ၂၀ ကျော်လာခဲ့တာကြောင့် အသင်းကြီးတွေအနေနဲ့ ချန်ပီယံဆုနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ကြိုးပမ်းနေရသလို အသင်းငယ်တွေကလဲ တန်းမဆင်းရရေးအတွက် ရုန်းကန်နေတာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေထဲက အဓိကကစားသမားတွေ ဒဏ်ရာရပွဲပယ်များနေပြီး အရန်ကစားသမားစုဖွဲ့မှု အားနည်းတဲ့အသင်းတွေကိုတော့ သတိထားရမှာဖြစ်ပါတယ်။ ဒါကြောင့် တနင်္ဂနွေနေ့ညပွဲစဉ်တွေထဲက တိုက်စစ်ကစားပုံထက်မြက်နေပြီး အိမ်ကွင်းအားသာချက်ရှိနေတဲ့အသင်းတွေကိုပဲ အားပေးရမှာပါ။

**ဝက်စ်ဟမ်းအသင်းကို အားပေးရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဝက်စ်ဟမ်းအသင်းနဲ့ အာဆင်နယ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ ပြီးခဲ့တဲ့အမှတ်ပေးပွဲမှာ မန်ယူကို သုံးဂိုးပြတ်နဲ့ရှုံးနိမ့်ခဲ့တာကြောင့် အမှတ်ပေးပွဲ ၂၃ ပွဲမှာ ရမှတ် ၃၆ မှတ်နဲ့ အဆင့်(၇) ထိ ကျဆင်းခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုနှစ်အတွင်းကစားခဲ့တဲ့ပြိုင်ပွဲစုံမှာ နိုင်ပွဲမရသေးပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်း ၁၀ ဆက်မှာတော့ ရှုံးပွဲမရှိသေးတာကို သတိပြုရမှာပါ။ အမှတ်ပေးပွဲအိမ်ကွင်း ၁၁ ပွဲမှာလဲ အဲဗာတန်နဲ့ မန်စီးတီးတို့ကိုသာ ရှုံးခဲ့ပြီး အိမ်ကွင်းကစားပုံကောင်းတဲ့အသင်းဖြစ်နေတာကြောင့် အဝေးကွင်းတိုက်စစ်ကစားပုံ တည်ငြိမ်မှုမရှိတဲ့ အာဆင်နယ်အသင်း အခက်တွေ့မှာသေချာပါတယ်။ အခုပွဲမှာလဲ ပါကွီတာနဲ့ အန်တိုနီယိုတို့ နှစ်ဦးသာ လွဲချော်မှာဖြစ်လို့ ၄-၂-၃-၁ ကစားကွက်မှာ ပါကွီတာနေရာကို အစားထိုးမဲ့ ကစားသမားခြေစွမ်းမပြနိုင်ရင် တိုက်စစ်ကစားအားကျဆင်းသွားနိုင်ပေမဲ့ ဘိုဝင်၊ ကူဒက်၊ ဝက်ပရောက်စ်တို့ တိုက်စစ်ကိုတော့ အာဆင်နယ်ခံစစ်ပိုင်း ဂိုးပေးရဖို့များပါတယ်။

အာဆင်နယ်အသင်းဟာ အခုရာသီမှာ ပရီးမီးယားလိဂ်ချန်ပီယံဆုရယူဖို့ ပစ်မှတ်ထားနေပေမဲ့ ဒေဇင်ဘာကိုရှုံးပြီးနောက်ပိုင်း ဝက်စ်ဟမ်း၊ ဖူလ်ဟမ်အသင်းတို့ကိုပါ ရှုံးနိမ့်ခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၃) ထိရောက်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာ အဆင့်(၁)က လီဗာပူးကို သုံးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့လို့ ချန်ပီယံဆုကိုစိန်ခေါ်ဖို့ အခွင့်အရေးရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ရမှတ် ၅၁ မှတ်နဲ့ ဦးဆောင်နေတဲ့ လီဗာပူးကို ရမှတ် ၄၉ မှတ်နဲ့ အဆင့်(၃) ကနေ ဖိအားပေးနိုင်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိ ဝက်စ်ဟမ်းအသင်းကလဲ ကွင်းလယ်ကစားအားကောင်းတဲ့အသင်းဖြစ်နေတာကြောင့် တောင်ပံက ဆာကာ၊ မာတင်နယ်လီတို့ ခြေစွမ်းမပြနိုင်ရင်တော့ ပထမအကျော့ပွဲစဉ်ကလို ဂိုးပြတ်ရှုံးသွားမှာပါ။ အာဆင်နယ်အသင်းရဲ့ အဝေးကွင်း ၁၁ ပွဲမှာ ခြောက်ပွဲသာနိုင်ခဲ့ပြီး နှစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ထွက်ခဲ့တဲ့အခြေအနေက အသင်းကြီးတစ်သင်းအနေနဲ့ အဝေးကွင်းအားနည်းချက်ရှိနေတယ်လို့ဆိုရမှာပါ။ အခုပွဲမှာ ဂျီးဆပ်၊ ဇီချန်ကိုအပါ ကစားသမားခြောက်ဦးထိ လွဲချော်မဲ့အခြေအနေက ကစားသမားစုဖွဲ့မှုအားနည်းနိုင်တာကြောင့် နိုင်ပွဲရှာဖို့ကြိုးစားလာမဲ့ အိမ်ရှင်ဝက်စ်ဟမ်းအသင်းကိုပဲ အားပေးရမှာပါ။

**ဝက်စ်ဟမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | ၁ | - | ၁ | ဘရစ္စတိုး |
| ဘရစ္စတိုး | ၁ | - | ၀ | ဝက်စ်ဟမ်း |
| ရှက်ဖီး(ယူ) | ၂ | - | ၂ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၁ | - | ၁ | ဘုန်းမောက် |
| မန်ယူ | ၃ | - | ၀ | ဝက်စ်ဟမ်း |

**အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၂ | - | ၁ | အာဆင်နယ် |
| အာဆင်နယ် | ၀ | - | ၂ | လီဗာပူး |
| အာဆင်နယ် | ၅ | - | ၀ | ပဲလေ့စ် |
| နော်တင်ဟမ် | ၁ | - | ၂ | အာဆင်နယ် |
| အာဆင်နယ် | ၃ | - | ၁ | လီဗာပူး |

**စတုဂတ်အသင်း ရလဒ်ကောင်းမှာပါ**

ဘွန်ဒက်လီဂါ ပွဲစဉ် (၂၁)မှာ အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ စတုဂတ်အသင်းနဲ့ မိန့်ဇ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ စတုဂတ်အသင်းဟာ ကြားရက်ကကစားခဲ့တဲ့ ပိုကယ်ဖလားပွဲစဉ်မှာ လေဗာကူဆင်အသင်းကို အပြန်အလှန်ဂိုးတွေနဲ့ ဖိအားပေးနိုင်ခဲ့ပေမဲ့ မိနစ် ၉၀ မှာ ဦးဆောင်ဂိုးပေးလိုက်ရလို့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ အမှတ်ပေးပွဲ ၂၀ ကစားအပြီးမှာ ရမှတ် ၄၀ ထိရခဲ့တာကြောင့် အဆင့်(၃) ရောက်ရှိခဲ့ပြီး အဆင့်(၄)က ဒေါ့မွန်ကို ရမှတ်သုံးမှတ်ဖြတ်ထားနိုင်ခဲ့တာဖြစ်ပါတယ်။ စတုဂတ်ဟာ အခုရာသီ နည်းပြဟိုးနက်စ်လက်ထက်မှာ တိုက်စစ်ကစားပုံ တိုးတက်လာတာကြောင့် ခြေရည်တူအသင်းတွေကို နိုင်ပွဲရယူနိုင်ခဲ့သလို တိုက်စစ်ပိုင်းက ၄၆ ဂိုးထိသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါ့ပြင် အမှတ်ပေးပွဲအိမ်ကွင်း ၁၀ ပွဲမှာလဲ ဟော်ဖန်ဟိမ်းအသင်းကိုသာရှုံးခဲ့ပြီး ရှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ အသင်းကြီးတွေကိုတောင် ယှဉ်ကစားနိုင်ခဲ့တာကြောင့် အခုပွဲစဉ်မှာ မိန့်ဇ်အသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာ သေချာပါတယ်။

မိန့်ဇ်အသင်းဟာ ဘွန်ဒက်လီဂါရဲ့ အလယ်အလတ်တန်းအဆင့်ရှိတဲ့ အသင်းဖြစ်ပေမဲ့ အခုရာသီမှာ အဘက်ဘက်ကအားနည်းခဲ့တာကြောင့် တန်းဆင်းဇုန်ထဲရောက်ရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပွဲ ၂၀ ကစားအပြီးမှာ တစ်ပွဲသာအနိုင်ရခဲ့ပြီး ရမှတ် ၁၂ မှတ်သာရခဲ့တာကြောင့် အဆင့်(၁၇) မှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ပြိုင်ဘက်ရဲ့ကစားပုံကိုလိုက်ပြီး ကစားကွက်ပိုင်းပြောင်းလဲကစားခဲ့သလို ခံစစ်အားပြုခဲ့တာကို တွေ့ရမှာပါ။ ကြားရက်က လက်ကျန်ပွဲစဉ်မှာလဲ ယူနီယံဘာလင်နဲ့ကစားခဲ့ရပြီး အိမ်ကွင်းမှာထိရောက်တဲ့ ဂိုးပေါက်ဖြိမ်းခြောက်မှုတွေ ပြုလုပ်နိုင်ခဲ့ပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ကြောင့် တစ်ဂိုးစီသရေရလဒ်သာ ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ မိန့်ဇ်အသင်းဟာ အမှတ်ပေးပွဲအဝေးကွင်း ၁၀ ပွဲမှာ ခြောက်ပွဲသရေ၊ လေးပွဲရှုံးခဲ့ပြီး ခံစစ်ပိုင်းကပေးဂိုး ၁၇ ဂိုးထိရှိခဲ့သလို စတုဂတ်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံခဲ့တဲ့ နောက်ဆုံးခုနစ်ကြိမ်မှာလဲ ငါးပွဲရှုံး၊ နှစ်ပွဲသရေနဲ့ အရေးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် ကစားသမားစုဖွဲ့မှုနဲ့ တိုက်စစ်ပိုင်းထက်မြက်မှုမှာသာလွန်နေတဲ့ စတုဂတ်အသင်းကို အသင်းလိုက်ကစားပုံကျဆင်းနေတဲ့ မိန့်ဇ်အသင်းပွဲချိန်ပြည့်ထိန်းချုပ်ကစားဖို့ မဖြစ်နိုင်တာကြောင့် စတုဂတ်အသင်းပဲ ရလဒ်ကောင်းမှာပါ။

**စတုဂတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂလာဘတ် | ၃ | - | ၁ | စတုဂတ် |
| ဘိုချမ် | ၁ | - | ၀ | စတုဂတ် |
| စတုဂတ် | ၅ | - | ၂ | လိုက်ပ်ဇစ် |
| ဖရိုင်းဘတ် | ၁ | - | ၃ | စတုဂတ် |
| လေဗာကူဆင် | ၃ | - | ၂ | စတုဂတ် |

**မိန့်ဇ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မိန့် | ၂ | - | ၁ | ဗီရင်နီ |
| မိန့်ဇ် | ၁ | - | ၁ | ဝုဖ်ဘတ် |
| ဖရန့်ဖတ် | ၁ | - | ၀ | မိန့်ဇ် |
| မိန့်ဇ် | ၀ | - | ၁ | ဝါဒါဘရီမင် |
| မိန့်ဇ် | ၁ | - | ၁ | ယူနီယံဘာလင် |

**မာယောဲ့ကာအသင်းနဲ့ လက်တွဲရမှာပါ**

လာလီဂါပွဲစဉ် (၂၄) မှာကစားမဲ့ ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ မာယောဲ့ကာနဲ့ ဗယ်လ်ကာနိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ မာယောဲ့ကာအသင်းဟာ အမှတ်ပေးပွဲ ၂၃ ပွဲကစားအပြီး ရမှတ် ၂၀ သာရခဲ့တာဖြစ်လို့ အဆင့်(၁၇) မှာရောက်ရှိနေပြီး တန်းဆင်းဇုန်နဲ့ ရမှတ်သုံးမှတ်သာ ကွာဟနေတာကို တွေ့ရမှာပါ။ ဒါကြောင့် တန်းမဆင်းရဖို့ နောက်ပိုင်းပွဲတွေမှာ ကြိုးစားနေပေမဲ့ ဘက်တစ်၊ ဘီလ်ဘာအို၊ ဗီလာရီးရဲလ်တို့လို ကစားအားကောင်းတဲ့အသင်းတွေနဲ့ ကစားခဲ့ရလို့ ရမှတ်ဆုံးရှုံးခဲ့ပြီး တန်းဆင်းဇုန်ထဲက မလွတ်နိုင်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ခြေရည်တူအသင်း ဗယ်လ်ကာနိုနဲ့တွေ့ဆုံနေတာကြောင့် အနိုင်ရဖို့ပြင်ဆင်လာမှာဖြစ်ပြီး တန်းဆင်းဇုန်ကလွတ်ဖို့ ကြိုးပမ်းမှာသေချာပါတယ်။ မာယောဲ့ကာဟာ အိမ်ကွင်း ၁၁ ပွဲမှာ ဗီလာရီးရဲလ်နဲ့ ဘက်တစ်ကိုသာ ရှုံးခဲ့ပြီး ကျန်ပွဲတွေမှာ အနည်းဆုံးသရေရလဒ်ရရှိခဲ့တာဖြစ်လို့ အိမ်ကွင်းကောင်းတဲ့အသင်းတွေထဲမှာ ပါဝင်နေတယ်လို့ဆိုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ဖလားပွဲမှာလဲ ကစားကွက်နဲ့စုဖွဲ့မှုသာလွန်တဲ့ ဆိုစီဒက်ကို သရေကစားနိုင်တဲ့ခြေစွမ်းက အားရစရာဖြစ်နေပြီး အခုပွဲစဉ်မှာလဲ ဗယ်လ်ကာနိုနဲ့ပွဲစဉ်က ခြေစွမ်းအတိုင်းကစားနိုင်မယ်ဆိုရင်တော့ နိုင်ပွဲရမှာ သေချာပါတယ်။

ဗယ်လ်ကာနိုအသင်းဟာ ရာသီအစမှာ ခြေစွမ်းပိုင်းထက်မြက်ခဲ့ပေမဲ့ နောက်ပိုင်းမှာတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတော့တာကြောင့် ရမှတ် ၂၄ မှတ်နဲ့ အဆင့်(၁၃) မှာ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ ခြေစွမ်းပိုင်းထက်မြက်တဲ့အသင်းတွေနဲ့ ဆက်တိုက်ကစားခဲ့ရတာကြောင့် နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာသရေရခဲ့ပြီး ကျန်အသင်းတွေကိုရှုံးခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ လက်ရှိ အမှတ်ပေးပွဲ ၁၂ ပွဲမှာတော့ လေးပွဲနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ရလဒ်ပိုင်းတည်ငြိမ်မှုမရှိသေးတာကို တွေ့ရမှာပါ။ အသင်းတိုက်စစ်ကို ဂါစီယာက ဦးဆောင်နေပေမဲ့ သွင်းဂိုးငါးဂိုးသာသွင်းယူနိုင်ခဲ့တဲ့ အခြေအနေက အားရစရာမရှိပါဘူး။ ဒါကြောင့် အိမ်ကွင်းမာကျောတဲ့ မာယောဲ့ကာနဲ့တွေ့ချိန်မှာ တိုက်စစ်ကစားအားကျဆင်းနေတဲ့ ဗယ်လ်ကာနိုအနိုင်ရဖို့ ခက်နိုင်ပြီး တိုက်စစ်မှူး မူရိကွီနဲ့ လာရင်တို့ကို မထိန်းချုပ်နိုင်ရင်တော့ ဂိုးပြတ်ရှုံးပွဲကြုံသွားနိုင်တာကြောင့် တန်းဆင်းဇုန်ကရုန်းထွက်ရမဲ့ အိမ်ရှင်မာယောဲ့ကာအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**မာယောဲ့ကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗီလာရီးရဲလ် | ၁ | - | ၁ | မာယောဲ့ကာ |
| မာယောဲ့ကာ | ၃ | - | ၂ | ဂျီရိုနာ |
| မာယောဲ့ကာ | ၀ | - | ၁ | ဘက်တစ် |
| ဘီလ်ဘာအို | ၄ | - | ၀ | မာယောဲ့ကာ |
| မာယောဲ့ကာ | ၀ | - | ၁ | ဆိုစီဒက် |

**ဗယ်လ်ကာနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီရိုနာ | ၃ | - | ၁ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၀ | - | ၂ | လက်ပါးမက် |
| ဆိုစီဒက် | ၀ | - | ၀ | ဗယ်လ်ကာနို |
| အေတီကို | ၂ | - | ၁ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၁ | - | ၂ | ဆီဗီလာ |

## ကောဇာဂြိုဟ်စီးဂြိုဟ်မြင် သုတေသနကျမ်း



ဒေါက်တာကိုလ်လေးဆွေသားသည့် ကောဇာဂြိုဟ်စီးဂြိုဟ်မြင် သုတေသနကျမ်းကို မြဝတီစာပေတိုက်က ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

မြန်မာဗေဒင်ပညာလောကတွင် ဗေဒင်ဆရာများ၏ သည်းခြေကြိုက်နည်းစနစ်တစ်ခုမှာ ကောဇာဂြိုဟ်စီးဂြိုဟ်မြင်နည်းစနစ်ဖြစ်ပါသည်။ ယင်းနည်းစနစ်အား ဗေဒင်ဆရာတိုင်းလိုလို ကြိုက်နှစ်သက်ကြသော်လည်း ယနေ့အထိ စနစ်တကျစီစဉ်သုတေသနပြုလုပ်ကာ ပြုစုထားသော စာအုပ်ကောင်းတစ်အုပ်မှမရှိခဲ့ပေ၊ တစ်ပိုင်းတစ်စပါရှိမှုတစ်ပါး ပြည့်စုံသောကျမ်းများ ပေါ်ထွက်မလာခဲ့ခြင်းကား ဗေဒင်ပညာရပ်အတွက် လိုအပ်သောကွက်လပ်ကြီးပင်ဖြစ်ပါသည်။

ယင်းလိုအပ်နေသောကွက်လပ်ကြီးအား ဆရာကြီးဒေါက်တာကိုလ်လေးက အနှစ်နှစ်အလလ လက်တွေ့လေ့လာသုတေသနပြုပြီး ဤစာအုပ်ကို ပြုစုခဲ့ပါသည်။ ဤစာအုပ်ကိုဖတ်လျှင် ကောဇာဂြိုဟ်စီးဂြိုဟ်မြင်နည်းစနစ်ကို လက်တွေ့နားလည်သွားမည့်အပြင် လက်တွေ့ဇာတာပေါင်း နှစ်ရာခုနစ်ဆယ်ကျော်ကိုလည်း လေ့လာပြီးသားဖြစ်ပေမည်။

ထို့ပြင် ကုန်းဘောင်မင်းဆက် ၁၁ ပါးလုံး၏ဇာတာများကို ကွန်ပျူတာနှင့်တွက်ချက်ပြီး ဖြေဆွေးဇာတာဖွဲ့ပေးထားခြင်းကား ဤစာအုပ်၏ အဖိုးမဖြတ်နိုင်သော ရတနာတစ်ပါးပင်ဖြစ်ပါသည်။

ဤစာအုပ်ကို စာကောင်းပေမွန်များ စဉ်ဆက်မပြတ်ထုတ်ဝေလျက်ရှိသည့် မြဝတီစာပေတိုက်က ၂၀၂၄ ခုနှစ် မတ်လတွင် ရိုက်နှိပ်ထုတ်ဝေသွားမည်ဖြစ်ပြီး တန်ဖိုးမှာ ၃၅၀၀ ကျပ်ဖြစ်ပါသည်။

ကြိုတင်မှာယူလိုပါက မြဝတီစာပေတိုက်၊ မြန်မာ့ရိုးရာ ဖုန်း၊ ၀၉ ၃၂၄ ၉၈၇ ၂၄ သို့ မှာယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**ဗလငါးတန် ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ ဖတ်ကြစို့**




# တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၉၇၂၈ ဧက စိုက်ပျိုးပြီးစီး



**တမူး ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၉၇၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၇၀၆၅ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၉၇၂၈ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

“တားသုံးဆီဖူလုံဖို့နဲ့ ဆီထွက်သီးနှံတိုးတက်ဖို့ ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ တစ်ဧက အထွက်နှုန်းကောင်းမွန်ဖို့ တောင်သူတွေနဲ့ ပူးပေါင်း ဆောင်ရွက်နေပါတယ်။ တမူးခရိုင်မှာ ဆောင်းဆီထွက်သီးနှံစုံဧက ၁၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ပါတယ်”ဟု တမူးခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မြို့နယ်အလိုက် ဆီထွက်သီးနှံစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် မြေပဲ ၅၅၇ ဧက၊ နှမ်း ၁၆၈၂ ဧက၊ ဆီမုန်ညင်း ၃၄၀၅ ဧက၊ နေကြာ ဧက ၈၀၊ ပန်းနှမ်း ၁၀၂ ဧက၊ တမူးမြို့နယ်တွင် မြေပဲဧက ၁၀၁၀၊ နှမ်း ၃၅၅ ဧက၊ ဆီမုန်ညင်း ၅၄၉၅ ဧက၊ နေကြာ ၇၆၁ ဧက၊ ပန်းနှမ်း ၂၇၂ ဧကနှင့် ခါမ်းပါတ်မြို့တွင် မြေပဲ ၁၆၇၅ ဧက၊ နှမ်း ၃၈၅ ဧက၊ ဆီမုန်ညင်း ၁၅၁၂ ဧက၊ နေကြာ ၂၃၉၂ ဧက၊ ပန်းနှမ်း ၃၅ ဧက စုစုပေါင်း ၁၉၇၂၈ ဧကတို့ ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် မြေပဲဧက ၄၀၀၊ နှမ်း ၁၆၈၀ ဧက၊ ဆီမုန်ညင်းဧက ၃၀၀၀၊ နေကြာ ၇၅ ဧက၊ ပန်းနှမ်းဧက ၁၀၀၊ တမူးမြို့နယ်တွင် မြေပဲဧက ၇၀၀၊ နှမ်းဧက ၃၅၀၊ ဆီမုန်ညင်းဧက ၄၈၇၀၊ နေကြာ ၇၆၀ ဧက၊ ပန်းနှမ်း ၂၁၆ ဧကနှင့် ခါမ်းပါတ်မြို့တွင် မြေပဲဧက ၁၀၅၀၊ နှမ်းဧက ၃၈၀၊ ဆီမုန်ညင်းဧက ၁၀၅၀၊ နေကြာ ၂၄၀၇ ဧက၊ ပန်းနှမ်း ၂၅ ဧက စုစုပေါင်း ၁၇၀၆၅ ဧကတို့ ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် ဆီထွက်သီးနှံများစိုက်ပျိုးသည့် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မင်းလှမြို့နယ် လက်ပံခုံမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သွေးကျောက်ကျေးရွာအုပ်စု လက်ပံခုံမြောက်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ သတ်မှတ်စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ရာတွင် ရန်ပုံငွေ လေလွင့်မှုမရှိအောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လက်ပံခုံမြောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၃၁ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၂၄ ဒသမ ၉ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညီ

**စာအုပ်စာပေ လူ့မိတ်ဆွေ**







# Modern Lifestyle Design and Construction Company Limited (Lifestyle) နှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာချက်

Modern Lifestyle Design and Construction Company Limited (Lifestyle) ၏ ရှယ်ယာရှင် ဒါရိုက်တာ တစ်ဦးဖြစ်သူ ဒေါ်သန္တာဦး (ခ) နိုနို ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

Modern Lifestyle Design and Construction Company Limited (Lifestyle) ၏ ရှယ်ယာရှင် ဒါရိုက်တာများဖြစ်ကြသော ဒေါ်သန္တာဦး (ခ) နိုနို၊ ဦးကျော်ခိုင်စိုး နှင့် ဦးကောင်းသန့်ဇင် တို့သည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၃၀)ရက်နေ့နှင့် (၃၁)ရက်နေ့တို့တွင် နှုတ်ဖြင့် သဘောတူညီချက်အရ ဒေါ်သန္တာဦး (ခ) နိုနို၊ ဦးကျော်ခိုင်စိုး၊ ဦးကောင်းသန့်ဇင် နှင့် Modern Lifestyle Design and Construction Company Limited (Lifestyle)တို့ကြားတွင်ရှိသည့် ၂၀၂၃ ခုနှစ်ထဲမှ ရှင်းလင်းနေကြသည့် စာရင်းဇယားများအား ဆက်လက်ရှင်းလင်းရန် သော်လည်းကောင်း၊ Modern Lifestyle Design and Construction Company Limited (Lifestyle)ကို ၂၀၂၀ ခုနှစ်၊ မြန်မာနိုင်ငံ လူမွဲခံယူမှုဥပဒေအရ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်သော်လည်းကောင်း၊ ထိုသို့ စာရင်းဖျက်သိမ်းရန် ဆောင်ရွက်တော့မည့်အကြောင်းကို သတင်းစာကြေညာတွင် ကြိုတင်ကြေညာသွားရန်သော်လည်းကောင်း၊ Modern Lifestyle Design and Construction Company Limited (Lifestyle) ကို ဆက်လက်အသုံးမပြုတော့ရန်သော်လည်းကောင်း၊ (Lifestyle) ကုန်အမှတ်တံဆိပ်အားလည်း ဆက်လက်အသုံးမပြုတော့ရန်သော်လည်းကောင်း သဘောတူခဲ့ကြပါသည်။

ထိုနှုတ်ဖြင့် သဘောတူညီခဲ့ကြသည့် ကိစ္စရပ်များအား စာဖြင့်ရေးသားသည့် အထောက်အထားရှိစေရန်အလို့ငှာ ဆောင်ရွက်နေဆဲဖြစ်ပါသည်။ သို့ဖြစ်ပါ၍ Modern Lifestyle Design and Construction Company Limited (Lifestyle) ပတ်သက်ပြီး ဒေါ်သန္တာဦး (ခ) နိုနို မှ တိုက်ရိုက်ဦးဆောင်မှုဖြင့် ပါဝင်လုပ်ဆောင်ခဲ့သည့်ကိစ္စရပ်များမှလွဲ၍ Modern Lifestyle Design and Construction Company Limited (Lifestyle) နှင့် ဒေါ်သန္တာဦး (ခ) နိုနို တို့အကြားသော်လည်းကောင်း၊ Modern Lifestyle Design and Construction Company Limited (Lifestyle) နှင့် ရှယ်ယာရှင်ဒါရိုက်တာဖြစ်ကြသော ဦးကျော်ခိုင်စိုး၊ ဦးကောင်းသန့်ဇင်တို့နှင့်သော်လည်းကောင်း၊သက်ဆိုင်ခြင်းမရှိတော့သည့်အပြင် ရှယ်ယာရှင်ဒါရိုက်တာ ဦးကျော်ခိုင်စိုး၊ ဦးကောင်းသန့်ဇင်တို့နှင့် ဒေါ်သန္တာဦး (ခ) နိုနို တို့အကြား မည်သည့်တာဝန်ပတ်သက်မှုမျှမရှိတော့ကြောင်း ကြေညာအပ်ပါသည်။

၎င်းအပြင် ဤသတင်းစာတွင် ကြေညာပါသည့်နေ့မှစ၍ ဒေါ်သန္တာဦး (ခ) နိုနို သည် Modern Lifestyle Design and Construction Company Limited (Lifestyle)နှင့်ပတ်သက်သော ကုမ္ပဏီစာရင်းရှင်းလင်းခြင်းကိစ္စရပ်မှလွဲပြီး အခြားမည်သည့်ကိစ္စရပ်နှင့်မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း၊ မည်သည့်ကိစ္စမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း၊ အခြားပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စရပ်များပေါ်ပေါက်လာပါကလည်း ဒေါ်သန္တာဦး (ခ) နိုနိုအမည်ဖြင့် ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဒေါ်သန္တာဦး (ခ) နိုနို ၏အမည်ကိုသော်လည်းကောင်း၊ (Lifestyle) အမည်ကိုသော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ရှယ်ယာရှင်ဒါရိုက်တာများအနေဖြင့် သုံးစွဲခွင့် အပါအဝင် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးမင်းဆွေ** (စဉ်-၂၀၂၁)
**(B.A, R.L)**

**ဒေါ်နှင်းဝေဝေအောင်** (စဉ်-၁၀၉၃၈)
**(LL.B, D.B.L,D.M.L)(LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**ဒေါ်နီနီအောင်** (စဉ်-၃၈၀၂၃)
**(LL.B)**
**အထက်တန်းရှေ့နေ**

အမှတ်-၈၃၊ အခန်း-၁၄(အေ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၁၉၆၁၇၈၊ ၀၉- ၉၇၅၁၉၆၁၇၈

# စားသောက်ဆိုင်ဝန်ထမ်းအလိုရှိသည်

**၁။ ဝိတ်တာ (မ-၂ ဦး)**
**၂။ စားဖိုချောင်အကူ (ကျား-၂ ဦး)**
**၃။ ပန်းကန်ဆေး (ကျား/မ-၁ ဦး)**
**၄။ ကား/ဆိုင်ကယ် ပါကင်စောင့် (ကျား-၁ ဦး)**
**၅။ ဝန်ထမ်းများအတွက် မြန်မာထမင်းဟင်းချက်(မ-၁ဦး)**

အသက် (၁၈)နှစ်မှ (၃၂)နှစ်အတွင်း အိမ်ထောင်မရှိသူ၊ မှတ်ပုံတင်ရှိသူဖြစ်ရမည်။နေစားအငြိမ်းစီစဉ်ပေးသည်။ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်စုံစမ်းရန်- 09-777 961 955

33(A)လမ်း၊68 × 69ကြား၊ မန္တလေးမြို့။

# သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းနောက်ရပ်ကွက်နေ ဦးပြည်စိုး-ဒေါ်ခင်ဝင်းကြည် တို့၏သမီး မနှင်းနုနု (၉/ခအဇ(နိုင်)၀၂၁၇၀၉) သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

ဦးပြည်စိုး (၁၂/ဒဂန(နိုင်)၀၀၆၅၂၄)
ဒေါ်ခင်ဝင်းကြည် (၉/မရမ(နိုင်)၀၁၃၀၈၇)

# ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နယ်၊ မကျီးကုန်းကျေးရွာနေ မောင်ကျော်ဇင်သက် (ဘ) ဦးမြင့်ဦး (၉/နထက(နိုင်)၁၇၀၅၂၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-725214) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၈၈၀၁၄၇၄၆**

## သင့်သွေးဖြင့် အသက်ကယ်ပါ

❖ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်. . .

❖ ထို့ကြောင့် ကျေးလက်နေပြည်သူများ၊ တိုင်းရင်းသားပြည်သူများ၏ ပညာရည်မြင့်မားရေးကို ဦးစားပေးအားပေး ဆောင်ရွက်သွားရမည်ဖြစ်. . .

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# အကြိမ်(၂၀)မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၉**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အကြိမ်(၂၀)မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ပြိုင်ပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရတနာပုံဥယျာဉ်အတွင်း ၁၂ လမ်းနှင့် လမ်း ၈၀ ထောင့်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ မန္တလေးတပ်နယ်မှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှကောင်စစ်ဝန်ချုပ် Mr Chen Chen၊ တိုင်းဒေသကြီး၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

**ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပတ်ရထားစီးနင်းသည့်ခရီးသည် တစ်ရက်လျှင် ဦးရေ ၇၀၀၀ ခန့်ထိရှိလာ** စာမျက်နှာ − ၅

**ကျောက်ဖြူနှင့်ထားဝယ် အထူးစီးပွားရေးဇုန်စီမံကိန်းနှစ်ခုလုံးတွင် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေမည့်စက်မှုလုပ်ငန်းများကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်** စာမျက်နှာ − ၁၆

**ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်နယ်အကျိုးပြည်ထောင်စုအကျိုးကို ရှေးရှု၍ အစွမ်းကုန်ကြိုးစားဆောင်ရွက်** စာမျက်နှာ − ၁၇

**ငမိုးရိပ်တံတား(သုဝဏ္ဏ)ကြံ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ယာဉ်ကြော(၁)လမ်းပိတ်၍ ဆောင်ရွက်သွားမည်** စာမျက်နှာ − ၂၀